## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၍၊ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသော ဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

**ဓမ္မပဒ**

# မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**မှန်ကန်ရွေးချယ် မဲပေးမယ်**
**စတင်ရွေ့လှမ်း အနာဂတ်လမ်း။**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၇၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး၊ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးတို့နှင့် ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကျိုင်းတုံမြို့၊ သီလဓမ္မကုန်းသာတောရ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒဝစီပိတ်ဆရာတော်၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး၊ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးတို့နှင့် ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**စာမျက်နှာ ၁၆ ကော်လံ ၄** ✭



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လောကသရဖူစေတီတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်)

# ပညာရေးနှင့်ကျန်းမာရေးကဏ္ဍအလေးထားမြှင့်တင်ရေး

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ပေးလျက်ရှိသည်။ လူတိုင်းသည် အသက်ရှင်သန်နေထိုင်စဉ်အတွင်း ပညာကိုတတ်မြောက်အောင် သင်ယူကြရမည်ဖြစ်သလို ကျန်းမာရေးကောင်းမွန်အောင် ဂရုတစိုက်နေထိုင်ကြရမည်ဖြစ်သည်။ ပညာရေးနှင့်ကျန်းမာရေးပြည့်ဝနေမှသာ နိုင်ငံတော်ကပေးအပ်လာမည့်တာဝန်မှန်သမျှကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်မြှင့်တင်ရေးနှင့်ပတ်သက်၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားလျက်ရှိသည့် ဆရာ၊ ဆရာမများ၏ပညာအရည်အချင်းများ ပိုမိုတိုးတက်မြင့်မားစေရေး သင်ကြားရေး ဆရာ၊ ဆရာမများအား ဘွဲ့လွန်ဘွဲ့များပေးအပ်နိုင်ရန်အတွက် ဆရာအတတ်သင်ကျောင်းများနှင့်ပညာရေးဒီဂရီကောလိပ်များအား တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီမံပေးတော့မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇန်နဝါရီလ ၁၄ ရက်တွင်ကျင်းပခဲ့သည့် ပညာရေးကဏ္ဍနှင့်ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ် **"အခြေခံပညာကျောင်းများတွင် တက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ မိဘပြည်သူများအနေဖြင့် ၎င်းတို့၏သားသမီးများအား ပုဂ္ဂလိကကျောင်းတွင်ထားနိုင်သည့်သူများမဟုတ်ဘဲ နိုင်ငံတော်မှဖွင့်လှစ်သည့်အခြေခံပညာကျောင်းများကို အဓိကအားကိုးရခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းမိသားစုများနှင့် သာမန်ဝင်ငွေရှိသူများ အများစုသည် အစိုးရကျောင်းများတွင် ၎င်းတို့၏သားသမီးများကို ပညာသင်ကြားစေကြကြောင်း၊ ထို့ကြောင့် အစိုးရကျောင်းများကို မဖြစ်မနေအဆင့်မြှင့်တင်ပေးသွားရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ စံချိန်မီသည့်ကျောင်းများဖြစ်စေရေးနှင့် အရည်အချင်းရှိသည့် ဆရာ၊ ဆရာမများဖြစ်စေရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း"**လမ်းညွှန်ပြောကြားခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် တိုးတက်လာသည့် သင်ကြားမှုစနစ်နှင့် ကျောင်းသား၊ ကျောင်းသူဦးရေများအရ စံကိုက်ညီမှုရှိသည့်အခြေခံပညာကျောင်းများအား သတ်မှတ်ထားသည့်သတ်မှတ်ချက်များနှင့်အညီ သပ်ရပ်စွာစနစ်တကျဖြစ်အောင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ဆရာ၊ ဆရာမများအား ရာထူးခန့်ထားရေးနှင့်ပတ်သက်၍ ပညာရေးကောလိပ်များမှ သင်တန်းဆင်း ဆရာ၊ ဆရာမများအား ဆွဲဆောင်မှုရှိသည့် Incentive များပေးရမည်ဖြစ်သည်။ ဆရာ၊ ဆရာမများ၏ ဘွဲ့အရည်အချင်းများအလိုက် ခံစားခွင့်များကိုလည်း နိုင်ငံတော်မှချီးမြှင့်ပေးထားပြီးဖြစ်သည်။ အလားတူ ဝန်ထမ်းများကိုလည်း ရရှိသည့်ဘွဲ့များအလိုက် ခံစားခွင့်များပေးရမည်ဖြစ်သည်။ ဆရာ၊ ဆရာမများအား ထိုက်တန်သည့်အဆင့်များတိုးမြှင့်ပေးအပ်နိုင်ရေးအတွက်လည်း စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အထက်ပါအစည်းအဝေးတွင် ပြောကြားချက်များအရသိရသည်။

ကျန်းမာရေးဝန်ထမ်းများနှင့်ပတ်သက်၍ ကုသရေးပါရဂူများနှင့် ဆရာဝန်များ၊ သူနာပြုများ၊ သက်ဆိုင်ရာပညာရပ်များအလိုက် ကျွမ်းကျင်သူနာပြုများရှိသည်။ ကျန်းမာရေးကဏ္ဍမြှင့်တင်မှုကို အထောက်အကူပြုနိုင်ရန်အတွက် သူနာပြုကျောင်းများအား တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အဆင့်မြှင့်တင်ဖွင့်လှစ်သွားမည်ဖြစ်သည်။ ဆေးရုံများတွင် သူနာပြုများအား အဆင့်အလိုက် တာဝန်ပေးအပ်ထားပြီး ဆေးရုံများရှိ ခုတင်အရေအတွက် အနည်း၊ အများအလိုက် တာဝန်ပေးအပ်မှုများကွာခြားသွားသည်။ ထို့ကြောင့် ထမ်းဆောင်ရသည့်တာဝန်များအလိုက် Grade များခွဲ၍ Grade များအလိုက်ခံစားခွင့်များကို တိုးမြှင့်ပေးသွားရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူ့ကျန်းမာရေးကဏ္ဍမြှင့်တင်မှုအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍမြှင့်မားရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ၂၀၂၅ ခုနှစ် ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏာပူဇာသဘင်နှင့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အောင်မင်္ဂလာခန်းမ၌ ၂၀၂၅ ခုနှစ်ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏာပူဇာသဘင်နှင့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီလ ၁၇ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

ရေးဦးစွာ သာသနာ့ဝေပုလ္လကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်ဇေယျကသာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးရှစ်ပါး၏ ထေရုပ္ပတ္တိအကျဉ်းများကိုဖတ်ကြားခြင်း၊ တေးထပ်များဖြင့် ဂုဏ်ပြုသီဆိုပူဇော်ခြင်းတို့ ဆောင်ရွက်သည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်အဆောင်အယောင်များနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲတို့တွင် ဖြေဆိုအောင်မြင်ခဲ့ကြသော သံဃာတော်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရေလည်ကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ သိမ်တောင်နိကာယာဓိပတိ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တလာဘာဝတထံမှ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အောင်မင်္ဂလာခန်းမရှေ့၌သံဃာတော်များအား အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်းကြကြောင်းသိရသည်။

(၆၀၂)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၁-၂၀၂၆(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၈။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၂။ | ၀၇:၂၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၉။ | ၁၄:၀၀ | Myanmar Traditional Food |
| ၃။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် | ၁၀။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၄။ | ၀၉:၀၀ | Soft Skill | ၁၁။ | ၁၆:၀၀ | မျိုးချစ်တပ်မတော် |
| ၅။ | ၁၀:၀၀ | မွေးမြူသုတ | ၁၂။ | ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၆။ | ၁၁:၀၀ | သာယာသီကြွေးခေတ်ဆန်းတေး | ၁၃။ | ၁၈:၀၀ | **မြဝတီရုပ်မြင်သံကြားသတင်း** |
| ၇။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | ၁၄။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| | | | ၁၅။ | ၁၉:၀၀ | CGTN Nature အပိုင်း(၂၃) |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

○ ကျောဖုံးမှအဆက်

| | | | | |
|---|---|---|---|---|
| (၂) | ဒေါ်မိုးသီတာသိန်း | ၁/မကန(နိုင်)၀၁၈၁၇၅ | ဝိုင်းမော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**ကချင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )**

| | | | | |
|---|---|---|---|---|
| (၃) | ဦးချန်းဂျောင်ဆားရဲ | ၁/ပတအ(နိုင်)၀၁၆၇၇၇ | ဝိုင်းမော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးရဲရင့်ဆွေ | ၉/စကန(နိုင်)၀၆၃၀၁၅ | တနိုင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးခေါ်ဆာ | ၁/ဝမန(နိုင်)၀၀၄၃၈၃ | ပူတာအိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးကွမ်ငါးနော်အောင် | ၁/မခဘ(နိုင်)၀၀၁၃၆၁ | ချီဖွေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးနီးဆာ | ၁/မကန(နိုင်)၁၅၆၅၀၀ | ဆွမ်ပရာဘွမ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | လီဆူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ |
| (၈) | ဦးလဟန်ဇောင်းခေါင် | ၁/ဝမန(နိုင်)၀၀၁၉၅၉ | ဆော့လော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီ |
| (၉) | ဦးဂျေဇာဒီး | ၁/ခဘဒ(နိုင်)၀၀၄၆၇၆ | ခေါင်လန်ဖူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၁၀) | ဦးဆမ်ဘုံဆင် | ၁/ပတအ(နိုင်)၀၂၇၈၅၃ | နောင်မွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကချင်ပြည်နယ်ပြည်သူ့ ပါတီ |
| (၁၁) | ဦးငွါးခီဆာ | ၁/ပတအ(နိုင်)၀၄၂၂၃၆ | မချမ်းဘောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | မြန်မာနိုင်ငံတောင်သူ လယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ |

**ကယားပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၁၂) | ဦးစိုးရယ် | ၂/ဒမဆ(နိုင်)၀၁၃၉၃၁ | ဒီးမော့ဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးဂျိုးဇက်ကျော် | ၂/ဖရဆ(နိုင်)၀၀၁၁၅၃ | ဖရူဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**ကယားပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )**

| | | | | |
|---|---|---|---|---|
| (၁၄) | ဦးအုံ့မော် | ၇/ပမန(နိုင်)၁၁၅၇၈၂ | လွိုင်ကော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးပိုးရယ်အောင်သိန်း | ၂/လကန(နိုင်)၀၀၉၁၇၅ | ဒီးမော့ဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးရဲဝင်း | ၂/ရတန(နိုင်)၀၀၀၂၃၂ | ဖရူဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဒေါ်နှင်းနှင်းရီ | ၂/လကန(နိုင်)၀၆၆၂၆၁ | ဖားဆောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးဇော်မင်းဦး | ၂/လကန(နိုင်)၀၅၃၇၄၈ | မယ်စဲ့မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကယားပြည်နယ်ပြည်သူ့ ပါတီ |
| (၁၉) | ဦးစောဒီးဒီ | ၂/လကန(နိုင်)၀၀၉၉၁၅ | ဘောလခဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကယားပြည်နယ်ပြည်သူ့ ပါတီ |
| (၂၀) | ဦးစိုးညွန့် | ၂/ဘလခ(နိုင်)၀၀၀၄၁၉ | ရှားတောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |

**စစ်ကိုင်းတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၂၁) | ဦးထွန်းထွန်း | ၅/ကလဝ(နိုင်)၀၃၀၇၆၄ | ကလေးဝမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဦးဆန်းဝင်း | ၅/မကန(နိုင်)၀၀၄၉၈၃ | မင်းကင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးတင်မင်းထွဋ် | ၅/ဖပန(နိုင်)၀၄၃၉၃၀ | ဖောင်းပြင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးမြင့်တင် | ၅/ကလန(နိုင်)၀၄၀၄၄၈ | ကျွန်းလှမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**စစ်ကိုင်းတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )**

| | | | | |
|---|---|---|---|---|
| (၂၅) | ဦးလှထွန်း | ၅/လရန(နိုင်)၀၀၀၄၁၃ | နန်းယွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးထန်ငူ | ၅/လဟန(နိုင်)၀၁၉၆၆၆ | လဟယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဦးရှုမောင် | ၅/ခတန(နိုင်)၀၁၄၇၄၆ | လေရှီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | နာဂအမျိုးသားပါတီ |
| (၂၈) | ဦးမင်းဇော် | ၅/မလန(နိုင်)၀၀၀၀၃၃ | ကလေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဦးအောင်ဇော်ဝင်း | ၅/ဟမလ(နိုင်)၀၃၇၆၇၃ | ဟုမ္မလင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဦးတင်မောင်မြင့် | ၅/ကလဝ(နိုင်)၀၀၄၀၉၂ | ဖောင်းပြင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးမော်လိပ် | ၅/လဟန(နိုင်)၀၁၂၀၄၃ | တမူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | နာဂအမျိုးသားပါတီ |
| (၃၂) | ဦးအောင်နိုင်သူ | ၅/လရန(နိုင်)၀၀၄၈၄၃ | ခန္တီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | နာဂအမျိုးသားပါတီ |
| (၃၃) | ဦးမြင့်ကျော် | ၅/ကလဝ(နိုင်)၀၀၂၅၂၉ | မင်းကင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၄) | စိုင်းအောင်ခမ်း | ၅/ဟမလ(နိုင်)၀၄၀၈၀၀ | မော်လိုက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၅) | ဦးရဲနောင် | ၁/ကမန(နိုင်)၀၄၄၀၀၅ | ကလေးဝမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ် ရေးပါတီ |

**စစ်ကိုင်းတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၃ )**

| | | | | |
|---|---|---|---|---|
| (၃၆) | ဦးမျိုးသန့် | ၅/ကသန(နိုင်)၀၁၀၈၂၁ | ကန့်ဘလူမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးကျော်လွင်ဦး | ၅/အတန(နိုင်)၀၀၀၀၅၈ | ကသာမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၈) | ဦးကျော်သူ | ၅/ကသန(နိုင်)၀၀၂၇၁၅ | ကောလင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဒေါ်ခင်ဝင်းကြည် | ၅/ဗမန(နိုင်)၀၀၀၀၉၅ | ထီးချိုင့်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးကျော်စိုး | ၅/ကသန(နိုင်)၀၁၀၆၅၀ | ဗန်းမောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးမင်းအောင် | ၅/ထခန(နိုင်)၀၅၁၄၃၂ | ပင်လယ်ဘူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | ဦးသက်လွင် | ၅/ကသန(နိုင်)၀၅၇၅၃၆ | အင်းတော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၄၃) | ဒေါ်မာမာဝင်း | ၅/ကသန(နိုင်)၀၇၉၄၆၆ | ကျွန်းလှမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၄၄) | ဦးအောင်ဇော်မင်း | ၅/ကသန(နိုင်)၀၆၈၂၃၈ | ဝန်းသိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'မာမီကြီး စုကို စနိုးဝှိုက်အကြောင်း ပြောပြပါ'

ဦးစွာ မာမီကြီးကို ချဉ်းကပ်မိသည်။ မာမီကြီးက ခေါင်းယမ်းသည်။

'မအားပါဘူးကွယ် မြူတီပါလာ သွားရဦးမယ်၊ ဆံပင်အဖျားလေးတွေ နည်းနည်းဖြတ်ပြီး ကောက်မလို့'

ထို့ကြောင့် မာမီဆီကိုသွားသည်။ မာမီ အခန်းတံခါးပိတ်ထား၍ အသာခေါက်ရသည်။

'စုလား'

မာမီ၏အသံကိုကြားရသည်။

'တွန်းဝင်ခဲ့လေ'

မာမီသည် ကိုယ်လုံးပေါ်မှန်ရှေ့တွင် ရေကူးဝတ်စုံလေးဝတ်ကာ ရပ်ကြည့်နေသည်။ ရေကူးဝတ်စုံ နီနီရဲရဲလေးသည် ဝင်းဝါသောမာမီအသားနှင့် ဟပ်နေသည်။ ဝတ်စုံရင်ဘတ်က ဟိုက်သလိုမျိုးဖြစ်နေသည်ကို စုလှိုင်သတိထားမိသည်။ စုလှိုင်သည် ငယ်စဉ်က မာမီ၏ရင်နို့ကို မသောက်စို့ခဲ့ရပေ။ ရင်သားအလှပျက်မည်စိုးသော မာမီက နို့ဘူးကိုသာ တိုက်ခဲ့သည်။

'လှလား စု ကြည့်ကြည့်ဆီက မာမီ ဝယ်လိုက်တာ'

မာမီသည် မှန်ရှေ့တွင် ဟိုလှည့်ဒီလှည့်နှင့်ကြည့်နေသည်။ စုလှိုင်သည် မှန်တင်ခုံကိုမှီရပ်ရင်း မာမီကိုငေးကြည့်နေမိသည်။ မာမီရင်ဘတ်တွင်ဆွဲထားသော ဆွဲကြိုးလေးမှ စိန်ဒေါ်လာသည် တလျှပ်လျှပ် လက်လျက်ရှိသည်။

'အဲဒီအင်္ကျီက ဘာလုပ်ဖို့လဲဟင်'

'ရေကူးဖို့ပေ့ါ'

မာမီသည် မှန်ရှေ့မှခွာကာ အဝတ်ဗီရိုဆီသို့လျှောက်သွားသည်။ သေးကျင်သော ခါးအောက်မှ တင်သားများကို မှန်ထဲမှ တစ်ဆင့် တွေ့ရသည်။

'မာမီ စုကိုပုံပြင်ပြောပြပါလား' 'ဘာရယ်' 'ရော်ဘင်ဟုအကြောင်း၊ စနိုးဝှိုက်အကြောင်း'

စုလှိုင်သည် ဖရက်ဒီဆီမှကြားခဲ့ရသော အမည်များကို ရေရွတ်လိုက်သည်။ မာမီ မျက်နှာကို မျှော်လင့်တကြီး လိုက်ကြည့်မိသည်။

'အောင်မာ တယ်လှပါလားကွ'

ထိုစဉ်တွင် ဒက်ဒီသည် အခန်းထဲသို့ ပြောပြောဆိုဆိုဝင်လာသည်။ ရေကူးဝတ်စုံလေးဝတ်ထားသောမာမီကို ခြေဆုံးခေါင်းဆုံးကြည့်၍ မချိုမချဉ်ပြုံးလိုက်သည်။

'ကြည်ကြည့်ဆီက ဝယ်လိုက်တာ'

ဒက်ဒီသည် လက်ထဲမှဖိုင်တွဲများကို စားပွဲပေါ်တင်လိုက်ပြီး မာမီဆီသို့လျှောက်လာသည်။

'ဘာလုပ်ဖို့ ဝယ်လိုက်တာလဲ' 'ရေကူးမလို့လေ' 'ဘယ်မှာကူးမလို့လဲ' 'အိုးရီးယင့်' 'ဘယ်ဖြစ်မလဲ၊ မင်းဒီအဝတ်အစားနဲ့ ရေကူးချင်ရင် ရေချိုးခန်းထဲက ရေကန်ကိုပဲ ရေအပြည့်ဖြည့်ပြီးဆင်းကူး' 'အို ဘာဖြစ်လို့'

'ဒီလိုမလုံ့တလုံနဲ့ ယောကျ်ားတွေကြားထဲသွားပြီး ဟန်ရေးပြချင်လို့လားကွ၊ ငါခွင့်မပေးဘူး' 'အောင်မာ' 'မာမီသည် မျက်နှာလေးနီရဲသွားပြီး ဒက်ဒီကို မျက်စောင်းနှင့်ကြည့်လိုက်သည်။ ဒက်ဒီက မထိတထိလေးရယ်လိုက်လေသည်။

'သိပ်ဝတ်ချင်ရင်တော့ ဒီလိုပဲ အိပ်ခန်းထဲမှာပဲ ဝတ်ပေ့ါ၊ မဆိုးပါဘူး သိပ်လှတာပဲ'

ငြိမ်သက်စွာရပ်နေသော စုလှိုင်သည် အရောင်တောက်နေသော ဒက်ဒီ၏မျက်လုံးများကိုကြည့်ရင်း သက်ပြင်းလေးချလိုက်မိသည်။ ထိုအခါမှ ဒက်ဒီသည် သူ့ကိုတွေ့သွားဟန်ရှိလေသည်။

'ဟာ စုပါလား၊ မာမီသိပ်လှလို့လာကြည့်နေတာလား'

စုက ခေါင်းကို ခါယမ်းပြလိုက်သည်။ ဖရက်ဒီ၏ဖခင်လို ချိုသာသောအပြုံးကို ပြုံးလိုက်လေမလားဟု ဒက်ဒီ၏မျက်နှာကို မျှော်လင့်တကြီး မော်ကြည့်မိသည်။ ထို့နောက် ညည်းတွားသလို မဆီမဆိုင်လေး ပြောလိုက်မိသည်။

ဝတ်ထားသောတိုက်ပုံအင်္ကျီကိုချွတ်ကာ မှုန်ကုပ်ကုပ်နှင့်ရပ်နေသော မာမီဆီသို့ ပစ်ပေးလိုက်သည်။

'ဖရက်ဒီရဲ့ဒက်ဒီကတော့ ပြောပြတယ်'

စုလှိုင်က မျက်ရည်လေးဝဲလာရင်း ဝမ်းနည်းသံလေးနှင့်ပြောမိသည်။ ဒက်ဒီက အရေးမစိုက်ပေ၊ အိပ်ရာပေါ်တွင် အိခနဲ လှဲချလိုက်ရင်း နောက်ဖေးက တစ်ယောက်ယောက်ကို သံပရာရည်လာပို့ခိုင်းစမ်းစု' ဟုခိုင်းသည်။ ထို့နောက် မာမီကို 'မလဲပါ

**"စုလှိုင်သည် မှန်ထဲတွင်ထင်ဟပ်နေသော သူ့အရိပ်ကို တွေတွေလေးကြည့်လိုက်မိသည်။ ဂါဝန်ပြာလေးဝတ်ထားသော စိတ်ပျက်ဝမ်းနည်းနေသည့် ကလေးမလေးသည် မှန်ထဲမှနေပြီး သူ့ကိုညှိုးငယ်စွာပြန်ကြည့်နေလေသည်။ ဖရက်ဒီဟူသောကောင်လေးနှင့် နောက်တစ်ခါတွေ့ပါက 'စုဒက်ဒီလည်း ပုံပြင်ပြောတတ်တယ်'ဟု မျက်နှာလေးမော့ကာ ပြောနိုင်တော့မည်မဟုတ်သည့်အကြောင်း တွေးနေမိရင်း မျက်ရည်ဝဲလာသည်။**

**ရင်ထဲတွင်စုခဲနေသော မခံချင်စိတ်များသည် ကောင်းကင်သို့ အငွေ့ပြန်တက်သွားသလို စုလှိုင်၏ရင်ထဲတွင် ဟာသွားလေသည်. . ."**

'ဖရက်ဒီက ပုံပြင်တွေအများကြီးသိတယ်' 'ဒီတော့'စုက ဘာမှလည်းမသိဘူး၊ စုကို ရော်ဘင်ဟုအကြောင်း ပြောပြပါလား ဒက်ဒီ' 'ဘာပြောတယ်' 'ရော်ဘင်ဟုအကြောင်း၊ စနိုးဝှိုက်အကြောင်း'

'ဟား ဟား သဲလ်မာ မင်းသမီးဘာဖြစ်လာတာလဲ၊ ရော်ဘင်ဟုဆိုတာ လူလား၊ ခွေးလား ငါတောင်မသိဘူး'

ဒက်ဒီက တဟားဟားရယ်ရင်း စုလှိုင်၏ခေါင်းကိုပုတ်လိုက်သည်။ ထို့နောက် နဲ့ဦးကွ ဒီအတိုင်းလှပါတယ်' ဟု လှမ်းပြောလေသည်။

စုလှိုင်သည် မှန်ထဲတွင်ထင်ဟပ်နေသော သူ့အရိပ်ကို တွေတွေလေးကြည့်လိုက်မိသည်။ ဂါဝန်ပြာလေးဝတ်ထားသော စိတ်ပျက်ဝမ်းနည်းနေသည့် ကလေးမလေးသည် မှန်ထဲမှနေပြီး သူ့ကိုညှိုးငယ်စွာ ပြန်ကြည့်နေလေသည်။ ဖရက်ဒီဟူသောကောင်လေးနှင့် နောက်တစ်ခါတွေ့ပါက 'စုဒက်ဒီလည်း ပုံပြင်ပြောတတ်တယ်'ဟု မျက်နှာလေးမော့ကာ ပြောနိုင်တော့မည်မဟုတ်သည့်အကြောင်း တွေးနေမိရင်း မျက်ရည်ဝဲလာသည်။

ရင်ထဲတွင်စုခဲနေသော မခံချင်စိတ်များသည် ကောင်းကင်သို့အငွေ့ပြန်တက်သွားသလို စုလှိုင်၏ရင်ထဲတွင် ဟာသွားလေသည်။

ရန်ဖြစ်ရန်အရှိန်ယူနေကြသော မိဘနှစ်ပါးကိုကြည့်ရင်း မျှော်လင့်ချက်တောင်ကြီးကွဲအက်ကာ ပြိုသွားသည်။

စုလှိုင်သည် ထိုနေ့ကစ၍ မျက်ရည်မကျဘဲ ငိုတတ်ခဲ့သည်။ အသံမထွက်ဘဲ ရှိုက်တတ်ခဲ့သည်။

■ ■ ■ ■ ■

'ဟေ့ မိသက်'

သက်သက်၏ပခုံးကို တစ်စုံတစ်ဦးက ဖြန်းခနဲရိုက်လိုက်ကာ တရင်းတနှီးခေါ်လိုက်သည်၊ လှည့်ကြည့်စရာပင်မလို၊ ထိုအသံကို သက်သက်မှတ်မိသည်။

'ဟယ် အမာညို'

အမာညိုသည် အသားအနည်းငယ်ညိုပြီး အတန်ငယ်ပိန်သွားဟန်ရှိသည်။ သို့သော် ရင်းနှီးပွင့်လင်းသောအပြုံးလေးကမူ မပြောင်းလဲချေ။ ခေါင်းဆောင်းဖြူဖြူ အင်္ကျီဖြူဖြူနှင့် သန့်ရှင်းသပ်ရပ်သော သက်သက်ကို ကျေနပ်အားရစွာ ကြည့်နေလေသည်။ သက်သက်သည် ပြဒါးတိုင်နှင့်တကွ ဆေးအစုံထည့်ထားသော လက်တွန်းလှည်းလေးကို လမ်းဘေးသို့ကပ်ကာ တွန်းလိုက်ပြီးမှ အမာညို၏လက်များကို ဆုပ်ကိုင်လိုက်သည်။

'အမာညိုရယ် မတွေ့ရတာကြာလှပြီ ငါ့ဆီဘာလို့လာမလည်တာလဲ' 'ဒီလိုပဲဟ နင်ကရော အိမ်ပြန်တဲ့အခိုက်ကလေးများ ငါ့ဆီလာလည်လို့လား'

အမာညို၏ဘေးတွင် ကျောင်းသူသုံးယောက်ပါသေးသည်။ မိမိလေးကိုတော့ သက်သက်မှတ်မိသည်။ ကျန်နှစ်ဦးကိုတော့ မသိချေ။ သူတို့ စုပြုံရပ်နေသဖြင့် လမ်းကျဉ်းလေးသည် ပိတ်နေသလိုဖြစ်နေသည်။ **ဆက်လက်ဖော်ပြပါမည်။**

## တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်အလိုက် အလုပ်ရုံဆွေးနွေး

ညောင်ရွှေ ဇန်နဝါရီ ၁၈

၂၀၂၆ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်မြင့်မားရေးအတွက်တောင်ကြီးတက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခဆရာ/ဆရာမများနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၇ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက အမှာစကားပြောကြားပြီး တောင်ကြီးတက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ ဒေါက်တာနီလာက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်ကြီးတက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများက သက်ဆိုင်ရာဘာသာရပ်အလိုက် မေးခွန်းပုံစံများ၊ အမှတ်ပေးစည်းမျဉ်းများနှင့် ဖြေဆိုရမည့်ပုံစံများကို အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ညောင်ရွှေမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြကြောင်းနှင့် ညောင်ရွှေမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းများတွင်လည်း အောင်ချက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသည့် ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် အားလပ်ချိန်တွင် အကျိုးရှိသည့်စာပေများလေ့လာဖတ်ရှုသော အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ်ကျင်းပသော ဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီလ ၁၇ ရက်က တာမွေမြို့နယ် အဝေရာလမ်းရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ တာမွေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က ဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ပြိုင်ပွဲနှင့်ပတ်သက်သည့် အမှတ်ပေးစည်းမျဉ်းများကို အသေးစိတ်ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က စာဖတ်ခြင်းဖြင့်ရရှိနိုင်သော အကျိုးကျေးဇူးများခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး ဉာဏစွမ်းရည်ပြိုင်ပွဲအဖြစ် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ တာမွေမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိကြသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ထူးချွန်ဆုရရှိကြသူများကိုယ်စား ဆုရကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို တက်ရောက်လာကြသူများက ဖတ်ရှုလေ့လာကြောင်း သိရသည်။ **ထက်တံခွန်(ပြန်/ဆက်)**

# (၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့်ဆက်စပ်အစည်းအဝေးများ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၈

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ဇန်နဝါရီလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ်အစည်းအဝေးများ (6th ASEAN Digital Ministers' Meeting – 6th ADGMIN and Related Meetings with Dialogue Partners) သို့တက်ရောက်ခဲ့ပြီး ယမန်နေ့တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိသည်။



(၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို အာဆီယံဒေသတွင်း ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားကို Melia Hanoi Hotel ၌ ဇန်နဝါရီလ ၁၅ ရက် နံနက်ပိုင်းတွင်ကျင်းပရာ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Pham Minh Chinh က တက်ရောက်အဖွင့်အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးသည်။

(၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအစည်းအဝေးကို "Adaptive ASEAN– From Connectivity to Connected Intelligence" ခေါင်းစဉ်ဖြင့် ပြုလုပ်ရာ ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး H.E. Nguyen Manh Hung က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အစည်းအဝေးတွင် အာဆီယံဒေသအတွင်း ဒစ်ဂျစ်တယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဘေးကင်းလုံခြုံမှု၊ ကျင့်ဝတ်ရှိမှုနှင့် အားလုံးပါဝင်သော AI အသုံးပြုမှုကို မြှင့်တင်၍ သမားရိုးကျဆက်သွယ်ပေါင်းစည်းမှုကဏ္ဍများတွင် ဉာဏ်ရည်တုစနစ်များကိုအခြေခံ၍ဖော်ဆောင်ရန် ပူးပေါင်းဆောင်ရွက်မှုများနှင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အစည်းအဝေး၏ခေါင်းစဉ်သည် ASEAN ၏ ဆက်သွယ်မှုကွန်ရက်များကို ဉာဏ်ရည်တုစနစ်များဖြင့် အားဖြည့်ထားပြီး ယုံကြည်စိတ်ချမှုအပြည့်ရှိကာ ပြည်သူပြည်သားများ၏အကျိုးစီးပွားကို ကာကွယ်ပေးနိုင်သည့် ဆက်သွယ်ပေါင်းစည်းမှုပုံစံတစ်ခုအသွင်သို့ ပြောင်းလဲတက်လှမ်းတည်ဆောက်ရန်ဟူသည့် ASEAN ၏ ရည်ရွယ်ချက်နှင့် ကိုက်ညီသည့်အတွက် ထောက်ခံပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းပြီး AI ကို ဘေးကင်းလုံခြုံ၍ ကျင့်ဝတ်ရှိသည့်ပုံစံဖြင့် အသုံးပြုနိုင်ရေးအတွက် ခိုင်မာပြီးသင့်တော်သည့် စီမံအုပ်ချုပ်မှုစနစ်ရှိရန် ဆောင်ရွက်နေခြင်း၊ လုံခြုံမှုရှိသည့် ဒစ်ဂျစ်တယ်အခြေခံအဆောက်အဦများ တည်ဆောက်ခြင်း၊ ယုံကြည်စိတ်ချရသော နယ်စပ်ဖြတ်ကျော်ဒေတာစီးဆင်းမှု (trusted cross-border data flow)ကို အားပေးခြင်းနှင့် ပြည်သူ့ဗဟိုပြု digital government စနစ်ဖြစ်ထွန်းစေရေး ဆောင်ရွက်ခြင်းတို့ကို ထောက်ခံပါကြောင်း၊ ASEAN ဒေသတွင်း AI အုပ်ချုပ်မှုကို ပူးပေါင်းဖော်ဆောင်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ဒစ်ဂျစ်တယ်နည်းပညာတိုးတက်မှုကွာဟသည့်အခြေအနေကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံအလိုက် လွတ်လပ်စွာအကောင်အထည်ဖော်နိုင်စေရေးထည့်သွင်းစဉ်းစားရန်အရေးကြီးကြောင်း၊ ASEAN Digital Masterplan 2030 ပါ အာဆီယံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး ရည်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အဓိကအားဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးတွင် ၂၀၂၅ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် စီမံကိန်းများပြန်လည်သုံးသပ်ခြင်း၊ ၂၀၂၆ ခုနှစ်တွင်ဆောင်ရွက်မည့် စီမံကိန်းများအတည်ပြုခြင်း၊ စီမံကိန်းများအတွက် ဘဏ္ဍာငွေအတည်ပြုခြင်း၊ online scam တိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေးမြှင့်တင်ရေး၊ AI ဖွံ့ဖြိုးတိုးတက်မှုစနစ်တကျဖြစ်စေရေး စသည့်အကြောင်းအရာများတွင် ပူးပေါင်းဆောင်ရွက်မည့်နည်းလမ်းများကို ဆွေးနွေးအတည်ပြုကြသည်။

(၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအစည်းအဝေးကို ဇန်နဝါရီလ ၁၆ ရက် မွန်းလွဲပိုင်းတွင် အာဆီယံဒစ်ဂျစ်တယ်မဟာဗျူဟာ ၂၀၃၀ အတည်ပြုထုတ်ပြန်သည့်အခမ်းအနားအပြီးတွင် ပိတ်သိမ်းခဲ့သည်။ အစည်းအဝေးတွင် ဟနွိုင်းဒစ်ဂျစ်တယ်ကြေညာချက် (Hanoi Digital Declaration) ကို အတည်ပြုထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီလ ၁၅ ရက် ညပိုင်းတွင် Melia Hanoi Hotel တွင် ဗီယက်နမ်နိုင်ငံအစိုးရက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် ASEAN Digital Awards 2026 ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ ASEAN Digital Awards 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံ မန္တလေးမြို့ Tem Europa အဖွဲ့မှ Digital Startup ကဏ္ဍအောက်မှ Green Globe: Waste Management for a Better World! ခေါင်းစဉ်ဖြင့်ပါဝင်ယှဉ်ပြိုင်ခဲ့ရာ တတိယဆုရရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီလ ၁၄ ရက် ညနေပိုင်းတွင် 2026 China–ASEAN Digital Ecosystem Cooperation Networking Event သို့ တရုတ်နိုင်ငံ China Academy of Information and Communications Technology ဌာန၏ ဖိတ်ကြားမှုဖြင့် တက်ရောက်ပြီး Keynote speech ပြောကြားသည်။

ထိုသို့ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်စနစ်များသည် ပိုမိုယုံကြည်စိတ်ချရလာပြီး ပိုမို၍ ပြည်သူဗဟိုပြုဖြစ်လာပါကြောင်း၊ သို့သော် ဒစ်ဂျစ်တယ်အသွင်ပြောင်းလဲမှု ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ ချိတ်ဆက်မှု (Connectivity) တစ်ခုတည်းဖြင့် မလုံလောက်တော့ဘဲ နောက်တစ်ဆင့်မှာ intelligence၊ လိုက်လျောညီထွေဖြစ်အောင်လုပ်ဆောင်နိုင်မှု (adaptability) နှင့် ဆန်းသစ်တီထွင်မှု (innovation)တို့ လိုအပ်လာပါကြောင်း၊ နည်းပညာအသစ်များတိုးတက်ပေါ်ထွန်းလာတာနှင့်အတူ မိမိတို့လည်း တိုးတက်လာရန်လိုပါကြောင်း၊ စိန်ခေါ်မှုပိုမိုများလာခြင်းနှင့်အမျှ ပိုမိုစည်းလုံးစွာဖြင့် တုံ့ပြန်ကြရန်လိုလာပါကြောင်း၊ နည်းပညာပိုင်းမြှင့်တင်ရန်သာမက ဒေသတွင်းပြည်သူများအားလုံး၏အနာဂတ်အတွက် အခွင့်အလမ်းကောင်းများမြှင့်တင်ပေးနိုင်ရန်အတွက်ပါ ပူးပေါင်းဆောင်ရွက်ကြရန်ဆွေးနွေးသည်။

(၆)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်တို့မှ ဒစ်ဂျစ်တယ်ကဏ္ဍဆိုင်ရာဝန်ကြီးအဆင့်ရှိသူများ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# မွန်ပြည်နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကော်ဖီ ၁၀၆ ဧက တိုးချဲ့စိုက်ပျိုးရန်လျာထား

မော်လမြိုင် ဇန်နဝါရီ ၁၈

မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ မွန်ပြည်နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကော်ဖီ ၁၀၆ ဧက တိုးချဲ့စိုက်ပျိုးရန်လျာထားကြောင်း မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ကော်ဖီပင်များ တိုးချဲ့စိုက်ပျိုးနိုင်ရန် ယခုအခါ ကော်ဖီပျိုးပင်များကို ကြိုတင်ပျိုးထောင်ထားရှိပြီး အဆိုပါပျိုးပင်များကို တောင်သူများအား အခမဲ့ဖြန့်ဝေပေးကာ တိုးချဲ့စိုက်ပျိုးမည်ဖြစ်သည်။ ထို့ပြင် တောင်သူများအား ကော်ဖီပင်များအတွက် လိုအပ်သောဓာတ်မြေဩဇာနှင့်စိုက်ပျိုးရေးနည်းစနစ်များကို ပံ့ပိုးကူညီကာ ရောဂါပိုးမွှားများ ကာကွယ်နှိမ်နင်းနိုင်စေရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

"လက်ရှိ မွန်ပြည်နယ်မှာ ကော်ဖီစိုက်ဧကပေါင်း ၁၁၆ ဧက စိုက်ပျိုးထားရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှာ ကော်ဖီစိုက်ဧကပေါင်း ၁၀၆ ဧကလောက် တိုးချဲ့စိုက်ပျိုးဖို့ လျာထားဆောင်ရွက်နေပါတယ်။ လက်ရှိ ရော်ဘာပင်တွေကြားမှာ စိုက်ပျိုးထားတဲ့ ကော်ဖီစိုက်ခင်းတွေရှိပါတယ်။ အဲဒီကော်ဖီစိုက်ခင်းတွေမှာ တောင်သူတွေကို ကော်ဖီစိုက်နည်းစနစ် အသိပညာပေးဖြန့်ဝေတာတွေ စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှမိုးအောင်က ပြောသည်။

မွန်ပြည်နယ်၌ ရိုဘတ်စတာမြေနိမ့်ကော်ဖီပင်များကို နှစ်ရှည်သီးနှံပင်ဖြစ်သော ရော်ဘာပင်များကြား စိုက်ပျိုးထားပြီး ထိုသို့စိုက်ပျိုးခြင်းဖြင့် တောင်သူများအတွက် ဝင်ငွေတိုးတက်ရရှိစေရန်၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများပေါများလာစေရန်နှင့် လူနေမှုဘဝများ တိုးတက်မြင့်မားလာစေရန် ရည်မှန်းထားကြောင်း သိရသည်။



မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် တောင်သူများ စိုက်နည်းစနစ်မှန်ကန်စေရန်၊ မျိုးကောင်းမျိုးသန့်များ ရရှိစေရန်နှင့် ကော်ဖီပင်များကို လျာထားဧကပြည့်မီစေရန် လိုအပ်သည်များ ပံ့ပိုးကူညီမည်ဖြစ်ပြီး လာမည့်နှစ်များတွင်လည်း တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

မိုးယံထက်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ( အပိုင်း ၂ )

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | မချမ်းဘော | | | ၃၄၅၈ | ၄၄၇ | ၃၉၀၅ | |
| | | ဦးရားဝမ်ဂျူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၂၂ | ၃၇၅ | ၁၈၉၇ | ၄၈.၅၈% |
| | | ဦးဆန်နိုင်ဖေရမ် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၃၀၂ | ၄၃ | ၁၃၄၅ | ၃၄.၄၄% |
| | | ဦးငွါးအားဖူ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၈၃ | ၁၉ | ၅၀၂ | ၁၂.၈၆% |
| | | ဦးဂျေယိုမိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၁ | ၁၀ | ၁၆၁ | ၄.၁၂% |
| ၂ | ဝိုင်းမော် | | | ၁၉၃၁၈ | ၁၉၄၄ | ၂၁၂၆၂ | |
| | | ဒေါ်မိုးသီတာသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၀၆၈ | ၇၉၅ | ၆၈၆၃ | ၃၂.၂၈% |
| | | ဦးတိန့်ဆောင် | ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီ | ၄၂၈၉ | ၄၁၅ | ၄၇၀၄ | ၂၂.၁၂% |
| | | ဦးအားဆီဖီးထွေ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၈၁ | ၃၄၄ | ၃၂၂၅ | ၁၅.၁၇% |
| | | ဦးအိုင်ပလွတ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၉၉ | ၁၃၉ | ၁၉၃၈ | ၉.၁၁% |
| | | ဒေါ်မာရှန်(ခ)ဒေါ်ဂွန်ထန်ကော့ရှန် | တစ်သီးပုဂ္ဂလ | ၁၈၀၈ | ၁၁၉ | ၁၉၂၇ | ၉.၀၆% |
| | | ဦးမိတုံဂမ်အောင်(ခ)ဘရန်အောင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၂၅၂ | ၅၁ | ၁၃၀၃ | ၆.၁၃% |
| | | ဦးဘရန်ရှောင် | တစ်သီးပုဂ္ဂလ | ၆၆၂ | ၅၂ | ၇၁၄ | ၃.၃၆% |
| | | ဒေါ်အေးသဉ္ဇာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၉ | ၂၉ | ၅၈၈ | ၂.၇၇% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၆၇၁၆၃ / ၉ = ၇၄၆၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၆၇၁၆၃ | ၆ | | ၃ | ၉ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၃၇၆ | ၃ | ၅၉၉၀ | ၁ | ၄ | |
| | | ၂။ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၁၉၇ | ၁ | ၃၇၃၅ | - | ၁ | |
| | | ၃။ | ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီ | ၈၃၆၄ | ၁ | ၉၀၂ | - | ၁ | |
| | | ၄။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၅၀၇ | ၁ | ၄၅ | - | ၁ | |
| | | ၅။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၇၃၆၃ | - | ၇၃၆၃ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုး တိုးတက်ရေးပါတီ | ၄၃၅၆ | - | ၄၃၅၆ | ၁ | ၁ | |

ရှင်းလင်းချက် ။ ( ၁ ) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကချင်ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် တနိုင်း၊ ခေါင်လန်ဖူး၊ နောင်မွန်း၊ ပူတာအို မြို့နယ်မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မချမ်းဘော၊ ဝိုင်းမော်မြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲ အများ အနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ( အပိုင်း ၂ )

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကယားပြည်နယ် | | | | | | |
| ၁ | ဒီးမော့ဆို | | | ၉၂၆ | ၁၁၁၃ | ၂၀၃၉ | |
| | | ဦးစိုးရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၂၆ | ၇၉၄ | ၁၄၂၀ | ၆၉.၆၄% |
| | | ဒေါ်ခိုင်ရွှေဝင်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၇၂ | ၁၇၆ | ၃၄၈ | ၁၇.၀၇% |
| | | ဦးကျော်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၈ | ၁၄၃ | ၂၇၁ | ၁၃.၂၉% |
| ၂ | ဖရူဆို | | | ၂၉၅ | ၇၅၄ | ၁၀၄၉ | |
| | | ဦးဂျိုးဇက်ကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၅ | ၇၁၃ | ၉၆၈ | ၉၂.၂၈% |
| | | ဦးစောဟူးဟူး | ကယားပြည်နယ်ပြည်သူ့ပါတီ | ၄၀ | ၄၁ | ၈၁ | ၇.၇၂% |

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၂)

တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ် )၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ် (၁)

နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၆၈၇၉ / ၇ = ၅၂၆၈

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကယားပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၃၆၈၇၉ | ၆ | | ၁ | ၇ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၇၈၉ | ၃ | ၃၉၈၅ | ၁ | ၄ | |
| | | ၂။ | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၁၁၃၀ | ၂ | ၅၉၄ | - | ၂ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၆၀ | ၁ | ၆၉၂ | - | ၁ | |

ရှင်းလင်းချက် ။ ( ၁ ) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကယားပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ဘောလခဲ၊ လွိုင်ကော် မြို့နယ်မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဒီးမော့ဆို၊ ဖရူဆိုမြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ( အပိုင်း ၂ )

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၁ | ကလေးဝ | | | ၃၈၃၀ | ၆၀၇ | ၄၄၃၇ | |
| | | ဦးထွန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၇၁ | ၄၁၇ | ၂၄၈၈ | ၅၆.၀၇% |
| | | ဒေါ်သီသီထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၅၉ | ၁၉၀ | ၁၉၄၉ | ၄၃.၉၃% |
| ၂ | မင်းကင်း | | | ၆၄၃၂ | ၁၀၃၄ | ၇၄၆၆ | |
| | | ဦးဆန်းဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၇၃၈ | ၈၄၆ | ၅၅၈၄ | ၇၄.၇၉% |
| | | ဦးတင်ငွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၉၄ | ၁၈၈ | ၁၈၈၂ | ၂၅.၂၁% |
| ၃ | ဖောင်းပြင် | | | ၉၆၅၂ | ၁၆၁၅ | ၁၁၂၆၇ | |
| | | ဦးတင်မင်းထွဋ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၀၈ | ၁၄၀၂ | ၇၉၁၀ | ၇၀.၂၀% |
| | | ဦးတင့်ဆွေဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၅၄ | ၁၂၁ | ၂၄၇၅ | ၂၁.၉၇% |
| | | ဒေါ်မြမြနွယ် | ရှမ်းနီ (တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၇၉၀ | ၉၂ | ၈၈၂ | ၇.၈၃% |
| ၄ | ကျွန်းလှ | | | ၁၂၇၂၄ | ၁၁၉၅ | ၁၃၉၁၉ | |
| | | ဦးမြင့်တင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၉၄၅ | ၉၇၉ | ၈၉၂၄ | ၆၄.၁၁% |
| | | ဒေါ်စန်းစန်းမော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၇၇၉ | ၂၁၆ | ၄၉၉၅ | ၃၅.၈၉% |

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၂)

တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ် )၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၁)

နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၄၅၇၄၀ / ၁၁ = ၁၃၂၄၉

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၁၄၅၇၄၀ | ၉ | | ၂ | ၁၁ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၈၇၁၃ | ၅ | ၂၄၆၈ | - | ၅ | |
| | | ၂။ | နာဂအမျိုးသားပါတီ | ၃၃၂၅၀ | ၂ | ၆၇၅၂ | ၁ | ၃ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၅၃၆၃ | ၁ | ၁၂၁၁၄ | ၁ | ၂ | |
| | | ၄။ | ရှမ်းနီ (တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၁၈၄၁၄ | ၁ | ၅၁၆၅ | - | ၁ | |

ရှင်းလင်းချက် ။ ( ၁ ) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် လေရှီး၊ လဟယ်၊ နန်းယွန်း၊ ကလေး၊ ခန္တီး၊ ဟုမ္မလင်းမြို့နယ်မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက် (၁၇ /၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ကလေးဝ၊ မင်းကင်း၊ ဖောင်းပြင်မြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၃ မြို့နယ်ရှိ လူဦးရေအများအနည်းအရလည်းကောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များရရှိသည့် နိုင်လုံမဲအများအနည်းနှင့် ဒေသခံတိုင်းရင်းသားလူမျိုးအရလည်းကောင်း ကိုယ်စားပြုမြို့နယ်များ သတ်မှတ်ထားခြင်းဖြစ်ပါသည်။

## တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ် )၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၃)
## နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၅၂၃၂ / ၉ = ၅၀၂၅

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၄၅၂၃၂ | ၈ | | ၁ | ၉ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၅၄၄ | ၅ | ၄၄၁၉ | ၁ | ၆ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၆၈၈ | ၃ | ၆၁၃ | - | ၃ | |
| | | | | | | | | | |

ရှင်းလင်းချက် ။ ( ၁ ) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ကသာ၊ ကန့်ဘလူ မြို့နယ် မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ကျွန်းလှမြို့နယ်မဲဆန္ဒနယ် တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်း ရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများ အနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

➢ **ကျောဖုံးမှအဆက်**

ယင်းပြိုင်ပွဲတွင် သုံးချီတွဲဆိုင်းရှစ်ဆိုင်း ပါဝင်ထိုးသတ်ခဲ့ကြပြီး ရဲခေါင်(အဖြူရောင်သွေးသစ်)နှင့် ဝင်းထွဋ်သူရ(Eagle)တို့ပွဲတွင် ပထမအချီ၌ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးသတ်နိုင်ခဲ့သော်လည်း ဒုတိယအချီတွင် ရဲခေါင်က သူ၏ဖြောင့်လက်သီးဖြင့် ဝင်းထွဋ်သူရကို အနိုင်ရရှိသွားသည်။ ကောင်းဆက်မင်း (ရန်ကြီးအောင်)နှင့် အောင်အောင်(ဇာမဏီမောင်)တို့ပွဲတွင် ကောင်းဆက်မင်း၏ လက်သီးတွဲလုံးများ၊ ခြေကန်ချက်များထိမှန်ပြီး ဒုတိယအချီတွင် အောင်အောင် အရှုံးပေးလိုက်ရသည်။ စောကီးဒိုး(Nine)နှင့်အယ်ဂွန်ဂျာ(အဖြူရောင်သွေးသစ်)တို့ပွဲတွင် လူငယ်များပီပီ ယှဉ်ပြိုင်ထိုးရင်း ပထမအချီမှာပင် စောကီးဒိုးက ပင့်လက်သီးသုံးပြီး အနိုင်ယူသွားသည်။

ထို့အတူ တာတေ(တော်ဝင်ရှော)နှင့် မိုက်ခဲလေး(MK1)တို့ပွဲတွင် နှစ်ဦးလုံး သူတင်ကိုယ်တင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော်လည်း တတိယအချီတွင် တာတေ၏ လက်သီးထိမှန်ပြီး မိုက်ခဲလေးလဲကျကာ ပြန်မထနိုင်သည့်အတွက် တာတေအနိုင်ရရှိသွားသည်။ သက်ကို(တော်ဝင်ရှော)နှင့် တိုးလုံး(MK1)တို့ပွဲတွင် ဆိုင်ထိုးပြိုင်ထိုးကြရင်း ဒုတိယအချီတွင်တိုးလုံး၏လက်သီးထိမှန်ကာ သက်ကိုအနားတောင်းခဲ့ရသည်။ တတိယအချီထိ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သော်လည်း တိုးလုံး၏ လက်သီးထိုးချက်များကို သက်ကိုမခံနိုင်၍ တိုးလုံးက အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

နေလှိုင်း (အဖြူရောင်သွေးသစ်)နှင့် အဲရိုးဂျင်း(STL)တို့ပွဲတွင် ပထမအချီမှာပင် နေလှိုင်း၏ လက်သီးတွဲလုံးများထိမှန်ကာ အဲရိုးဂျင်း မျက်နှာအနာတရဖြစ်၍ အရှုံးပေးလိုက်ရသည်။ ဝင်းလှိုင်ထွန်း(Nine) နှင့် ဖွဲရန်နိုင်လင်း(တွံတေး)တို့ပွဲတွင် ဝင်းလှိုင်ထွန်းက ပြိုင်ဘက်ကိုလက်သီးတွဲလုံးများ တရစပ်သုံးကာ ဒုတိယအချီတွင်အနိုင်ယူသွားသည်။ ကောင်းထက်ဇော်(STL)နှင့် နော်အောင်(DOJO 9)တို့ပွဲတွင် သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သော်လည်း တတိယအချီတွင်ကောင်းထက်ဇော်က နော်အောင်ကိုအလဲထိုး၍ အနိုင်ယူသွားသည်။

ယနေ့ယှဉ်ပြိုင်ကြသည့် မျိုးဆက်သစ် လက်ဝှေ့ပြိုင်ပွဲအား ပရိသတ်အကြိုက်တွေ့ခဲ့ကြပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်အောင်လွင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းထွန်းနှင့် အမှုဆောင်များ ကြည့်ရှုအားပေးခဲ့ကြကာ ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**

❑ **မြန်မာနေရှင်နယ်လိဂ်မှ**

ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်ကိုလေးဂိုးစီသွင်း၍ ရမှတ်တစ်မှတ်စီခွဲယူခဲ့ကြသည်။

ပထမပိုင်းပွဲစသည်နှင့် ဒဂုံပေါ့အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးယူကာ ပွဲကို ဦးဆောင်ကစားခဲ့၍ ပွဲကစားချိန် ၉ မိနစ်တွင် အဲရစ်ကန်တိုနာ၏ ပေးပို့မှုကနေ မျိုးသူရထွန်းက ဒဂုံပေ့ါအသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူသွားသည်။ ပွဲကစားချိန် ၄၂ မိနစ်အရောက်တွင် ဂိုင်းမစ်ချယ်၏ ပေးပို့မှုကနေ ဖိုးသောကြာက ဒဂုံပေ့ါအသင်းအတွက် ဒုတိယဦးဆောင်ဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့၍ ပထမပိုင်းတွင် ဒဂုံပေ့ါအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ပွဲကို ဦးဆောင်ထားသည်။

ဒုတိယပိုင်းပြန်စသည်နှင့် နှစ်ဖက်အသင်း လူစားလဲမှုများပြုလုပ်လာပြီး မဟာယူနိုက်တက်အသင်းက တိုက်စစ်မြှင့်ကစားလာခဲ့ရာ ပွဲကစားချိန် ၄၇ မိနစ်တွင် မဟာယူနိုက်တက်ကစားသမား နေလင်းစိုးအား ဂိုးဧရိယာအတွင်း ပြည့်စုံလင်း ဟန့်တားပုံကြမ်းခဲ့သည့်အတွက် ပယ်နယ်တီပေးခံလိုက်ရသည်။ ရရှိသည့် ပယ်နယ်တီကို တိုက်စစ်မှူးသက်နိုင်က အမှားအယွင်းမရှိကန်သွင်းပြီး မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုး သွင်းယူခဲ့သည်။

ပွဲကစားချိန် ၅၉ မိနစ်တွင် ဒဂုံပေ့ါအသင်းအတွက် ဂိုင်းမစ်ချယ်က တတိယဂိုးကိုသွင်းယူနိုင်ခဲ့သလို ပွဲကစားချိန် ၆၁ မိနစ်တွင် မဟာယူနိုက်တက်အသင်းအတွက် ဒုတိယမြောက်ချေပဂိုးကို သွင်းယူနိုင်ခဲ့ကြသည်။

ပွဲကစားချိန် ၆၇ မိနစ်တွင် ဒဂုံပေ့ါအသင်းအတွက် စတုတ္ထဂိုးကို ဂိုးဧရိယာပြင်ကနေ ဖိုးသောကြာကသွင်းယူနိုင်ခဲ့၍ လေးဂိုး နှစ်ဂိုးဖြင့် ပွဲကအကြိတ်အနယ်ရှိခဲ့သည်။ ထို့နောက်ပိုင်း ပွဲကစားချိန် ၇၂ မိနစ်တွင် မဟာယူနိုက်တက်အသင်းအတွက်တတိယမြောက်ချေပဂိုးကိုလည်းကောင်း၊ ပွဲကစားချိန် ၈၄ မိနစ်တွင် စတုတ္ထမြောက်ချေပဂိုးကို နေလင်းစိုးကလည်းကောင်း သွင်းယူနိုင်ခဲ့၍ ပွဲပြီးဆုံးချိန်တွင် တစ်ဖက်လေးဂိုးစီဖြင့် ရမှတ်တစ်မှတ်စီခွဲယူခဲ့ကြသည်။

**ဝန်းရံခ**

MWD Education, Knowledge & Sports Channel

၁၉-၁-၂၀၂၆
(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade -6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၇:၂၀ | Grade -6 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၇:၂၀ - ၁၉:၁၅ | Grade -6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |
| ၄။ | ၁၉:၁၅ - ၁၉:၂၈ | Grade -6 | မြန်မာစာ၊ သိပ္ပံ |

# ညောင်ရွှေမြို့၌ တောင်ပေါ်လမ်းကြမ်း အပြေးအားကစားပြိုင်ပွဲတွင် ပြည်တွင်း၊ ပြည်ပမှ အပြေးအားကစားသမား ၅၅၀ ကျော်ပါဝင်ဆင်နွှဲ

ညောင်ရွှေ ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့၌ တောင်ပေါ်လမ်းကြမ်း အပြေးအားကစားပြိုင်ပွဲ (Inle 100 Trail Run 2026) ကို ယနေ့ နံနက် ၄ နာရီခွဲတွင် မြို့နယ်အားကစားကွင်း၌ စတင်တာလွှတ်ကျင်းပခဲ့သည်။




တောင်ပေါ်လမ်းကြမ်း အပြေးအားကစားပြိုင်ပွဲတွင် ၆၀ ကီလိုမီတာ၊ ၃၃ ကီလိုမီတာနှင့် ၁၅ ကီလိုမီတာ လမ်းကြောင်းသုံးခုဖြင့် အင်းလေးကန်အရှေ့ဘက်ကမ်းရှိ တောင်ပေါ်ဒေသ ကျေးရွာများသို့ ဆက်သွယ်သည့်လမ်းများတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ပြည်တွင်း၊ ပြည်ပမှ အပြေးအားကစားသမား ၅၅၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြပြီး အင်းလေးဒေသခရီးသွားမြှင့်တင်ရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထူးခြားသည့် ညအပူချိန်များ

၁၈-၁-၂၀၂၆

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဟားခါး | ၁ ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် | | သီပေါ | ၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၃ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် | | ဟဲဟိုး | ၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၄ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် | | လားရှိုး | ၅ ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | တီးတိန် | ၅ ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် |

# “တကယ်ဖြစ်နေတဲ့နိုင်ငံက တရားစွဲရေးမဟုတ်ဘဲ ဘာမှမဆိုင်တဲ့၊ မြန်မာနိုင်ငံနဲ့ ဘာမှလည်း ရန်မဖြစ်တဲ့၊ မသိတဲ့နိုင်ငံကနေ ကမ္ဘာ့ခုံရုံးကို သွားတင်ပြီးဖြစ်တယ်။ အဲဒီဟာက မှန်သလား၊ မှားသလား၊ သင့်သလား၊ မသင့်သလားဆိုတာ စဉ်းစားကြပါ...”

**ဦးဝင်းလွင်(အငြိမ်းစားသံအမတ်ကြီး)**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏အမှုနှင့်ပတ်သက်ပြီး ကြားနာပွဲကို ဇန်နဝါရီလ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ပြုလုပ်လျက်ရှိသည်။ အဆိုပါကြားနာပွဲနှင့်စပ်လျဉ်း၍ အငြိမ်းစားသံအမတ်ကြီး ဦးဝင်းလွင်နှင့် မြန်မာ့သမိုင်းအဖွဲ့ဝင် ဒေါက်တာမြင့်သိန်းတို့၏ ပြောကြားချက်များကိုဖော်ပြအပ်ပါသည်-

**ဦးဝင်းလွင်**
**အငြိမ်းစားသံအမတ်ကြီး**



နဂါးမင်းစစ်ဆင်ရေးစတင်ဖြစ်စဉ်ကာလတုန်းက ကျွန်တော်က နိုင်ငံခြားရေးဝန်ကြီးဌာနမှာ သက်ဆိုင်ရာဌာနကို ကိုင်တွယ်တဲ့ တာဝန်ခံဖြစ်ပါတယ်၊ အဲဒီတော့ပြည်ပကနေ တရားမဝင် ဝင်တဲ့သူတွေ များလာတော့ သန်းခေါင်စာရင်း ပြန်စစ်ဆေးမှုလုပ်ကြတယ်။ ဒီလိုလုပ်တဲ့အခါ ပထမဆုံး Pilot Project ဆိုပြီး မင်္ဂလာတောင်ညွန့်မှာထင်တယ်။ အဲဒီမှာ စပြီးလုပ်တယ်။ အဲဒီကနေ ရခိုင်ပြည်နယ် စစ်တွေအထိ သွားပြီးလုပ်တယ်။ အဲဒီလို လုပ်တဲ့အချိန်မှာ ရခိုင်ပြည်နယ်အထဲကို အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်နေကြတဲ့သူတွေက သူတို့ဆီမှာ တရားဝင်မှတ်ပုံတင်လက်မှတ်မရှိတော့ ထွက်ပြေးသွားကြတယ်။

ထွက်ပြေးကြတော့ ပထမဆုံး နိုင်ငံခြားရေးရုံးကိုလာပြီးတိုင်တော့ လူဦးရေ ၈၀၀ လောက်၊ နောင် တဖြည်းဖြည်းများလာပြီး ကြီးကြီးကျယ်ကျယ် ဖြစ်လာတယ်။ ဟိုဘက်ကလည်း သိန်းနဲ့ချီဖြစ်လာတော့ ဟိုဘက်က ဒီဘက်ကို Complain လုပ်တယ်၊ နိုင်ငံတော်အစိုးရကလည်း စစ်ဆေးဖို့လုပ်တယ်။ နှစ်ဖက်ညှိနှိုင်းရေး ဟိုဘက်က အဖွဲ့တွေလာပြီးဆွေးနွေးတယ်။ နှစ်ခါ သုံးခါ ဆွေးနွေးတယ်၊ ဒီဘက်ကလည်း နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်တဲ့ အဖွဲ့တစ်ဖွဲ့ သွားတယ်။ အဲဒီလိုပဲလုပ်တယ်။ ဒီကိစ္စကို အတန်တန်ဆွေးနွေးပြီး မြန်မာဘက်အနေနဲ့ တို့နိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ရေချင်းမြေချင်းဆက်စပ်နေတဲ့ နိုင်ငံလည်းဖြစ်တယ်။ လွတ်လပ်ရေးရခါစ နိုင်ငံဆိုပြီး တို့နိုင်ငံက အိမ်နီးနားချင်းထားတဲ့ မူဝါဒနဲ့ အညီ တတ်အားသမျှ လုပ်ပေးမယ်ဆိုပြီး ဒီဟာကို လူကြီးတွေက ပြန်လည်လက်ခံဖို့၊ ဒီမှာနေခဲ့တဲ့သူ မှန်ရင်ပြန်လည်လက်ခံမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပြီး သွားပြီးစေ့စပ်ဆွေးနွေးတယ်။

ပြန်လည်လက်ခံမယ်ပြောတဲ့အခါဖြစ်ပုံက အဲဒီထွက်ပြေးတဲ့ သူတွေကြားမှာ ခုနက ပြောသလို သိန်းကျော်ရှိတယ်။ တကယ်တမ်းပြောတဲ့အခါ မြန်မာမှတ်ပုံတင်လက်မှတ် အစစ်အမှန်တကယ်လက်ဝယ်ရှိသူက ၃၀၀၀ ကျော်ပဲရှိတယ်။ ကျန်တဲ့ဟာတွေက သူတို့ထွက်ပြေးတယ်။ တဲတွေမီးရှို့ခံရတယ်။ ပျောက်သွားတယ်။ ကျန်ရစ်ခဲ့တယ်။ အဲဒီတော့ မှတ်ပုံတင်လက်မှတ်တွေ ပျောက်ဆုံးသွားတယ်ဆိုပြီး အဲဒီဆင်ခြေတွေပေးကြတယ်။ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှာ နေခဲ့တဲ့သူ အစစ်အမှန်ဆိုရင် လက်ခံမယ်ဆိုပြီး အမျိုးမျိုးလျှော့ပေါ့တယ်။

မှတ်ပုံတင်လက်မှတ်အစစ်ဆိုတာက ၃၀၀၀၊ အစစ်ထဲမှာမှ အစစ်တစ်မျိုး၊ မှတ်ပုံတင်လက်မှတ်ကိုခိုးလုပ်ပေးတာကတစ်မျိုး၊ အိမ်ထောင်စုကတ်ပြားအတုလုပ်ထားတာတစ်မျိုး၊ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ထဲမှာ နေခဲ့တဲ့သူ ဟုတ်တယ်၊ မှန်တယ်ဆိုရင် လက်ခံခဲ့တယ်။ အားလုံးပေါင်း တစ်သိန်းနဲ့သုံးသောင်းလား၊ လေးသောင်းလား၊ အတိအကျတော့ မမှတ်မိတော့ဘူး။ အဲဒီလောက် လက်ခံခဲ့တယ်။ အသိအမှတ်ပြုခဲ့တယ်။ ဒီကမ္ဘာတစ်ခုလုံးမှာ မြန်မာနိုင်ငံက စောစောစီးစီး၊ ခုနစ်ခုမြောက်သော အသိအမှတ်ပြုခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ အဓိပ္ပာယ်က အိမ်နီးနားချင်းပေါ်လစီကို ကောင်းကောင်းထားချင်တယ်၊ ခင်မင်ရင်းနှီးတယ်ဆိုတဲ့ သဘောနဲ့လက်ခံတာ။

ဟိုကလည်း ဒါတွေ အားလုံးပြန်ယူပါ။ ဘာမှပြောမနေနဲ့၊ ပြန်ယူပါဆိုပြီး ဇွတ်ပဲပြန်ပြီး ထိုးပေးခဲ့တယ်။ ဒီဘက်ကလည်း လက်ခံမယ်ဆိုတော့ လက်ခံတဲ့အခါမှာလည်း အဆင့်ဆင့်ဖြစ်တယ်။ ရခိုင်ပြည်နယ်မှာ နေရိုးမှန်ခဲ့ရင် လက်ခံမယ်ဆိုပြီး ဘာပဲဖြစ်ဖြစ် မျက်စိမှိတ်ပြီးလက်ခံတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်နိုင်ငံအိမ်နီးချင်းဖြစ်တာရယ်၊ ချစ်ကြည်ရင်းနှီးမှုကို အကြောင်းပြုပြီး လက်ခံခဲ့ခြင်းဖြစ်တယ်။ အဲဒီသဘောနဲ့ပါ။

အခု နောက်ဆုံးကိစ္စ။ ဒါက တတိယအကြိမ်မြောက်ဖြစ်တယ်။ ဒုတိယအကြိမ်မြောက်လည်းရှိတယ်။ ဒီဟာက ပြီးသွားပြီ။ တတိယအကြိမ်မြောက်ဖြစ်တဲ့အခါကျတော့ မြန်မာနိုင်ငံက အိမ်နီးနားချင်းထုံးစံအတိုင်း ရခိုင်ပြည်နယ်မှာ နေခဲ့တဲ့သူ မှန်ခဲ့ရင် လက်ခံမယ်ဆိုပြီး အရင်တုန်းက ပြောခဲ့တဲ့အတိုင်း ပြောခဲ့တယ်။ ဒါပေမဲ့ ဒီတစ်ခါမှာ ဟိုဘက်က ဒီလိုမဟုတ်တော့ဘူး။ ဟိုဘက်က ခေါင်းဆောင်က အရင်တုန်းကသူမဟုတ်တော့ဘူး။ ဒီက လက်ခံမယ့်ဟာကို ဟိုအရင်က ပြန်ပြီးပို့လိုက်တယ်။ ဒီတစ်ခါကျတော့ ပို့တာမဟုတ်တော့ဘူး။ ဒီပြဿနာကို ရိုးရိုးနှစ်နိုင်ငံအကြား ပြဿနာထက် ကမ္ဘာ့ပြဿနာကြီးဖြစ်အောင် Internationalize လုပ်တယ်။

ဒီလို Internationalize လုပ်တော့ ဒီပြဿနာက ကမ္ဘာတစ်ခုလုံးက ချက်ချင်းဝုန်းခနဲ ချက်ချင်းသိသွားတယ်။ အိုင်တီကို အသုံးပြုလိုက်တယ်။ အိုင်တီကို သုံးလိုက်တာ မြန်မာနိုင်ငံ ခံလိုက်ရတယ်။ အိုင်တီကို အသုံးပြုပြီး ကမ္ဘာ့ပြဿနာလုပ်ချလိုက်တယ်။ ဘယ်သူကလုပ်သလဲဆိုရင် သက်ဆိုင်ရာနိုင်ငံက လုပ်တာလား၊ သက်ဆိုင်ရာနိုင်ငံရဲ့ဘာသာတူအဖွဲ့အစည်းက လုပ်တာလားဆိုတာ ကျွန်တော်တို့မသိဘူး။ ဒီကိစ္စက ဘာမှမဟုတ်ဘူး။ ဒီကိစ္စက သေးသေးလေး။ ဒီဘက်ကတော့ အရင်တုန်းကအတိုင်း ရိုးရိုးသားသားနဲ့ အရင်တုန်းကအတိုင်း လက်ခံခဲ့တယ်။ အဲဒီမှာ ပြန်ပြီးပို့ဖို့ဟာကို ထစ်ငေါ့နေတဲ့အပြင် ကမ္ဘာ့ခုံရုံးမှာ အဲဒီဟာကိုတင်လိုက်တာ။ တင်လိုက်တဲ့အခါမှာလည်း အကြီးအကျယ်နဲ့ ပုဒ်မအကြီးကြီးတွေ တပ်လိုက်တယ်။

အမှန်အတိုင်း ဒီဘက်မှာဖြစ်တဲ့အရေးအခင်းမှာ ရဲတပ်ဖွဲ့ဝင်တွေကို သတ်တယ်၊ ဒီမှာလိုက်ပြီးရှင်းလင်းတဲ့အဖြစ်အပျက်ကလေးပါ။ အခုက ကမ္ဘာမှာ နေရာတကာမှာ ကြားနေတယ်မလား၊ အရှေ့အလယ်ပိုင်းမှာဖြစ်နေတဲ့ သတ်ဖြတ်နေတာတွေ၊ ဖုံးချတာတွေနဲ့စာရင် ဒီဟာက သေးသေးလေးပါ။ ဘာမှမဆိုင်ဘူး။

နိုင်ငံရေးအားဖြင့်နိုင်အောင် ကျွန်တော်တို့နိုင်ငံကိုသတ်တာ။ အုပ်ချုပ်နေတဲ့ အစိုးရကို သတ်တာ၊ နိုင်ငံတော်ကို သတ်တာ၊ ဒီလိုလုပ်လိုက်တဲ့ဟာ တစ်သက်လုံး ကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ အတူတူပေါင်းသင်းနေထိုင်သွားရမယ့် နှစ်နိုင်ငံချစ်ကြည်ရေးလည်း ပျက်သွားတယ်၊ တကယ်ဖြစ်နေတဲ့နိုင်ငံက တရားစွဲရေး မဟုတ်ဘဲ ဘာမှမဆိုင်တဲ့၊ မြန်မာနိုင်ငံနဲ့ ဘာမှလည်း ရန်မဖြစ်တဲ့၊ မသိတဲ့နိုင်ငံကနေ ကမ္ဘာ့ခုံရုံးကို သွားတင်ပြီးဖြစ်တယ်။ အဲဒီဟာက မှန်သလား၊ မှားသလား၊ သင့်သလား၊ မသင့်သလားဆိုတာ စဉ်းစားကြပါ။

သက်ဆိုင်ရာ နိုင်ငံကမစွပ်စွဲဘဲ ဟိုကနေလှမ်းပြီး စွပ်စွဲတယ်၊ တမင်တကာ ဒါကိုလုပ်ကြံတာ၊ ဖန်တီးတယ်ဆိုတာကို နားလည်ဖို့လိုတယ်။ ဒီဟာ ဘယ်သူနဲ့၊ ပေါ်လစီတွေနဲ့ မဆိုင်ဘူး၊ ရိုးရိုးတမ်းတမ်း ပြောခြင်းဖြစ်တယ်။ ဖြစ်သင့်တာက သူခံရရင် သူကပြန်ပြီးလုပ်ရမှာပါ။ သူက မလုပ်ဘဲ ဘာမှမဆိုင်တဲ့ ဘေးကလူက လုပ်တယ်။ မဆိုင်တာဆို ဟိုးအဝေးကြီးကပါ။ အဲဒီတော့ ရှေ့ကနဲ့ အခုနဲ့က ဘာကွာသလဲဆိုရင် အခုလို ဖြစ်သွားတော့ တစ်သက်လုံး ကြိုက်ကြိုက်မကြိုက်ကြိုက် လက်တွဲပြီး အိမ်နီးနားချင်း၊ ရေချင်းမြေချင်းဆက်စပ်နေတဲ့ နိုင်ငံနှစ်ခု လက်တွဲပြီး ပူးပေါင်းရမယ်။ အခုလိုကမ္ဘာကြီးဖြစ်ပျက်နေကြတဲ့အချိန် လက်တွဲလုပ်ရမှာကို ကမ္ဘာ့အဖွဲ့အစည်းတစ်ရပ်က အဲဒီဟာကို အားမပေးဘဲ နှစ်နိုင်ငံပိုပြီးတော့ဝေးအောင်၊ ဝေးအောင် လုပ်လိုက်တယ်လို့ မြင်ပါတယ်၊ ရိုးရိုးအနေနဲ့ မြင်တာပါ။ ဘယ်သူ့ကြောင့်မှ မဟုတ်ပါဘူး။ ကမ္ဘာမှာ ပြဿနာတွေ အများကြီးပါ။ အိမ်နီးနားချင်း ပေါင်းလုပ်ရမယ့်အရာတွေလည်း အများကြီးပါ။ အဲဒါကို တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ချင်အောင် လုပ်တဲ့အနေအထားလို့ မြင်မိပါတယ်။

**ဒေါက်တာမြင့်သိန်း**
**မြန်မာ့သမိုင်းအဖွဲ့ဝင်**



ရိုဟင်ဂျာဆိုတဲ့ လူမျိုးက တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ ဒီလူမျိုးမရှိပါဘူး။ ရခိုင်ရာဇဝင်မှာလည်း ဒီလူမျိုးအကြောင်း ရေးထားတာမရှိဘူး။ မြန်မာရာဇဝင်မှာလည်း ဒီလူမျိုးအကြောင်း ရေးထားတာ မရှိဘူး။ မြန်မာ့ရာဇဝင်ရဲ့ အစောပိုင်းကာလမှာ လူမျိုးတစ်ရာ့တစ်ပါးအကြောင်း ရေးထားတဲ့ စာတမ်းပေါင်း ခြောက်စောင်လောက်ရှိတယ်။ ဒီခြောက်စောင်လောက်ထဲမှာလည်း ဒီရိုဟင်ဂျာဆိုတဲ့ လူမျိုးအကြောင်း မပါပါဘူး။ ဒါဆိုရင် ဒီကိစ္စ ဘယ်လိုစပြီးဖြစ်လာလဲဆိုတော့ အရင်က သူတို့ကို ခေါ်တာက ရခိုင်မွတ်ဆလင်လို့ ခေါ်တယ်။ နောက်တစ်မျိုး ဘင်္ဂါလီလို့ ခေါ်တယ်။ နောက်တစ်မျိုး စစ်တကောင်းသားလို့ခေါ်တယ်။ တစ်ခါတစ်ခါ ခေါ်တောဆိုတဲ့ အခေါ်အဝေါ်လည်းရှိတယ်၊ ခေါ်တောဆိုတဲ့ အခေါ်အဝေါ်ဆိုရင် ၁၉၈၀ ကျော်လောက်အထိအောင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ ဒီနာမည်ကခေါ်နေဆဲပါ။ ဒီစကားလုံးက အဲဒီကာလတွေထဲမှာမပေါ်သေးပါဘူး။ အင်္ဂလိပ်အထောက်အထားတွေရှိတယ်။

ကိုလိုနီခေတ်ကရေးတဲ့ အထောက်အထားတွေ၊ ခေတ်ပြိုင်အထောက်အထားတွေမှာလည်း ဒီနာမည်က မပါသေးပါဘူး။ ၁၈၇၂ ခုနှစ်မှာ အင်္ဂလိပ်တွေက မြန်မာနိုင်ငံကို ပထမဦးဆုံးစပြီး အောက်မြန်မာနိုင်ငံ ရခိုင်ဘက်မှာ သန်းခေါင်စာရင်းစကောက်တယ်။ သန်းခေါင်စာရင်း စကောက်တာကနေပြီးတော့ နောက်ပိုင်း ၁၈၈၁ ခုနှစ်မှာ သန်းခေါင်စာရင်း တစ်ခါထပ်ကောက်တယ်။ နောက်ပိုင်း ၁၈၈၁ ခုနှစ်ကနေ ဆယ်နှစ်တစ်ခါ ဆယ်နှစ် တစ်ခါကောက်သွားတဲ့ သန်းခေါင်စာရင်းမှာ ၁၈၉၁၊ ၁၉၀၁၊ ၁၉၁၁၊ ၁၉၂၁၊ ၁၉၃၁၊ ၁၉၄၁ အထိ၊ သူတို့ကောက်တဲ့ သန်းခေါင်စာရင်းထဲမှာ လူမျိုးပါတယ်။ လူဦးရေပါတယ်။ ကျား၊ မခွဲတယ်။ အသက်အရွယ်ခွဲတယ်။ အဲဒီလိုခွဲတဲ့အခါမှာ တိတိကျကျ ဒီရခိုင်ပြည်နယ် သန်းခေါင်စာရင်းကောက်တဲ့အထဲမှာ သူတို့သုံးတဲ့ အသုံးအနှုန်းတွေမှာ ဘာလူမျိုးတွေတွေ့သလဲဆိုရင် ဘင်္ဂါလီနဲ့ စစ်တကောင်းသားဆိုပြီး ရေးထားပါတယ်။ နောက်တစ်ခါ ဟိန္ဒူစတန်ဆိုပြီး ရေးထားတယ်။ ဒီအင်္ဂလိပ်ဆိုတဲ့လူက သန်းခေါင်စာရင်းမှာ တိတိကျကျ လူဦးရေ အဝင်အထွက်၊ ဘယ်လောက်ဝင်တယ်။ ဘယ်လောက်ထွက်တယ်။ ဒီလိုသွားတာတောင်မှပဲ သူတို့ရဲ့ စကားလုံးက ဒုတိယကမ္ဘာစစ်မတိုင်ခင်အထိအောင် ဒီနာမည် မပေါ်သေးပါဘူး။ ဒီနာမည်ပေါ်တာက တော်တော်လေးကို နောက်ကျတယ်ဆိုတဲ့ သဘောပါပဲ။ နောက်တစ်ခါ ဒါနဲ့ပတ်သက်ပြီးတော့ သေချာလေ့လာထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်က ဘာရေးထားသလဲဆိုရင်အဲဒီလူက တစ်ချိန်တုန်းက ထိုင်းနိုင်ငံရယ်၊ ဗီယက်နမ်နိုင်ငံရယ်၊ လာအိုနိုင်ငံရယ်မှာ ဗြိတိသျှသံအမတ်ကြီးအဖြစ်လုပ်ခဲ့ဖူးတဲ့လူ၊ ဒီလူက ဒီလူမျိုးနဲ့ ပတ်သက်ပြီးတော့ လေ့လာတဲ့အခါမှာ အိန္ဒိယနိုင်ငံမှာရှိတဲ့ သူတို့ရဲ့ ဗြိတိသျှကိုလိုနီခေတ်တုန်းက အထောက်အထားတွေ အကုန်လုံးကို သွားပြီးတော့ရှာတယ်။

အဲဒီလို ရှာတဲ့အခါမှာ **အစီရင်ခံစာတွေ ရှာတယ်၊ သန်းခေါင်စာရင်းတွေရှာတယ်၊ နောက် Report တွေရှာတယ်၊ တရားရေးစီရင်ချက်တွေမှာပါတဲ့ အထောက်အထားတွေရှာတယ်။ အဲဒီ Instruction အကုန်လုံးထဲမှာ သူရှာတဲ့အခါမှာ ဘာပြောသလဲဆိုတော့ သူတို့သိမ်းပိုက်အုပ်ချုပ်ထားခဲ့တဲ့ ရခိုင်မှာ နှစ်ပေါင်း ၁၂၂ ရှိခဲ့တဲ့ အထဲမှာ၊ အဲဒီ အထောက်အထားတွေထဲမှာ ရိုဟင်ဂျာဆိုတဲ့ စကားလုံးမတွေ့ဘူးလို့ရေးထားပါတယ်။ ဒီလူကဘယ်သူလဲဆိုရင် Derek Tonkin ဆိုတဲ့ ပုဂ္ဂိုလ်ပါ။ သူကလည်း ရိုဟင်ဂျာဆိုတဲ့ စကားလုံးမတွေ့ဘူးဆိုပြီး အထောက်အထားနဲ့ပတ်သက်ပြီးပြောထားပါတယ်။**

နောက်ဒီလိုပဲ ရခိုင်နဲ့ပတ်သက်ပြီးတော့ အလွန်ထင်ရှားတဲ့ သုတေသီတစ်ဦးဖြစ်တဲ့ ယက်လိုင်ဒါဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးက ဒီစကားလုံးက ၁၉၅၀ ပတ်ဝန်းကျင်လောက်မှ ရေပန်းစားပြီးပေါ်ပေါက်လာတဲ့ စကားလုံးဖြစ်တယ်ဆိုပြီးတော့ Oxford ကထုတ်တဲ့ အာရှဆိုင်ရာထဲမှာ Encyclopedia ရေးထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့က ဒီလူမျိုးဟာ အသစ်တီထွင်တဲ့ လူမျိုးဆိုတဲ့ သဘောမျိုးဆိုတာ မှန်းဆလို့ရပါတယ်။

စာမျက်နှာ ၁၀ သို့ ●

● **စာမျက်နှာ ၉ မှအဆက်**

နောက်တစ်ချက်ကဘာလဲဆိုရင်ဒီလူမျိုး ဘယ်တုန်းက ပေါ်ပေါက်လာသလဲဆိုရင် ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက်ပိုင်းကျမှ ဒီနာမည် စပေါ်တာပါ၊ ဒါတောင်မှပဲ ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက်ပိုင်း ဒီလူမျိုး ပေါ်ပေါက်လာဖို့ အခြေခံအကြောင်းရင်း အစကဘာကြောင့်လဲဆိုတဲ့အခါကျွန်တော်တို့ ၁၉၄၇ ခုနှစ်မှာ အိန္ဒိယနိုင်ငံမှာ မွတ်ဆလင်တွေက ခွဲထွက်ဖို့ကြိုးစားကြတယ်၊ ကြိုးစားတဲ့အခါကျတော့ ပါကစ္စတန်နိုင်ငံဆိုပြီး သီးခြားခွဲထွက်ဖို့လုပ်တဲ့အခါမှာ ဘူးသီးတောင်၊ မောင်တောမှာရှိတဲ့ မွတ်ဆလင်တွေက အကယ်၍သာ ပါကစ္စတန်ကို ခွဲထွက်ဖို့လုပ်ခဲ့မယ်ဆိုရင် အဲဒီနိုင်ငံထဲမှာသူတို့ပေါင်းပါရစေပြီးတော့အဲဒီ ပါကစ္စတန်ခွဲထွက်ရေးခေါင်းဆောင်ဖြစ်တဲ့ အိန္ဒိယက အလီဂျင်းနားဆိုတဲ့ ပုဂ္ဂိုလ်ဆီကိုသွားပြီးတောင်းဆိုပါတယ်။ ဒါပေမဲ့ အလီဂျင်းနားက လက်မခံပါဘူး၊ အဲဒါနဲ့ ပတ်သက်ပြီးတော့ ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းရှိခဲ့စဉ်မှာ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဖို့အတွက် လန်ဒန်ကိုသွားတဲ့အခါမှာ အိန္ဒိယကို သူခဏဝင်တယ်၊ ဝင်တဲ့အခါမှာ အိန္ဒိယဝင်ပြီးတော့ အလီဂျင်းနားနဲ့မွတ်ဆလင်ခွဲထွက်ရေးခေါင်းဆောင်နဲ့ သွားတွေ့ပါတယ်။ တွေ့တဲ့အခါ ဒီကိစ္စပြောတဲ့အခါ ဗိုလ်ချုပ် ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ စိတ်ချပါ၊ ကျွန်တော်တို့ သူတစ်ပါးနိုင်ငံဒေသနဲ့ ပေါင်းဖို့ဘယ်တော့မှဆန္ဒမရှိဘူး၊ အဲဒီထဲက ခွဲထွက်ဖို့ ကြိုးစားတဲ့သူတွေကို အားလုံး ကိုဆန့်ကျင်တယ်။ ဗိုလ်ချုပ်ဒါနဲ့ပတ်သက်ပြီး ပူစရာမလိုဘူးလို့ သူကပြောလိုက်ပါတယ်။ အဲဒီလို သွားပြီးတော့ ပေါင်းဖို့ကြိုးစားတဲ့ ဘူးသီးတောင်၊ မောင်တောမှာရှိတဲ့ မွတ်ဆလင်အဖွဲ့တွေက နောက်ဆုံးတော့ သူတို့ ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုပြီး ဒုတိယကမ္ဘာစစ်ပြီးတဲ့အခါမှာ မြန်မာပြည်ထဲမှာ သီးခြားတောင်းဆိုလို့ရမယ့် အနေအထားမျိုးကို စဉ်းစားလာကြပါတယ်။

အဲဒီမှာ ပြဿနာက ဘာဖြစ်လာသလဲဆိုတဲ့အခါ ၁၉၄၈ ခုနှစ် ကျွန်တော်တို့ လွတ်လပ်ရေးရတဲ့အခါမှာ ရခိုင်မှာရှိနေတဲ့ ရခိုင်တိုင်းရင်းသားခေါင်းဆောင်တွေက နေပြီးတော့ သီးခြားပြည်နယ်အဖြစ်နဲ့ လွတ်လပ်တဲ့ဒေသအဖြစ် တောင်းဆိုမှု စလုပ်ပါတယ်။ လုပ်လာတော့ ဘင်္ဂါလီတွေက ဘာစဉ်းစားလဲဆိုတော့ အကယ်၍သာ ရခိုင်ကို သီးခြားပြည်နယ် သီးခြားလွတ်လပ်မှုပေးလိုက်မယ်ဆိုရင် သူတို့အပေါ်မှာ ပိုပြီးဖိနှိပ်မှုတွေများလာမှာဖြစ်တဲ့အတွက်ကြောင့် ငါတို့လည်း သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းမယ်ဆိုပြီး စပြီးကြံစည်လာတယ်။ သူတို့က ဘယ်လိုလုပ်ရင်ကောင်းမလဲ ဆိုပြီးတော့ စပြီးစဉ်းစားလာကြတယ်။

အဲဒီစဉ်းစားတဲ့အထဲမှာ တစ်ချက်က ၁၉၄၈ ခုနှစ်လောက်က မူဂျာဟစ် ခေါင်းဆောင်ကနေပြီးတော့ သူတို့လူမျိုးတွေနဲ့ပတ်သက်ပြီးတော့ တောင်းဆိုမှု စလုပ်လာတယ်၊ လုပ်လာတဲ့အခါမှာ အဲဒီ မွတ်ဆလင်လွတ်မြောက်ရေးခေါင်းဆောင်က မွတ်ဆလင်ညီလာခံမှာ သူက ဘာတောင်းဆိုသလဲဆိုတော့ သူတို့ကို ရခိုင်မွတ်ဆလင်အဖြစ်နဲ့ ပြည်နယ်ပေးဖို့ စတောင်းလာတယ်၊ နောက်တစ်ခါ ၁၉၅၁ ခုနှစ်မှာ ထင်တယ်၊ မောင်တောမှာရှိနေတဲ့ အလယ်သံကျော်ရွာမှာ မွတ်ဆလင် ညီလာခံလုပ်တဲ့အခါမှာလည်း ဘင်္ဂါလီတွေကို သီးခြားပြည်နယ်ပေးဖို့တောင်းဆိုလာတယ်၊ တောင်းလာတဲ့အခါမှာလည်း ရိုဟင်ဂျာဆိုတဲ့ စကားလုံးမပါသေးဘူး၊ သူတို့ကို သီးခြားပြည်နယ်ပေးပါ၊ သူတို့ကို သီးခြားဆောင်ရွက်ဖို့အတွက် ရခိုင်မွတ်ဆလင်ဆိုပြီး နာမည်ခေါ်ခွင့်ပေးပါဆိုပြီးပဲ တောင်းတာပဲလုပ်ကြတာ။

ရခိုင်မွတ်ဆလင်ဆိုတဲ့အခေါ်အဝေါ်ကို ရခိုင်တိုင်းရင်းသားတွေက မကြိုက်ကြဘူး၊ ဘာလို့လဲဆိုတော့သူတို့ရခိုင်တိုင်းရင်းသားထဲမှာ မွတ်ဆလင်မရှိဘူး၊ ဒါကြောင့်မို့ သူက အဲဒီနေရာမှာတင် လက်မခံဘူးဖြစ်ကြတာ။ ကျွန်တော်တို့က အဲဒီအချိန်တုန်းက ခေါ်ကြတာက စစ်တကောင်းသားတို့၊ ဘင်္ဂါလီတို့၊ ရခိုင်မွတ်ဆလင်တို့၊ ခေါ်တောတို့ ခေါ်ကြတဲ့အထဲမှာ သူတို့ကြိုက်တာ ရခိုင်မွတ်ဆလင်ဆိုတဲ့ ဒီနာမည်ကို ကြိုက်တာ၊ ဒါပေမဲ့ ရခိုင်တိုင်းရင်းသားတွေက လက်မခံဘူး၊ ဒါကြောင့် နာမည်အသစ်တစ်ခုစဉ်းစားလာကြတယ်။

စဉ်းစားတဲ့အခါမှာ ၁၉၅၀ ပြည့်နှစ်လောက်မှာ ဒီနာမည်စပြီးတော့ တွင်တွင်ကျယ်ကျယ်စဖြစ်လာပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ၁၉၄၈ ခုနှစ်ကျော်ကျော်လောက်မှာ ပထမဆုံးစပြီးတော့ ရှင့်ကျဆိုတဲ့ စကားလုံးစသုံးလာတယ်၊ တစ်နေရာကနေလွင့်လာတဲ့ ဒုက္ခသည်တွေကို ပြောတာ၊ နောက်ပိုင်း လွှတ်တော်ထဲမှာ တက်လာတဲ့ အဗ္ဗဒူဂဖားဆိုတဲ့ပုဂ္ဂိုလ်က ၁၉၅၀ ပြည့်နှစ်ပတ်ဝန်းကျင်လောက်မှာ လွှတ်တော်ထဲမှာ ပြောလာတယ်။ သူတို့လူမျိုးတွေကို ရိုဟင်ဂျာဆိုတဲ့ စကားလုံး သုံးလာတယ်၊ ဒီသုံးလာတာနဲ့ အတူတူပဲ တစ်ချိန်တည်းမှာပဲ ဂါးဒီးယန်းသတင်းစာမှာ သူက အကျယ်တဝင့် ရိုဟင်ဂျာသမိုင်းဆိုတဲ့ သဘောမျိုးနဲ့ သူကဆောင်းပါးတစ်စောင်ရေးတယ်။ အဲဒီဆောင်းပါးကို အဗ္ဗဒူဂဖားတာက ဆူဒေတန် မွတ်ဆလင်ဆိုပြီး သူကရေးတာ၊ ရေးတော့ ၁၉၅၁ ခုနှစ်လောက်မှာ ဂါးဒီးယန်းသတင်းစာမှာ ပါလာပြီးတော့ ၁၉၆၀ ပြည့်နှစ် မေလလောက်ကျတော့ အမ်အေ တဟီဘာသာဆိုပြီးတော့ နောက်တစ်ယောက်က ရေးတယ်၊ ဒီလိုပဲ ရိုဝန်းညှာဆိုပြီးတော့ အဲဒီမှာလည်း ရိုဟင်ဂျာမဟုတ်သေးဘူး၊ ရိုဝန်းညှာဆိုတဲ့ လူမျိုးဘယ်လိုပေါ်ပေါက်လာတယ်ဆိုတာ ဂါးဒီးယန်းသတင်းစာမှာ တစ်ခါရေးတယ်။

**တစ်နည်းအားဖြင့် ၁၉၅၀ ကျော်လောက်မှ ဒီနာမည်က ထင်ထင်ရှားရှား စတင်ဖန်တီးလာတာ။ ဒီဟာဆိုရင် တိုင်းရင်းသားမဟုတ်တာ သေချာသွားပြီ၊ ဒီလူမျိုးဟာ နောက်မှ တမင်တကာဖန်တီးယူတဲ့ လူမျိုးဖြစ်တယ်ဆိုတာလည်း သေချာသွားပြီ။ ၁၉၅၃ ခုနှစ် စစ်တွေမှာ သန်းခေါင်စာရင်း ကောက်တဲ့အချိန်မှာ စစ်တကောင်းဘက်ကနေပြီးတော့ ဝင်လာတဲ့သူတွေကို ဘူးသီးတောင်- မောင်တောကလူတွေက အကုန်လုံးလက်ခံတယ်။ လာခိုင်းပြီးတော့ သန်းခေါင်စာရင်းထဲမှာ အတင်းထည့်ကြတယ်၊ ထည့်တဲ့အခါ လူမျိုးဆိုတဲ့နေရာမှာ တချို့က ရခိုင်မွတ်ဆလင်ဆိုပြီးထည့်တယ်၊ တချို့က ရိုဟင်ဂျာဆိုတာထည့်တယ်။**

**ဒါကြောင့်မို့ ကျွန်တော်တို့က သူတို့သုံးတဲ့ စကားလုံးက ဒီအနောက်တိုင်းမှာရှိတဲ့ သုတေသီပညာရှင်တွေပြောသလို ၁၉၅၀ ပတ်ဝန်းကျင်လောက်မှ စပြီးတော့ ပေါ်ပေါက်လာခဲ့တာ လူမျိုးနာမည်အတုတစ်ခုဖြစ်တယ်ဆိုတာ မှန်းလို့ရတယ်။ တမင်တကာလုပ်ပြီး နိုင်ငံရေးအရ တမင်တကာဖန်တီးပြီး ရယူတယ်ဆိုတာကို မှန်းဆလို့ရတယ်။ ။**

သတင်းအဖွဲ့

# တန် ၁၀၀ ဖွဲ့နုဆီကြိတ်ခွဲသန့်စင်စက်ရုံ တည်ဆောက်နေမှုနှင့် တန် ၂၀ ကျ စက် ၁၈ လုံးဖြင့် ပဲပုပ်ဆီကြိတ်ခွဲထုတ်လုပ်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ်ရှိ တန် ၁၀၀ ဖွဲ့နုဆီကြိတ်ခွဲသန့်စင်စက်ရုံ (MGND Solvent Extraction and Refinery Plant) တည်ဆောက်နေမှုနှင့် MGND ၏ ရွှေတောင်ဆီစက်ရုံတွင် တန် ၂၀ ကျ စက် ၁၈ လုံးဖြင့် ပဲပုပ်ဆီကြိတ်ခွဲထုတ်လုပ်နေမှုလုပ်ငန်းများကို ယမန်နေ့က တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့သည် ဒဂုံ(ဆိပ်ကမ်း)မြို့နယ် MGND Co.,Ltd. မှ ရွှေလီလမ်းနှင့် ကမ်းနားလမ်းထောင့်တွင် တန် ၁၀၀ ဖွဲ့နုဆီကြိတ်ခွဲသန့်စင်စက်ရုံ တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒဂုံ(ဆိပ်ကမ်း)မြို့နယ်ရှိ MGND ၏ ရွှေတောင်ဆီစက်ရုံ၌ တန် ၂၀ ကျ စက် ၁၈ လုံးဖြင့် ရှမ်းပြည်နယ်မှ စိုက်ပျိုးထွက်ရှိသည့် ပဲပုပ်စေ့များမှတစ်ဆင့် ပဲပုပ်ဆီကြိတ်ခွဲထုတ်လုပ်နေမှုများ၊ ဘူးခွံပြုလုပ်နေမှုများ၊ ဘူးခွံအတွင်း ဆီထည့်သွင်းနေမှုများ၊ ဆီသန့်စင်နေမှုများ၊ ဆီရောင်းချရန် ထုပ်ပိုးမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံစေရေးအတွက် မျိုးစေ့မှသည် စားသုံးဆီ(Seeds to Oil) နှင့် အဆင့်မြင့်တိရစ္ဆာန်အစာကုန်ကြမ်းများ ထုတ်လုပ်ရရှိနိုင်စေရေးအတွက် စိုက်ပျိုးနည်းပညာများ တိုးတက်မြင့်မားလာစေရေး၊ ဆီကြိတ်ခွဲထုတ်လုပ်မှုနည်းပညာများ မြှင့်တင်နိုင်စေရေးနှင့် နိုင်ငံခြားမှ တင်သွင်းနေရသည့် အဆင့်မြင့်တိရစ္ဆာန်အစာကုန်ကြမ်းများအား ပြည်တွင်းထုတ်လုပ်နိုင်မှုဖြင့် မွေးမြူရေးလုပ်ငန်းရှင်များအတွက် လုပ်ငန်းဆောင်ရွက်မှုအဆင်ပြေစေရေးနှင့် လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး လုပ်ငန်းများအောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားကြောင်း သိရသည်။

**ဝန်းရံခ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မြောင်းမြမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

မြောင်းမြ ဇန်နဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) လျာထား ဧက ၂၅၀၀ ကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ဧက ၂၂၀၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"မြောင်းမြမြို့နယ်အနေနဲ့ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ကို ဧက ၂၅၀၀ အထိ လျာထားစိုက်ပျိုးနေပါတယ်။ လက်ရှိမှာတော့ ဧက ၂၂၀၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) အပါအဝင် ဆောင်းသီးနှံတွေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောသည်။

သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)ကို စိုက်ပျိုးပြီး မြေဩဇာအဖြစ်အသုံးပြုသည့်အတွက် မြေဆီလွှာစွမ်းရည်နှင့်ဂုဏ်သတ္တိမြင့်မားစေခြင်း၊ မြေဆီလွှာပိုးကျမှုလျော့ကျစေခြင်း၊ ဓာတ်မြေဩဇာများ အသုံးပြုမှုလျော့နည်းစေခြင်း၊ ဓာတ်မြေဩဇာများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုသက်သာစေခြင်း၊ ပုလဲဓာတ်မြေဩဇာသုံးအိတ်ခန့်နှင့်ညီမျှသော နိုက်ထရိုဂျင်ဓာတ်ကိုရရှိစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

**သုတကျော်**

# ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၈

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **(မိုး/ဇလ)**

◆ ကျောဖုံးမှအဆက်

အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ တည်ဆဲအစိုးရအပေါ် ဆန့်ကျင်နေသည့် အကြမ်းဖက်အဖွဲ့အစည်းအား ဤကဲ့သို့ ထိတွေ့ဆက်ဆံမှုပြုခြင်းသည် နိုင်ငံတကာ ကျင့်ဝတ်ဖောက်ဖျက်ခြင်းဖြစ်၍ တီမောလက်စ်တေ သံရုံးယာယီတာဝန်ခံအား ၅-၇-၂၀၂၃ ရက်တွင် ဆင့်ခေါ်ကာ ကန့်ကွက်ခဲ့သည်။ ထို့နောက် သံရုံးယာယီတာဝန်ခံကိုလည်း ၁-၉-၂၀၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံမှထွက်ခွာရန် နှင်ထုတ်ခဲ့သည်။ ထို့အပြင် တီမောလက်စ်တေနိုင်ငံ၏အာဆီယံအဖွဲ့ဝင် လျှောက်ထားမှုကိုလည်း အာဆီယံပဋိညာဉ်ပါ အခြေခံမူများကို လိုက်နာခြင်းမရှိ၍ ကန့်ကွက်ကြောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများအားလုံးထံစာရေးသား ပေးပို့အကြောင်းကြားခဲ့သည်။

အထက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ တီမောလက်စ်တေနိုင်ငံခြားရေးနှင့်ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးက ၅၈ ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပစဉ်ကာလအတွင်း ၈-၇-၂၀၂၅ ရက်၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ညွှန်ကြားရေးမှူးချုပ် ဦးကျော်ညွန့်ဦးထံ တွေ့ဆုံခွင့်တောင်းခံ၍ တွေ့ဆုံခဲ့စဉ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ ၁၀-၇-၂၀၂၅ ရက်တွင် စာပေးပို့၍လည်းကောင်း၊ ၁၈-၉-၂၀၂၅ ရက်တွင် တီမောလက်စ်တေနိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ်တွင်လည်းကောင်း တီမောလက်စ်တေနိုင်ငံသည် အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမပြုပါကြောင်းနှင့် အာဆီယံပဋိညာဉ်ပါ အခြေခံမူများကို အပြည့်အဝလေးစားလိုက်နာမည်ဖြစ်ပါကြောင်း အကြိမ်ကြိမ်ကတိကဝတ်ပြုခဲ့သည့်အတွက် တီမောလက်စ်တေနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် လျှောက်ထားမှုကို မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ကန့်ကွက်ခြင်းမပြုတော့ဘဲ အာဆီယံတူညီဆန္ဒဖြင့် လိုက်ပါဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ၉-၁၀-၂၀၂၅ ရက်တွင် ထိုစဉ်က အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံခြားရေးဝန်ကြီးထံသို့ အသိပေးခဲ့သည်။

တီမောလက်စ်တေနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်ပါ အခြေခံမူများနှင့်အညီ အခြားနိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ရာရောက်သည့် အပြုအမူများ ဆောင်ရွက်မည်မဟုတ်ကြောင်း အကြိမ်ကြိမ်ကတိပြုခဲ့သော်လည်း မြန်မာနိုင်ငံ၏ တည်ဆဲအစိုးရကို တီမောလက်စ်တေ၏ Public Prosecutor's Office တွင် တရားစွဲဆိုတိုင်ကြားမည့် ချင်းလူ့အခွင့်အရေးအဖွဲ့အား တီမောလက်စ်တေသမ္မတက လက်ခံတွေ့ဆုံ၍ အားပေးအားမြှောက်ပြုခြင်းသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းပင်ဖြစ်သည်။

မြန်မာအစိုးရသည် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သည့် တီမောလက်စ်တေနိုင်ငံ၏ အဆိုပါထိတွေ့ဆက်ဆံမှု၏အကြောင်းအရာ၊ သဘောသဘာဝနှင့် အကျိုးဆက်များအပေါ် ကန့်ကွက်ပြီး တရားဝင်ဆန့်ကျင်ကြောင်း မှတ်တမ်းတင်သည်။ သတင်းမှားများဖြန့်ဝေပြီး မတည်ငြိမ်မှုများကိုလှုံ့ဆော်ရန် ကြိုးပမ်းကာ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးကို ရည်ရွယ်ချက်ရှိရှိ ထိခိုက်စေရန် ဆောင်ရွက်နေသည့် အစိုးရဆန့်ကျင်ရေးအဖွဲ့များနှင့် တီမောလက်စ်တေအစိုးရက တရားဝင်ထိတွေ့ဆက်ဆံခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားရန်နှင့် အခြားအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမှရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည့် အာဆီယံပဋိညာဉ်ပါ အခြေခံမူများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်သည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေသံရုံးမှ သံရုံးယာယီတာဝန်ခံအား ၁၆-၁-၂၀၂၆ ရက်တွင် နေပြည်တော်သို့ ဆင့်ခေါ်၍ တီမောလက်စ်တေ၏ အာဆီယံပဋိညာဉ်ပါ အခြေခံမူများအား ချိုးဖောက်၍ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မှုအပေါ် ကန့်ကွက်ရှုတ်ချကြောင်းနှင့် ဖြေရှင်းပြန်ကြားပေးရန် တောင်းဆိုကြောင်း ဖော်ပြသည့် သတိထောက်လွှာ အားပေးအပ်ခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်**

# မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း / အားကစားရုံများ ငလျင်အပြီးတည်ဆောက်ရေးလုပ်ငန်း ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု လိုက်လံကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အားကစားကွင်း / အားကစားရုံများအား ငလျင်အပြီး ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းသို့ သွားရောက်၍ ငလျင်အပြီး ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းရှိဗထူးမိုးလုံလေလုံ အားကစားရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးမြို့ရှိ ပုဂ္ဂလိကလုပ်ငန်းရှင်မှ ငှားရမ်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံပိုင် ထွန်းလှဟိုတယ်သို့သွားရောက်ကာ ခရီးသွားရာသီအတွင်း လာရောက်တည်းခိုကြသည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကို တန်းပြည့်ဝန်ဆောင်မှုပေး၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တိုးချဲ့ဆောက်လုပ်မည့် စားသောက်ခန်းမနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်ရှိ ဝန်ထမ်းများ၏ ဝန်ဆောင်မှုအရည်အသွေးများ ယခုထက်ပိုမို အဆင့်မီကောင်းမွန်စေရေးအတွက် လိုအပ်သည်များဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမသန်စွမ်းအားကစားသမားများ၏ မသန်စွမ်းမှုအဆင့်သတ်မှတ်စစ်ဆေးနေမှုကို မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်အတူ (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့၏ မသန်စွမ်းမှုအဆင့်သတ်မှတ်စစ်ဆေးနေမှုများကို သွားရောက်ကြည့်ရှုလေ့လာသည်။



ဦးစွာ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ Nakhon Ratchasima Rajabhat University ဘောလုံးကွင်းအတွင်းရှိ Classification Room တွင် မသန်စွမ်းမှုအဆင့်သတ်မှတ်စစ်ဆေးနေသော မြန်မာမသန်စွမ်း ခုနစ်ယောက်တစ်ဖက်ဘောလုံးအသင်းမှ ကစားသမားများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး မြန်မာမသန်စွမ်းခုနစ်ယောက်တစ်ဖက်ဘောလုံးအသင်းတစ်ဦးချင်း မသန်စွမ်းမှုအဆင့်သတ်မှတ်စစ်ဆေးနေမှုကို ကြည့်ရှုလေ့လာကာ တာဝန်ရှိသူများနှင့်အုပ်ချုပ်/နည်းပြများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဘိုစီယာ၊ ဂိုးလ်ဘော၊ ပြေးခုန်ပစ်၊ ထိုင်လျက်ဘော်လီဘော၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်နှင့် Power-Lifting ကစားနည်းတို့မှ ကစားနည်းအလိုက် မြန်မာမသန်စွမ်းအားကစားသမားများ၏ မသန်စွမ်းမှုအဆင့်သတ်မှတ်စစ်ဆေးခြင်းများ၊ မြန်မာမသန်စွမ်းဘိုစီယာအသင်းနှင့် ဂိုးလ်ဘောအသင်းတို့၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြဝတီ

## သဇင်(FM) အသံလွှင့်အစီအစဉ်

၁၉-၁-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ဗဟိုအမျိုးသမီးဆေးရုံကြီး-ရန်ကုန်နှင့် ကလေးဆေးရုံကြီး-ရန်ကုန်တို့သို့ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း လှည့်လည်ကြည့်ရှု

ရန်ကုန်  ဇန်နဝါရီ  ၁၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဗဟိုအမျိုးသမီး ဆေးရုံကြီး-ရန်ကုန်သို့သွားရောက်၍ အရေးပေါ်လူနာဌာနတွင် လူနာများလက်ခံကြည့်ရှုပေးနေမှု၊ အရေးပေါ်ဌာနအဆောက်အအုံမွမ်းမံပြင်ဆင်ထားရှိမှု၊ သွေးလှူဘဏ်နှင့် ခွဲစိတ်ခန်းဌာနတို့တွင် အရေးပေါ်သွေးနှင့် သွေးပစ္စည်းများ ထုတ်ပေးနိုင်ရေးပြင်ဆင်ထားရှိမှု၊ အရေးပေါ်ခွဲစိတ်စစ်ဆေးမှုများ ၂၄ နာရီ ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လာရောက်ကုသမှုခံယူသော လူနာနှင့် မိသားစုများ၊ ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားသည်။



ထို့နောက် ဆေးရုံကြီး၏ အစည်းအဝေးခန်းမ၌ဆေးရုံအုပ်ကြီး၊ ပါမောက္ခအထူးကု/ဆရာဝန်ကြီးများ၊ သူနာပြုကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဗဟိုအမျိုးသမီး ဆေးရုံကြီး ရန်ကုန်သည် ကိုယ်ဝန်ဆောင်မိခင်များ၊ အမျိုးသမီးရောဂါများအတွက် မြန်မာနိုင်ငံတွင် အကြီးဆုံးကုသရေးဌာနဖြစ်ရာ ကျန်းမာရေးစောင့်ရှောက်မှုများ အရည်အသွေးကောင်းမွန်စေရေး၊ ဆေးရုံဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့် အညီ သူနာပြုသင်တန်းကျောင်းများကို သူနာပြုသိပ္ပံများအဖြစ်ပြောင်းလဲဖွင့်လှစ်နိုင်ရေးနှင့်သူနာပြုများ၏ရာထူးတိုးမြှင့်ရေးကိစ္စများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က ပံ့ပိုးပေးလျက်ရှိသည့် ထောက်ပံ့မှုများကို လူနာများ အကျိုးရှိစွာ ခံစားရရှိစေရေးအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပါမောက္ခအထူးကု/ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်မှုနှင့်လိုအပ်ချက်များ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မွေးကင်းစကလေးကြည့်ရှုကုသမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလေးဆေးရုံကြီး-ရန်ကုန်သို့ သွားရောက်၍ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ သွားနှင့်ခံတွင်းကုသခန်း၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်အခန်းတို့ကို ကြည့်ရှု၍ လိုအပ်သည်များမှာကြားကာ အသက် နှစ်နှစ်ရှိပြီဖြစ်သည့် ရင်ချင်းဆက်အမြွှာ မကြာညိုသင်းနှင့် မကြာညိုသိမ့်တို့ကို ကြည့်ရှုစောင့်ရှောက်မှုပေးနေသည့် အခြေအနေကို သွားရောက်ကြည့်ရှုပြီး ရင်ချင်းဆက်အမြွှာများ ခွဲစိတ်ကုသမှုဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိမှုများနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်း မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# လျှောင်ဘေးပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး



နေပြည်တော်  ဇန်နဝါရီ  ၁၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်ကြီးသို့သွားရောက်ပြီး မန္တလေးမြေလျှောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အစိတ်အပိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ရင်ပြင်တော်၊ ပစ္စယာနှင့်ပရိဝုဏ်များ ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ Cement grouting ဆောင်ရွက်နေမှုများ၊ Soil stabilization ဆောင်ရွက်နေမှုများ၊ Backhoe breaker ဖြင့် မူလရင်ပြင်တော်ကြမ်းခင်းအား တူးထုတ်ပြင်ဆင်နေမှုအခြေအနေများ၊ Bored pile(600mm 60' အနက်)တူးစက်များဖြင့် မြေကျင်းတူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စေတီတော်လိုဏ်အတွင်း ကွန်ကရစ်ကြမ်းခင်းအောက်ခြေရှိမြေသားများနိမ့်ကျမှုဖြစ်ပေါ်ခဲ့ပြီး စေတီတော်ပန်းတည်ခုံပတ်လည်ရှိ အုတ်ရိုးများ ကွဲအက်မှုများမှ Void Filling လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥပ္ပါတသန္တိစေတီတော်၏ သာသနိကအဆောက်အအုံများဖြစ်သည့် သာသနာ့မဟာဗိမာန်တော်၏ Portico Ceiling Board ပြား အနည်းငယ်ပျက်စီးခြင်း၊ Wall Crack ရှိ Portico Column များ Crack များ ဖြစ်ပေါ်ခဲ့မှုအခြေအနေများ၊ သံဃာရာမအဆောင်များရှိမျက်နှာကြက်ပျက်စီးခြင်းများ၊ Wall Crack များဖြစ်ပေါ်ပျက်စီးခဲ့မှုအခြေအနေများ၊ မာလိနီမင်္ဂလာရေကန်တော်အတွင်းကန်၏ ကန်နံရံပေါင်တစ်လျှောက်နှင့်အပြင်ကန်၏ မြောက်ဘက်ရှိ ကန်နံရံပေါင်တစ်လျှောက်တို့တွင် အက်ကွဲကြောင်းများ ပြန်လည်ပြုပြင်နေမှုအခြေအနေများ၊ ဂေါကပအဖွဲ့ရုံးအတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်မွမ်းမံရေးလုပ်ငန်းများ အမြန်ဆုံးပြီးစီးစေရန်နှင့် ရေရှည်ခိုင်ခံ့မှုရှိအောင် အလေးထားဆောင်ရွက်ရန်၊ သာသနိကအဆောက်အအုံအတွင်း/အပြင် ဥပဓိရုပ်ကောင်းမွန်စေရန်နှင့်သန့်ရှင်းသာယာလှပစေရေးအလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ရွှေရတုခန်းမဆောင်ဖွင့်ပွဲနှင့်အာစရိယပူဇော်ပွဲအခမ်းအနားကျင်းပ

ဟိုပုံး  ဇန်နဝါရီ  ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ရွှေရတုခန်းမဖွင့်ပွဲနှင့် အာစရိယပူဇော်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ရွှေရတုခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်နာယက ဦးတက်စိုးတို့က ရွှေရတုခန်းမဆောင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားကာ ကျောင်းအကျိုးတော်ဆောင်နာယက ဦးတက်စိုးက ရွှေရတုခန်းမဆောင်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျောင်းအကျိုးတော်ဆောင်ဒုတိယဥက္ကဋ္ဌက ရွှေရတုခန်းမဆောင်နှင့်ပတ်သက်သည့် ငွေစာရင်းများကို ရှင်းလင်းပြောကြားပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများကိုယ်စား ဒေါ်နန်းထွေးထွေးထိုက်နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကျောင်းအုပ်ကြီး ဦးလေးလွင်တို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့်ဇနီးတို့က ရွှေရတုခန်းမဆောင်ဖွင့်ပွဲအတွက် အလှူငွေများပေးအပ်ရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အကပဒေသာများဖြင့် ကပြဖျော်ဖြေပြီး ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများသည် နိဗ္ဗာန်ဈေးအား လှည့်လည်ကြည့်ရှုအားပေးသည်။ အဆိုပါအဆောက်အအုံသည် အလျားပေ ၁၂၀၊ အနံပေ ၆၀ ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ငွေကျပ်သိန်း ၁၆၀၊ ပညာရေးဝန်ကြီးဌာနမှ ခန်းမဆောင်အတွက် ငွေကျပ် ၁၉၈ သိန်းနှင့် ခန်းမဆောင်အဝင်လမ်းအတွက် ငွေကျပ်သိန်း ၁၂၀၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ မြို့မိမြို့ဖများမှ ငွေကျပ် ၁၅၃၇ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ရှိခိုးကန်တော့ကြပြီး ဖျော်ဖြေရေးများ၊ ကံစမ်းမဲအစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၄°C | / | ၃၁°C |
| ရန်ကုန် | ၁၆°C | / | ၃၂°C |
| မန္တလေး | ၁၄°C | / | ၃၁°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# KG+12 ပညာရေးစနစ်နှင့် ကာယပညာအခန်းကဏ္ဍ

မြတ်မင်းဦး
(ကာယ၊ ကျောင်းကျန်းမာ)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄) ရပ်အနက် တတိယအချက်ဖြစ်သော **နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး** ဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပညာရေးကဏ္ဍနှင့်ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးအား ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်၌ နေပြည်တော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားရာတွင် **“အခြေခံကျောင်းများအတွက် ကာယနည်းပြများလိုအပ်သောကြောင့် ကာယပညာနည်းပြများလေ့ကျင့်ခန့်အပ်သွားရန်လိုကြောင်း”**လမ်းညွှန်မှာကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်သစ် KG+12 သင်ရိုးညွှန်းတမ်းတွင် ကာယပညာဘာသာရပ်ကို ယခင်က တွဲဖက်ဝင်သင်ရိုးအဖြစ်သာထည့်သွင်းခဲ့ရာမှ ယနေ့သင်ရိုးသစ်စာသင်ချိန်များတွင် မသင်မနေရ ဘာသာရပ်အဖြစ်သင်ကြားပါရှိသည်။ မြန်မာနိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းသား၊ ကျောင်းသူများ ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများဖြစ်စေရန် ကာယပညာဘာသာရပ်သည် မရှိမဖြစ်လိုအပ်သည်။

ယနေ့ခေတ်တွင် ကာယပညာနှင့် အားကစားသည် ပညာရေး၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကာယပညာသည် ပညာရေးတစ်ခုလုံး၏ အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု၊ လှုပ်ရှားမှုစွမ်းရည်၊ ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မှု စွမ်းရည်၊ လူမှုဆက်ဆံရေးစွမ်းရည်၊ ဆင်ခြင်တုံတရား၊ စိတ်ပိုင်းဆိုင်ရာတည်ငြိမ်မှု၊ ကိုယ်ကျင့်တရားဆိုင်ရာ လုပ်ဆောင်ချက်များ၊ ကျန်းမာသော လူနေမှုပုံစံစသည့်ကဏ္ဍများနှင့် သန့်ရှင်းသော ပတ်ဝန်းကျင်ကိုမိတ်ဆက်ရန်အတွက် ရည်ရွယ်သည်။ အမျိုးသားပညာရေးရည်မှန်းချက် အောင်မြင်စေရန်အတွက် ကိုယ်လက်လှုပ်ရှားမှုနှင့် လေ့ကျင့်ခန်းတို့ကို ကျန်းမာရေးအတွက် စနစ်တကျရွေးချယ်လုပ်ဆောင်ရမည်ဖြစ်သည်။

ကျောင်းသားများနှင့် လူ့အဖွဲ့အစည်းအတွက် ကာယပညာသည် အကျိုးကျေးဇူးများစွာရှိသည်။ ကျောင်းအသိုက်အဝန်းအတွင်း၊ ကာယပညာအစီအစဉ်များကို သင့်လျော်စွာအကောင်အထည်ဖော်ပြီး အသုံးချပါက လူ့အဖွဲ့အစည်းကိုနည်းလမ်းများစွာဖြင့် အကျိုးပြုစေနိုင်သည်။ ကာယပညာသည်ကျောင်းသားများနှင့် လူ့အဖွဲ့အစည်းကိုအကျိုးပြုနိုင်သည့် နယ်ပယ်များစွာရှိပြီး အရှိန်၊ သွက်လက်မှု၊ တုံ့ပြန်မှုအချိန်၊ ဟန်ချက်ညီမှု၊ ညှိနှိုင်းမှုနှင့်အခြေခံလှုပ်ရှားမှုပုံစံများကဲ့သို့သော ကျွမ်းကျင်မှုဆိုင်ရာ အစိတ်အပိုင်းများကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ပေးနိုင်သည်။ ကာယပညာသည်ကျောင်းသားများနှင့်လူ့အဖွဲ့အစည်းကို ခွန်အား၊ ခံနိုင်ရည်၊ ပြောင်းလွယ်ပြင်လွယ်နှင့် နှလုံးသွေးကြော/အသက်ရှူလမ်းကြောင်းဆိုင်ရာ လုပ်ဆောင်ချက်များအပေါ်တွင် အထောက်အကူဖြစ်စေသည်။

> ✠✠✠ **မြန်မာနိုင်ငံ၏ပညာရေးစနစ်သစ် KG+12 သင်ရိုးညွှန်းတမ်းတွင် ကာယပညာဘာသာရပ်ကို ယခင်က တွဲဖက်ဝင်သင်ရိုးအဖြစ်သာ ထည့်သွင်းခဲ့ရာမှ ယနေ့သင်ရိုးသစ်စာသင်ချိန်များတွင် မသင်မနေရဘာသာရပ်အဖြစ် သင်ကြားပါရှိသည်။ မြန်မာနိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းသား၊ ကျောင်းသူများ ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများဖြစ်စေရန် ကာယပညာဘာသာရပ်သည် မရှိမဖြစ်လိုအပ် . . .**

(၂၁) ရာစုတွင် ကိုယ်လက်လှုပ်ရှားမှု၏ အရေးပါမှုကို ကျယ်ပြန့်စွာအသိအမှတ်ပြုခဲ့သည်။ ကာယလှုပ်ရှားမှုများသည် ကျန်းမာရေးအတွက် လူ့အဖွဲ့အစည်းအတွင်း ပေါင်းစည်းမှုနှင့် ကျန်းမာသောလူနေမှုပုံစံ၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကာယလှုပ်ရှားမှုကို ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းလမ်းတစ်ခုအဖြစ် အသုံးပြုနိုင်သည်။

အရည်အသွေးပြည့်မီသော ကာယပညာအစီအစဉ်များသည် တစ်သက်တာလုံးနှင့် ကျန်းမာရေးအတွက် အကာအကွယ်ပေးသည့် အကျိုးကျေးဇူးများအပြင် နေ့စဉ်ဘဝ၏ ရုပ်ပိုင်းဆိုင်ရာ အဓိကအချက်များအတွက် ကြိုတင်ပြင်ဆင်မှုနှင့် အားလပ်ချိန်များကို အသုံးပြုခြင်းအတွက် ရွေးချယ်စရာများကိုပံ့ပိုးပေးသည်။ ကာယပညာသည် လုပ်ဆောင်စရာလောကကြီးတွင် အပြည့်အဝပါဝင်မှုနှင့် အပြုသဘောဆောင်သော နိုင်ငံသားဖြစ်မှုတို့အတွက် အဓိပ္ပာယ်ရှိသော နည်းလမ်းများဖြင့် ကလေးများကိုပံ့ပိုးပေးသည်။ ကာယပညာသည် ဘဝ၏နယ်ပယ်အားလုံးတွင် အောင်မြင်မှုအတွက် အခြေခံဖြစ်သော ကျန်းမာသော လူနေမှုပုံစံများနှင့် ရုပ်ပိုင်းဆိုင်ရာစွမ်းရည်များကို မြှင့်တင်ပေးသည်။

ကာယပညာအစီအစဉ်များသည် ကြံ့ခိုင်မှုဆိုင်ရာ ဖြစ်ရပ်များကို တိုက်ရိုက်အကျိုးပြုသည်။ ရုပ်ပိုင်းဆိုင်ရာတက်ကြွသော နေထိုင်မှုပုံစံနှင့်နေထိုင်ရန် နည်းလမ်းကို ကလေးများသတိရှိစေရန်လည်း ကူညီပေးသည်။ ကျန်းမာပြီးရုပ်ပိုင်းဆိုင်ရာတက်ကြွသော လူငယ်များသည် ပညာရပ်ဆိုင်ရာလှုံ့ဆော်မှု၊ အာရုံစူးစိုက်မှုနှင့် မျှော်လင့်ချက်များဖြစ်လာမည်ဖြစ်သည်။ ပညာရေးနှင့် အားကစားသည် အမျိုးမျိုးသော သင်ရိုးညွှန်းတမ်းအများစုအတွက်သာဖြစ်ပြီး ၎င်းသည် ကလေးများအား လှုပ်ရှားမှုဆိုင်ရာကျွမ်းကျင်မှု၊ စိတ်ပိုင်းဆိုင်ရာအခြေအနေကိုမြှင့်တင်ရန် အခွင့်အရေးပေးသည့် တစ်ခုတည်းသော အစီအစဉ်ဖြစ်သည်။ ပညာရေးသည် ကလေးများအား ကိုယ်ကာယလှုပ်ရှားမှုမှရရှိသော အကျိုးကျေးဇူးအားလုံးကို လုံခြုံစိတ်ချရသော၊ စိတ်ကျေနပ်မှုဖြစ်စေသော ကိုယ်လက်လှုပ်ရှားမှုများကို ၎င်းတို့၏ဘဝထဲသို့ ထည့်သွင်းနိုင်စေမည့် ကျွမ်းကျင်မှုနှင့်အသိပညာတို့ကြောင့် အခြားသူများနှင့် မည်ကဲ့သို့ဆက်ဆံရမည်ကို ပုံဖော်ပေးသည့်ဖြစ်စဉ်တစ်ခုဖြစ်သည်။

ကာယပညာ၏ ရည်ရွယ်ချက်မှာ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ လှုပ်ရှားသွားလာမှုဖွံ့ဖြိုးတိုးတက်ရေး၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဟူ၍ လေးမျိုးခွဲခြားနိုင်သည်။

ကိုယ်လက်လှုပ်ရှားမှုသည် အရေးကြီးပြီး ကလေးများနှင့်ဆယ်ကျော်သက်များအား တက်ကြွသော နေထိုင်မှုပုံစံဖြင့် နေထိုင်ခြင်းကြောင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာရရှိနိုင်သည်။ ဤအကျိုးကျေးဇူးများတွင် နှလုံးသွေးကြောဆိုင်ရာကြံ့ခိုင်မှုအဆင့်မြင့်မားခြင်း၊ ကြွက်သားများသန်မာခြင်း၊ အရိုးများသန်မာလာခြင်း၊ ခန္ဓာကိုယ်အဆီနည်းခြင်းဖြစ်နိုင်ခြေနှင့် စိုးရိမ်ပူပန်မှုနှင့် စိတ်ဓာတ်ကျခြင်း၏ လက္ခဏာများကို လျော့ကျစေခြင်းတို့ပါဝင်သည်။ အရွယ်ရောက်ပြီးသူအများစုသည် ပုံမှန်လေ့ကျင့်ခန်းလုပ်ခြင်းနှင့်ဆက်စပ်နေသော ကျန်းမာရေးအကျိုးကျေးဇူးများကို ခံစားသိရှိကြပြီး သူတို့၏နေထိုင်မှုပုံစံနှင့်အညီ လိုက်လျောညီထွေဖြစ်အောင်ပြုလုပ်ကြသည်။

> ✠✠✠ **ကာယပညာကိုအသုံးချခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများ၏ ကိုယ်ရည်ကိုယ်သွေး၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုနှင့် အသိပညာများဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်ပြီး နေ့စဉ်လှုပ်ရှားမှုများလုပ်ဆောင်ရာတွင် တက်ကြွနေစေရန်နှင့် ၎င်းတို့၏ဘဝတစ်လျှောက်လုံးလှုပ်ရှားမှုများကို ထိန်းသိမ်းနိုင်စေရန်ဖြစ် . . .**

“သမ္မဇဉ်စိတ်သည် သမ္မဇဉ်ခန္ဓာ၌ရှိ၏။”

လူတိုင်းကျန်းမာသောစိတ်ရှိရမည်၊ ကျန်းမာသောစိတ်ရှိရန် ကျန်းမာသောကိုယ်ခန္ဓာရှိရမည်ဖြစ်သည်။ ကျန်းမာသောလူများသည် ကျန်းမာသောလူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်သည်။ ကာယပညာသည် မှန်ကန်သောဦးတည်ချက်နှင့် လိုအပ်သောလုပ်ဆောင်ချက်များကို ပံ့ပိုးပေးသည့် အသိုက်အဝန်း၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနှင့်ကမ္ဘာတို့တွင်လည်း အဖွဲ့ဝင်များ၏ ကျန်းမာရေးကိုမြှင့်တင်ပေးနိုင်သည်။ ထို့ကြောင့် ကျန်းမာရေး၏ စိတ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုဆိုင်ရာ၊ လူမှုရေးနှင့် ရုပ်ပိုင်းဆိုင်ရာ အတိုင်းအတာများကို လွှမ်းခြုံထားသည့် ပညာရေးစနစ်သည် ကလေးများ၏ပတ်ဝန်းကျင်တွင် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မရှိမဖြစ်လိုအပ်လာကာ ကျန်းမာသောလူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လမ်းခင်းပေးနိုင်မည်ဖြစ်သည်။

ကာယပညာသည် ပညာရေးလုပ်ငန်းစဉ်တွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ပြီး ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် သုခချမ်းသာကိုမြှင့်တင်ပေးနိုင်သည့်အတွက် ကလေးများ၏လှုပ်ရှားကျွမ်းကျင်မှုအမျိုးမျိုးကို သင်ယူနေစဉ်တွင် ရုပ်ပိုင်းဆိုင်ရာစွမ်းရည်နှင့် ယုံကြည်မှုကိုဖွံ့ဖြိုးစေသည်။ ကျောင်း၏သင်ရိုးညွှန်းတမ်းနှင့် ကျောင်းအစီအစဉ်များအတွက် မရှိမဖြစ်လိုအပ်သော ကာယပညာအစီအစဉ်သည် အခြားသင်ကြားရေးနယ်ပယ်များမှ အသိပညာများကို ကာယလှုပ်ရှားမှုများနှင့် လှုပ်ရှားကျွမ်းကျင်မှုဆိုင်ရာနားလည်မှုတို့ကို ပေါင်းစပ်ပေးပြီး ကာယပညာသည် မိမိကိုယ်ကိုလေးစားမှုမြှင့်တင်ရန် မျှဝေထားသော သင်ရိုးညွှန်းတမ်းပန်းတိုင်များအတွက် ထူးခြားသော ပံ့ပိုးပေးမှုလည်းဖြစ်သည်။ မိမိကိုယ်ကိုဦးတည်ဆောင်ရွက်မှု၊ အပြုသဘောဆောင်သော လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်သော အပြုအမူများအပြင် ရုပ်ပိုင်းဆိုင်ရာတက်ကြွပြီး ကြံ့ခိုင်သော ကလေးများအဖြစ် စိတ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာအဆင့်အတန်းတို့ကို မြှင့်တင်ပေးသောကြောင့် ကိုယ်ကာယလှုပ်ရှားမှုများသည် ကြံ့ခိုင်မှုနည်းသူများထက် ပျမ်းမျှအမှတ်ပိုများနိုင်သည်။

ကျောင်းများတွင် ကာယပညာသည် ကျောင်းသားများ၏ သက်ဆိုင်ရာကိုယ်လက်လှုပ်ရှားမှုများကို ပံ့ပိုးကူညီရန်အတွက် ကျွမ်းကျင်မှု၊ အသိပညာနှင့် သိမြင်မှုဆိုင်ရာကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပြင်ဆင်ထားသည့် သင်ရိုးညွှန်းတမ်းတစ်ခုဖြစ်သည်။ ကာယပညာကို အသုံးချခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများ၏ ကိုယ်ရည်ကိုယ်သွေး၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုနှင့်အသိပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်ပြီး နေ့စဉ်လှုပ်ရှားမှုများလုပ်ဆောင်ရာတွင် တက်ကြွနေစေရန်နှင့် ၎င်းတို့၏ဘဝတစ်လျှောက်လုံးလှုပ်ရှားမှုများကို ထိန်းသိမ်းနိုင်စေရန်ဖြစ်သည်။ ကာယပညာဆိုင်ရာ ပညာရေးတွင် ကျောင်းသားများ၏ ပါဝင်မှုအခန်းကဏ္ဍသည် ကျောင်းသားများ၏ လှုပ်ရှားမှုကျွမ်းကျင်မှု၊ ကိုယ်ရည်ကိုယ်သွေးနှင့် သိမြင်မှုအဆင့်ကို တိုးမြှင့်ရာတွင် အလွန်အကျိုးရှိသည်။ ဤအားသာချက်သည် မိမိကိုယ်ကိုနှင့် ကျောင်းသားများ၏အမူအကျင့်များ ပြောင်းလဲခြင်းအတွက် ပံ့ပိုးပေးသည့် ကျန်းမာသော လူနေမှုပုံစံတွင်ပါဝင်ခြင်း၏ အရေးပါမှုကိုသတိပြုမိစေသည်။ ထို့ပြင် ကျောင်းသားများ၏ ကျွမ်းကျင်မှုကိုပံ့ပိုးရာတွင် ဆရာများ၏တီထွင်ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုများလိုအပ်သည်။

ကိုယ်လက်လှုပ်ရှားမှုစွမ်းရည်များမြှင့်တင်ခြင်းသည် ပညာရေးတွင်အရေးကြီးသော ပန်းတိုင်တစ်ခုဖြစ်သည်။ ငယ်ရွယ်သောကလေးများ၏ သဘာဝလှုပ်ရှားမှုများအားလုံးသည် အားထုတ်မှုနှင့်လေ့ကျင့်မှုတို့ဖြင့် တဖြည်းဖြည်းပိုမိုရှင်းလင်းလာသည်။ လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ခုန်ခြင်း၊ ပစ်ခြင်း၊ ဖမ်းခြင်းနှင့် ခန္ဓာကိုယ်ကို ဟန်ချက်ညီစေခြင်းစသည့် အခြေခံလှုပ်ရှားမှုများကို လွယ်ကူပြေပြစ်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ငယ်ရွယ်စဉ်ကတည်းက စနစ်တကျလမ်းညွှန်ပြသထားသော ကလေးများသည် ၎င်းတို့၏ ကြွက်သားများနှင့် အာရုံကြောစနစ်ကြားဆက်စပ်မှုကို တိုးတက်စေပြီး အထက်ဖော်ပြပါအခြေခံလုပ်ဆောင်ချက်များကို မကြာခဏလုပ်ဆောင်ခြင်းဖြင့် ကျွမ်းကျင်လာမည်ဖြစ်သည်။

စာမျက်နှာ ၁၄ သို့ ❐

❒ **စာမျက်နှာ ၁၃ မှအဆက်**

ကာယပညာကိုလေ့လာသင်ယူခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများ မလွဲကေန်ရရှိမည်ဖြစ်သည်။

**ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကိုတိုးတက်စေခြင်း-** ကာယပညာသည် ကလေးများ၏ ကြွက်သားကြံ့ခိုင်မှု၊ ပျော့ပျောင်းမှု၊ ကြွက်သားခံနိုင်ရည်၊ ခန္ဓာကိုယ်ဖွဲ့စည်းမှုနှင့် နှလုံးသွေးကြောဆိုင်ရာခံနိုင်ရည်တို့ကို တိုးတက်စေသည်။

**ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ခြင်း-** ကာယပညာသည် ကာယလှုပ်ရှားမှုများတွင် ဘေးကင်းသော၊ အောင်မြင်ပြီး စိတ်ကျေနပ်ဖွယ်ပါဝင်မှုကို ခွင့်ပြုပေးသော လှုပ်ရှားမှုဆိုင်ရာကျွမ်းကျင်မှုကို ဖွံ့ဖြိုးတိုးတက်စေသည်။

**ပုံမှန်ကျန်းမာသော ကိုယ်လက်လှုပ်ရှားနိုင်ခြင်း-** ကာယပညာသည် ကလေးတိုင်းအတွက် ကောင်းမွန်သော ကိုယ်လက်လှုပ်ရှားမှုများကို ပံ့ပိုးပေးသည်။

**အခြားဘာသာရပ်နယ်ပယ်များအား ပံ့ပိုးကူညီခြင်း-** သင်ရိုးညွှန်းတမ်းအတွင်း သင်ယူခဲ့သောအသိပညာကို အားကောင်းစေသည်။

**ပိုမိုကောင်းမွန်သော အကဲဖြတ်နိုင်ခြင်း-** အရည်အသွေးရှိသောပညာရေးသည် စာရိတ္တဖွံ့ဖြိုးတိုးတက်မှုကိုသက်ရောက်စေနိုင်သည်။ ကျောင်းသားများသည် ခေါင်းဆောင်မှုခံယူရန်၊ အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အရေးရှိသည်။ လုပ်ဆောင်ချက်များနှင့် စည်းမျဉ်းများဆိုင်ရာ မေးခွန်းများမေးပြီး ၎င်း၏ကိုယ်ပိုင်အပြုအမူအတွက် တာဝန်ရှိကြောင်း လက်ခံနိုင်ရမည်။

**စိတ်ဖိစီးမှုလျှော့ချနိုင်ခြင်း-** ကိုယ်လက်လှုပ်ရှားမှုများသည် စိတ်ဖိစီးမှုနှင့်စိုးရိမ်ပူပန်မှုများကို သက်သာစေပြီး စိတ်ပိုင်းဆိုင်ရာတည်ငြိမ်မှုနှင့်လိုက်လျောညီထွေဖြစ်စေရန်အတွက် လွယ်ကူချောမွေ့စေသည်။

**နိုင်မာသောရွယ်တူချင်းဆက်ဆံရေး-** ကာယပညာသည် များသောအားဖြင့် ကလေးများအား အခြားသူများနှင့် အောင်မြင်စွာပေါင်းစည်းနိုင်စေပြီး လူတို့အား အပြုသဘောဆောင်သော စွမ်းရည်များရရှိစေရန် ကူညီပေးသောအရေးကြီးသော စွမ်းအားတစ်ခုဖြစ်သည်။ အထူးသဖြင့် ကလေးဘဝနှောင်းပိုင်းနှင့် ဆယ်ကျော်သက်အရွယ်များတွင် အက၊ အားကစားနှင့် ဂိမ်းများတွင် ပါဝင်နိုင်သည့် စွမ်းအားရှိခြင်းသည် မွန်မြတ်သောယဉ်ကျေးမှု၏ အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။

**မိမိကိုယ်မိမိယုံကြည်မှုနှင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကိုမြှင့်တင်ခြင်း-** ကာယပညာသည် ကိုယ်လက်လှုပ်ရှားမှုစွမ်းရည်နှင့် စိတ်ကူးစိတ်သန်းများကို ကျွမ်းကျင်သောကလေးများအတွက် မိမိကိုယ်ကိုတန်ဖိုးရှိစေမည့်နည်းလမ်းများကို ထည့်သွင်းပေးထားခြင်းဖြင့် ကလေးများအား ယုံကြည်မှုပိုမိုခိုင်မာလာစေပြီး အမှီအခိုကင်းစွာ ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်လာနိုင်မည်ဖြစ်သည်။

**သတ်မှတ်ထားသော ရည်မှန်းချက်များ-** ကာယပညာသည် ကလေးများအား ကိုယ်ပိုင်အောင်မြင်နိုင်သော ပန်းတိုင်များအတွက် စနစ်တကျ ရုန်းကန်နိုင်စေသည်။

National Association of Sport and Physical Education နှင့် American Heart Association တို့သည် ကာယပညာတွင် ပါဝင်ခြင်းဖြင့် ကိုယ်လက်လှုပ်ရှားမှုများ အောင်မြင်သည်ဟု ယုံကြည်ကြပြီး လူတစ်ဦး၏အလုံးစုံကျန်းမာရေးကို တိုးတက်ကောင်းမွန်စေကာ နာတာရှည်ရောဂါများစွာနှင့် ဆက်စပ်နေသော သိသာထင်ရှားသော ကျန်းမာရေးပြဿနာများ၏ အကောင်းဆုံးကာကွယ်မှုတစ်ခုဖြစ်သည် (ဥပမာ-အဝလွန်ခြင်း၊ သွေးပေါင်ချိန်မြင့်မားခြင်းနှင့် ကိုလက်စထရောများ) ဤကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အခြားကျောင်းသင်ဘာသာရပ်မရှိပါ။ ကျောင်းများသည် ကျွန်ုပ်တို့ကလေးများ၏ ကျန်းမာရေးကို ယခုနှင့်အနာဂတ်တွင် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုဖြစ်စေမည်ဆိုပါက ကာယပညာကို ကျောင်းများတွင် သင်ကြားရမည်ဖြစ်ပြီး အရည်အချင်းပြည့်မီသောဆရာများမှ သင်ကြားပေးမည်ဆိုပါက ကျန်းမာသော အမူအကျင့်များကို ကလေးများ အာရုံစိုက်နိုင်မည်ဖြစ်သည်။

**✠✠✠ ကျောင်းသား၊ ကျောင်းသူများအား စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းလုံးညီညွတ်မှုနှင့်ပြည့်စုံပြီး ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာရေး၊ KG+12 ပညာရေးစနစ်ကို စနစ်တကျအထောက်အကူဖြစ်စေရေးနှင့် အခြေခံပညာကျောင်းများတွင် လစ်လပ်နေသည့် အရည်အချင်းပြည့်မီသော ကာယပညာ ဆရာ၊ ဆရာမများ ဖြည့်ဆည်းခန့်ထားနိုင်ရေးတို့အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်နေပြီဖြစ် . . .**

ကျောင်းသား၊ ကျောင်းသူများအား စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းလုံးညီညွတ်မှုနှင့်ပြည့်စုံပြီး ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာရေး၊ KG+12 ပညာရေးစနစ်ကို စနစ်တကျ အထောက်အကူဖြစ်စေရေးနှင့် အခြေခံပညာကျောင်းများတွင် လစ်လပ်နေသည့် အရည်အချင်းပြည့်မီသော ကာယပညာ ဆရာ၊ ဆရာမများ ဖြည့်ဆည်းခန့်ထားနိုင်ရေးတို့အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါသည်။

ယနေ့ကျောင်းသားလူငယ်များသည် ပစ္စုပ္ပန်ကာလတွင်သာမက နောင်အနာဂတ်ကာလ၌တွင်ပါ နိုင်ငံတော်အတွက် အရေးပါသောအင်အားတစ်ရပ်ဖြစ်သည်။ ထို့ပြင် ကျောင်းသားလူငယ်များသည် တိုင်းပြည်ရှိ လူဦးရေတစ်ရပ်လုံးအနက် အချက်အချာအကျဆုံးနှင့် အရေးကြီးဆုံးအုပ်စုလည်း ဖြစ်သည်။ ယင်းကျောင်းသားလူငယ်များအား နိုင်ငံတော်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာကြစေရန်အတွက် ကျန်းမာကြံ့ခိုင်ရေးသည် အလွန်အရေးကြီးသည်။ ကျောင်းသား၊ ကျောင်းသူများအား အလုံးစုံကျန်းမာကြံ့ခိုင်စေရန်အတွက် အခြေခံပညာကျောင်းများ၏ ကာယပညာသင်ကြားမှုနှင့် လှုပ်ရှားမှုများတွင် ဆရာ၊ ဆရာမများ၏ ဦးဆောင်သင်ကြားမှုဖြင့် ကျောင်းသား၊ကျောင်းသူများအားလုံး ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်နိုင်ကြစေရန်အတွက် "KG+12 ပညာရေးစနစ်နှင့် ကာယပညာအခန်းကဏ္ဍ" ဆောင်းပါးကို ရေးသားတင်ပြလိုက်ရပါသည်။ ။

# မူးယစ်ဆေးဝါးအသိပညာပေးနှင့်စာပေဟောပြောပွဲကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ပလန-ဘပိတောက်မြိုင်ခေတ်မီစံပြကျေးရွာရှိ ကျေးလက်နေပြည်သူများ၊ လူငယ်လူရွယ် ကျောင်းသား၊ ကျောင်းသူများ စာပေ၏အကျိုးကျေးဇူးများ ပိုမိုသိရှိနားလည်လာစေရန်နှင့် မူးယစ်ကင်းစင်သည့် လူတော်လူကောင်းများဖြစ်ပေါ်လာစေရေးအတွက် မူးယစ်ဆေးဝါးအသိပညာပေးနှင့် စာပေဟောပြောပွဲကို ဇန်နဝါရီလ ၁၈ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြစ်ကြီးနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှုက မူးယစ်ဆေးဝါးအသိပညာပေးနှင့် စာပေဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် မူးယစ်ရဲတပ်ဖွဲ့စု



(၂)မှ ဒုတိယရဲမှူးဇော်မျိုးနိုင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ထက်က စာဖတ်ခြင်းဖြင့် ရရှိလာနိုင်သော အကျိုးကျေးဇူးများကိုလည်းကောင်း၊ ဝိုင်းမော်မြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခိုင်သက်မွန်က လူတော်လူကောင်းဖြစ်အောင် နေထိုင်ခြင်းနည်းလမ်းများကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာနေပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# ပဲခူးမြို့၌ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

**ပဲခူး ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းကာ တိုင်းရင်းသားလူငယ်များအတွက် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီးလူငယ်စင်တာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က အမှာစကားပြောကြား၍ နည်းပြဆရာများအား ဂုဏ်ပြုငွေများပေးအပ်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် အခမ်းအနားတက်ရောက်ကြသူများက သင်တန်းသား၊ သင်တန်းသူများကိုယ်တိုင်ပြုလုပ်ခဲ့ကြသည့်စားသောက်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုသည်။

အဆိုပါ တိုင်းရင်းသားလူငယ်များအတွက် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ဇန်နဝါရီလ ၁၃ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ပေးပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကာ သင်တန်းနည်းပြဆရာ၊ ဆရာမများက ကိတ်မုန့်နှင့်ပေါင်မုန့် အမျိုးမျိုးထုတ်လုပ်သည့် နည်းပညာများကို စာတွေ့လက်တွေ့သင်ကြားပေးကြကြောင်း သိရသည်။

**(၄၀၁)**

# မိုးနဲမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေး လှည့်လည်နှိုးဆော်

**မိုးနဲ ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)တွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲရုံသို့ မဲလာရောက်ပေးနိုင်ရေး လှည့်လည်နှိုးဆော်ခြင်းကို ဇန်နဝါရီလ ၁၈ ရက်တွင် မြို့ပေါ်ရပ်ကွက်များရှိ လမ်းဆုံနေရာများ၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ လှည့်လည်နှိုးဆော်ရာတွင် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)အတွက် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး ပြင်ဆင်ဖြည့်စွက်စိစစ်ပြီး သက်ဆိုင်ရာရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင်လည်းကောင်း၊ သက်ဆိုင်ရာ မဲရုံများတွင်လည်းကောင်း ကြေညာထားရှိပြီး အသက် ၁၈ နှစ်ပြည့်ပြီးသည့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိတို့၏အမည်စာရင်းကို သွားရောက်ကြည့်ရှု၍ မဲစာရင်းအမှတ်စဉ်ကို မှတ်သားကာ ဇန်နဝါရီလ ၂၅ ရက်တွင် နံနက် ၆ နာရီမှ ညနေ ၄ နာရီအတွင်း မဲလာရောက်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန်လှည့်လည်နှိုးဆော်ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးအတွက် ဘက်စုံအလှူတော်ငွေများကိုပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များကလက်ခံရယူစဉ်။

ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဘုရားကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များကလက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ဘုရားကြီးဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့၊ ပြည်နယ်ကွင်းတွင် ကျင်းပပြုလုပ်သည့် (၄၂)ကြိမ်မြောက် ကျိုင်းတုံမြို့နယ်၊ လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်သို့သွားရောက်၍ ဒေသရိုးရာအစားအသောက်များ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ဈေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းချနေသူများနှင့် လာရောက်စားသုံးကြသည့် ပြည်သူလူထုများ၊ နှစ်သစ်ကူးပွဲတော်သို့ လာရောက်ဆင်နွှဲ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၄၂)ကြိမ်မြောက် ကျိုင်းတုံမြို့နယ်၊ လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်တွင် ဈေးရောင်းချနေသူများနှင့် လာရောက်စားသုံးကြသည့် ပြည်သူလူထုများ၊ နှစ်သစ်ကူးပွဲတော်သို့ လာရောက်ဆင်နွှဲကြသည့် လားဟူတိုင်းရင်းသားများ၊ ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ **စာမျက်နှာ ၁၇ မှအဆက်**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ရုပ်ပွားတော်မြတ်ကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်ရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။

**ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဘုရားကြီးအား သောက်တော်ရေချမ်းနှင့် ပန်းမန်ဆီမီးတို့ကိုကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။ ... ကြသည့် လားဟူတိုင်းရင်းသားများ၊ ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ထောပတ်သီးရာသီကုန်ချိန်တွင် အရောင်းအဝယ်ကောင်းမွန်နေပြီး ဈေးကောင်းရရှိနေ



ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံမှထွက်ရှိသည့် ထောပတ်သီးကို ပြည်တွင်းစားသုံးမှုအပြင် ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိရာ လက်ရှိထောပတ်သီးရာသီကုန်ချိန်တွင် အရောင်းအဝယ်ကောင်းမွန်နေပြီး ဈေးကောင်းရရှိနေကြောင်း မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးမင်း၏ပြောဆိုချက်အရ သိရသည်။

“ဒီနှစ်က ထိုင်းနိုင်ငံကလည်း ကမ္ဘောဒီးယားနိုင်ငံကိုမတင်ပို့နိုင်တော့ အဝယ်နည်းတယ်၊ ဒါပေမဲ့ တရုတ်နိုင်ငံကိုတရားဝင်တင်ပို့ခွင့်ရအောင် ကြိုးစားနေပါတယ်။ တရားဝင်တင်ပို့ခွင့်ရရင် ဒီထက်ဈေးပိုကောင်းလာမှာပါ” ဟု ဦးကျော်မင်းစိုးကပြောသည်။

ထောပတ်သီးသည် အောက်တိုဘာလတွင် အသီးများစတင်ထွက်ရှိပြီး ထောပတ်ပင်သည် နှစ်ရှည်ပင်ဖြစ်ကာ စိုက်ပျိုးပြီး သုံးနှစ်ကြာလျှင် အသီးသီးကြောင်း၊ ထောပတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တောင်ကြီး၊ ဟိုပုံး၊ ညောင်ရွှေ၊ ဆီဆိုင်၊ ကလော၊ ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ ပင်လောင်း၊ ဖယ်ခုံတို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လားရှိုး၊ ကွတ်ခိုင်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချိုနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်တို့၌လည်းကောင်း စိုက်ပျိုးကြကြောင်း သိရသည်။ ဝါဝါ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လောကသရဖူစေတီတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိကအဆောက်အဦများတည်ဆောက်ထားရှိမှုနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်တော်စဉ် ဖွားပွင့်ဟောစံ သံဝေဇနိယ လေးဌာနတို့အား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

★ **ရှေ့ဖုံးမှအဆက်**

**လောကသရဖူစေတီတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်း တည်ထားကိုးကွယ်မည့် လောကသရဖူစေတီတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းသို့ရောက်ရှိကြပြီး မြေကြီးလုပ်ငန်းများဆောင်ရွက်ထားရှိမှု ပင်မစေတီတော်တည်ဆောက်ခြင်း၊ ရင်ပြင်ကြမ်းခင်းခြင်း၊ အရံစေတီများတည်ဆောက်ခြင်း၊ ပစ္စယံများကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စေတီတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဝစီပိတ်ဆရာတော်ကြီး၏ မိန့်ကြားမှုများအပေါ် လိုအပ်သည်များတင်ပြလျှောက်ထားကာ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှု တင်ပြချက်များအပေါ် ရေယိုစိမ့်ခြင်း၊ ရေတိုက်စားခြင်းများ မဖြစ်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်ကတည်းကပင်ရေဝပ်ရေထွက်နှင့်ရေထုတ်စနစ်များ စနစ်တကျဖြစ်စေရေး တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရာသီဥတုဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေး၊ လျှပ်စီးဘေးအန္တရာယ်များ အတိုင်းအတာတစ်ခုအထိ ခံနိုင်ရည်စံနှုန်းရှိစေရေးအတွက်လည်း တွက်ချက်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းဧရိယာ တောင်စောင်းများပေါ်၌ သစ်ပင်များကိုလည်း စနစ်တကျဖြင့်ပြန်လည်စိုက်ပျိုးသွားရန်လိုကြောင်း၊ ရင်ပြင်တော်ပေါ်၌ နေပူခံကျောက်ပြားများ ခင်းကျင်းရာ၌လည်း ဒီဇိုင်းရေးဆွဲပြီးမှသာ စနစ်တကျဖြင့် ခင်းကျင်းသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စေတီတော်ကြီးတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးရှိ ငြိမ်းချမ်းရေးခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗုဒ္ဓဥယျာဉ်ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိကအဆောက်အဦများတည်ဆောက်ထားရှိမှုနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်တော်စဉ် ဖွားပွင့်ဟောစံ သံဝေဇနိယလေးဌာနတို့အား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

**သတ္တ သတ္တာဟ မဟာဗောဓိ**
**စေတီတော်မြတ်ကြီး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိသတ္တ သတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ သောက်တော်ရေချမ်းနှင့် ပန်းမန်၊ ဆီမီးတို့ကိုကပ်လှူပူဇော်ကြသည်၊ ၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော်မြတ်ကြီး ဘက်စုံထိန်းသိမ်းဆောင်ရွက်ရန်အတွက်စုပေါင်းအလှူတော်ငွေများကိုပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်တစ်ဦးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သတ္တ သတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စေတီတော်မြတ်ကြီးရှိ ငြိမ်းချမ်းရေးခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဗုဒ္ဓဥယျာဉ်တော် သီလဓမ္မကုသိုလ်ဖြစ်ဆေးခန်း ဆောင်ရွက်ထားရှိမှုနှင့် သီလဓမ္မဆေးရုံတော်တည်ဆောက်ထားရှိမှုအခြေအနေများကို ကြည့်ရှုကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သုခမုတ်စုပန်းခင်းနေရာနှင့် ဗုဒ္ဓဥယျာဉ်ပြတိုက်တို့အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီး**

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ပန်း၊ ရေချမ်းနှင့်ဆီမီးများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကာ လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်လိုဏ်အတွင်း စကျင်ကျောက်များဖြင့် ထုဆစ်ပူဇော်ထားရှိသည့် ဗုဒ္ဓဝင်များကို လှည့်လည်ကြည့်ညိုကြသည်။

**စာမျက်နှာ ၁၅ သို့** ☆




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ သတ္တ သတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့်ဆီမီးများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုစဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗုဒ္ဓဥယျာဉ်တော် သီလဓမ္မကုသိုလ်ဖြစ်ဆေးခန်းဆောင်ရွက်ထားရှိမှုနှင့် သီလဓမ္မဆေးရုံတော်တည်ဆောက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar and SSPC Chairman Senior General Min Aung Hlaing pays homage to Thatta Thattaha Maha Bawdi Pagoda and Abhaya Razamuni Buddha Image in Buddha Park and Mahamuni Buddha Image in Kengtung, Shan State (East)

NAY PYI TAW January 18

Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing, accompanied by Presiding Patron of Thiladhamma Kontha Tawya Aggamaha Saddhammajotikadhaja Wasipaik Sayadaw Bhaddanta Kovida, Commission Secretary General Ye Win Oo and his entourages, the Shan State Chief Minister, the commander of Triangle Region Command and officials, this afternoon, visited Thatta Thattaha Maha Bawdi Pagoda and Abhaya Razamuni Buddha Image in the precinct of Buddha Park and Mahamuni Buddha Image, the magnificence of Kengtung in Shan State (East) and paid homage.



Senior General Min Aung Hlaing pays homage to Mahamuni Buddha Image in Kengtung.

**Construction site of Lawkatharaphu Pagoda**

The Senior General and party arrived at the construction site for Lawkatharaphu Pagoda to be built in the Buddha Park, and inspected progress in undertaking land preparations, construction of the main pagoda, placing of the platform, construction of the encircled Cetis, and filling the gravels at the terraces.

The Senior General supplicated necessary measures for the pagoda construction to the Wasipaik Sayadaw and gave guidance to officials. The Senior General said that to prevent water seepage and erosion, it is necessary to systematically carry out proper water inflow, outflow, and drainage systems from the very start of construction works. In addition,

See Page - 21 ●●



Senior General Min Aung Hlaing makes cash donation at Thatta Thattaha Maha Bawdi Pagoda.



Senior General Min Aung Hlaing views around the precinct of the Buddha Park.

# Bamauk Township harvests more than 20,000 acres of rainfed paddy



BAMAUK January 18

According to the data of the Katha District Agriculture Department, local farmers have harvested more than 20,000 acres of rainfed paddy in Bamauk Township of Sagaing Region this year.

Last year, they planted 38,857 acres of rainfed paddy. They started harvest of paddy in last September. So far, they have reaped 20,700 acres of paddy, yielding 88.90 baskets per acre.

Daw Khin Myat Myat Oo, Head of Katha District Agriculture Department, said: "Local farmers planted 38,857 acres of paddy in monsoon. Our department provided necessary techniques, quality seeds of paddy and other aid. Moreover, our staff made field trips to paddy farms for growing crops in time."

Officials from relevant Township Agriculture Department cooperated with local farmers in systematically growing paddy.

Moreover, officials urged local farmers to grow the crops with necessary techniques, prevent pests, minimize waste of crops and keep harvested crops under shelter in time.

Staff of the Township Agriculture Department helped local farmers select quality seeds of crops, prevent pests, weed crop plantations, remove different strains of crops and systematically feed fertilizers to the plantations.

**SMK**

# Yinmabin District completes harvest of all rainfed millets

YINMABIN January 18

All millets planted during last year's rainy season in Yinmabin District, Sagaing Region have been fully harvested, according to the Department of Agriculture for Sagaing Region.

In Yinmabin District, 29,093 acres of millets were planted during last year's rainy season, and the millets were harvested since August of that year.

"We have provided education to ensure the success of this year, the total area of millets cultivation in Yinmabin District is as per following: 10,971 acres in Yinmabin Township, 2,789 acres in Kani Township, 2,118 acres in Salingyi Township, and 13,215 acres in Pale Township, totalling 29,093 acres millets and to prevent the spread of pests and diseases," said Dr. Tin Mar Mar Oo, assistant director of the Department of Agriculture for Sagaing Region.

More than 50 baskets of seed corns are produced per acre, and the cost of planting per acre of seed corns is Ks-500,000.

A total of 15,000 corn ears of millets are produced per acre, and the cost of planting per acre is over Ks-500,000.

**SMK**

# Mawlaik Township cultivates over 1,000 acres of winter seed corn and millets

MAWLAIK January 18

More than 1,000 acres of seed corn and millets have been planted in Mawlaik Township, Mawlaik District, Sagaing Region during this year's winter crops planting season, according to the statistics of the Department of Agriculture for Mawlaik Township.

In the 2025-2026 winter crops planting season, Mawlaik Township is planning to plant 480 acres of seed corn and 3015 acres of millets, a total of 3,495 acres. Planting has begun since October last year. To date, 226 acres of seed corn and 795 acres of millets, a total of 1,021 acres, have been planted.

"We are working to achieve the target. We are providing education to help the sorghum grow successfully and to prevent the spread of pests and diseases," said Daw Kywe KyweHlaing, head of the Department of Agriculture for Mawlaik Township.

More than 50 baskets of seed corns are produced per acre, and the cost of planting per acre of seed corns is Ks-500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting per acre is over Ks-500,000. **SK**

# Long beans in Myanaung Township marketable due to high demand

MYANAUNG January 18

"Long beans produced by local farmers in Myanaung Township of Ayeyawady Region is in high demand at the domestic market," said Daw Nyo Nyo, the owner of green grocery trading commodity depot in Myanaung.

Long bean has been in high demand in trading at the green grocery market in Myanaung Township since the second week of last November. Some 2,500 viss to 5,500 viss are being traded at the 4 market on a daily basis. Now, the bean fetches Ks-9,500 per viss.

Daw Nyo Nyo remarked: "Long beans from Myanaung Township receive offers from other townships with high demand. At present, some 35,000 viss of long bean is being traded daily. Thanks to demand of domestic product, local consumers can buy the crops at cheaper prices. Due to high demand of crops, local farmers can earn increased incomes for their families."

At present, seasonal crops are harvested in Myanaung Township in addition to long bean. Local farmers prepare to expand croplands due to high demand at the market. Local farmers can consume fresh and healthy crops.

**SK**



# More than 1,000 acres of kitchen crops grown in Pwintbyu Township

PWINTBYU January 18

According to the township Agriculture Department, local farmers planted 1,034 acres of kitchen crops as cold season crops in Pwintbyu Township of Magway Region this year.

In Pwintbyu Township, 2,438 acres of kitchen crops have been planned for cultivation during this winter crop season. Planting began in last October, and as of today, a total of 1,034 acres have been cultivated.

"In Pwintbyu Township, we planned to cultivate 2,438 acres of kitchen crops this winter season. So far, 1,034 acres have been cultivated. Efforts are underway to ensure the full targeted acreage is achieved. To support successful cultivation and to ensure the crops produced are healthy and of good quality, we are guiding farmers to follow GAP practices, and to use natural fertilizers and natural pesticides through proper agricultural techniques," said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

During this winter season, local farmers in Pwintbyu Township, under the supervision of the Township Agriculture Department, have been working to meet the targeted acreage for kitchen crops. As of today, 490 acres of dried chili, 520 acres of red onion, and 24 acres of garlic — totalling 1,034 acres — have been cultivated.

If kitchen crops are cultivated with food safety, high yield, and quality in mind, they can satisfy local consumption needs and generate additional income through the sale of surplus produce, contributing to improved socio-economic conditions in the township. Therefore, efforts should be made to expand kitchen-crop cultivation, according to Daw Moe Moe Wai.

**SK**

# Trump wants to buy more icebreakers to patrol off Canada - Reports



MOSCOW January 18

US President Donald Trump has expressed interest in purchasing additional icebreakers to patrol waters off Canada, NBC News reported on Sunday, citing US officials.

Trump has expressed interest in acquiring more icebreakers for maritime patrols off Canada, which could be funded through the US defence budget for next year, the report said.

Trump has serious concerns about Canada's vulnerability to US opponents in the Arctic, officials said.

"The world doesn't see Canada as a major force when it comes to defense," a senior official said.

In early October, Trump said the US had ordered 11 icebreakers from Finland, with four to be built at Finnish shipyards and the rest in the United States.

In late November, Trump said the US lags significantly behind Russia in terms of the size of its icebreaker fleet.

**Sputnik**

# 8 European countries issue joint statement of "full solidarity" with Denmark over Greenland

OSLO January 18

In a rebuke to the latest tariffs announced by U.S. President Donald Trump, the eight European countries targeted by the tariffs issued a joint statement on Sunday, affirming their "full solidarity" with Denmark and Greenland and warning that the U.S. actions risk triggering a "dangerous downward spiral" in transatlantic relations.

The statement was issued by Denmark, Finland, France, Germany, the Netherlands, Norway, Sweden, and Britain.

The eight countries, all targeted by Trump's tariff threats on Saturday, stated that they are "committed to upholding our sovereignty" and stand ready for dialogue based on the principles of "sovereignty and territorial integrity." They condemned the U.S. tariffs, saying that they "undermine transatlantic relations," and vowed a "united and coordinated" response.

Trump said on Saturday that the United States will impose 10-percent tariffs on all goods from Denmark, Norway, Sweden, France, Germany, Britain, the Netherlands and Finland over Greenland starting on February 1.

The tariffs would increase to 25 percent on June 1, and would continue until a deal is reached for the United States to purchase Greenland, he said on social media.

Greenland is a self-governing territory within the Kingdom of Denmark, with Copenhagen retaining control over defense and foreign policy. The United States maintains a military base on the island. Since returning to office in 2025, Trump has repeatedly expressed a desire to "obtain" Greenland and has recently ramped up his threat.

**Xinhua**

# Israel to pilot EV charging using streetlight network

JERUSALEM January 18

Israel's Ministry of Energy and Infrastructure on Sunday announced a pilot program that will allow electric vehicles (EVs) to be charged using power from existing streetlights.

The ministry said the project aims to expand urban charging access by using current streetlight infrastructure, reducing the need for new construction, speeding up installation, and minimizing public disruption. It is primarily targeted at EV owners who cannot install private charging stations at home.

The initiative is one of 18 energy projects supported with 13.4 million shekels US$-4.22 million in government funding, focusing on renewable energy, storage, efficiency, and clean transportation.

**Xinhua**

# Iran working on security agreement with Iraq - Foreign Minister

BAGHDAD January 18

Iran is working with Iraq on a joint security agreement, Iranian Foreign Minister Abbas Araghchi said on Sunday at a press briefing with Iraqi Foreign Minister Fuad Hussein, who arrived in Tehran for a visit.

"We are working to achieve a joint agreement on security issues with Iraq," Araghchi said.

The withdrawal of US troops from Al-Asad Airbase in the west of Iraq is "proof of the strengthening of our security cooperation with Iraq," Araghchi added.

On Saturday, Ain al-Asad airbase came under the full control of the Iraqi army following the withdrawal of US-led international coalition forces fighting the Islamic State terrorist group.

In January 2020, the airbase was hit by an attack from Iran's Islamic Revolutionary Guard Corps, just a few days after the killing of top Iranian military commander Qassem Soleimani and some of his fellow officers in a US drone strike in Baghdad.

**Sputnik**

# Chile declares state of catastrophe in two regions after wildfires kill 16

SANTIAGO January 18

Chilean President Gabriel Boric announced a state of catastrophe in the regions of Nuble and Biobio on Sunday after forest fires killed at least 16 people.

"Given the serious fires currently underway, I have decided to declare a state of catastrophe in the regions of Nuble and Biobio. All resources are available," Boric said in a post on social media X.

**Xinhua**

# Philippine landfill landslide death toll reaches 36 as last missing worker found



MANILA January 18

The body of the last remaining missing person in the January 8 landfill landslide in the central Philippine city of Cebu was retrieved early Sunday, bringing the total number of victims who perished in the tragedy to 36, the country's Bureau of Fire Protection (BFP) said.

In a social media post, the BFP said all reported missing individuals had been accounted for as of 5:41 a.m. local time on Sunday, marking the completion of search, rescue, and retrieval operations nearly two weeks after the incident.

"Responding teams have completed systematic search, rescue, and retrieval operations, ensuring that no further missing persons remain," the bureau said, adding that coordination among ground units and partner agencies remains in effect as post-operation assessments and site monitoring continue.

The victims were among workers trapped inside a facility when a portion of a dumpsite collapsed on January 8, sweeping the structure in its path.

Cebu City officials said 18 people were rescued from the incident, all of whom sustained injuries. Of those injured, 14 have since been discharged from hospitals.

Authorities said they will continue to monitor the site while assessing safety conditions and reviewing protocols following the deadly collapse.

**Xinhua**

●● From Page - 18

construction must be carefully designed to ensure a certain level of resilience against weather impacts, natural disasters, and earthquake hazards. Trees should also be systematically replanted on the slopes within construction areas. Moreover, when laying sun-exposed tiles paving on the platforms, it is necessary to prepare proper designs in advance and carry out the work in an orderly and systematic manner.

The Senior General viewed round the construction site and gave necessary guidance.

The Senior General and party observed construction of religious structures in the park, and four magnificent venues of the Lord Buddha as birthplace, enlightenment, preaching and attainment of Parinibbana and gave instructions to officials to systematically maintain the structures for long term existence.

**Thatta Thattaha Maha Bawdi Pagoda**

The Senior General and party paid homage to the Buddha Image at the Thatta Thattaha Maha Bawdi Pagoda in the precinct of the Buddha Park and offered water, flower and oil light. The Senior General and party donated cash to the fund of the pagoda for overall renovation to a member of the Pagoda Board of Trustees.

The Senior General and party paid homage to the Buddha Image on the upper terrace and went round the pagoda clockwise.

The Senior General beat the peace bell.

The Senior General viewed operation of the Thiladhamma charity clinic in the park and construction of the Thihadhamma Hospital and left necessary instructions.

The Senior General and party visited the Thukha Hmatsu Flower Plantation in the park and the Buddha Museum.

**Abhaya Razamuni Buddha Image**

The Senior General and party offered flower, water and oil lights to Abhaya Razamuni Buddha Image and went it round clockwise. The Senior General and party also looked into the Buddhological episodes portrayed by marble stones in the cave of the Buddha Image.

The Senior General donated cash for overall renovation of the image to members of the Pagoda Board of Trustees.



Senior General Min Aung Hlaing visits Lawka Tharaphu Pagoda in Kengtung.

**Magnificent Mahamuni Buddha Image in Kengtung**

In the evening, the Senior General and party paid homage to Mahamuni Buddha Image in Kengtung where they were welcomed by members of the Image Board of Trustees. The Senior General offered water, flowers and oil light to the Image and paid homage.

The Senior General then donated cash to the overall renovation of the image to members of the Pagoda Board of Trustees.

The Senior General signed the guest book of the image.

The Senior General and party went to the 42nd Lahu Traditional New Year Festival at the Shan State ground in Kengtung and viewed round sales of traditional foods, textiles, utensils and shops and cordially greeted vendors and people, and Lahu ethnic people and residents who enjoyed the festival. **100**



Senior General Min Aung Hlaing visits the museum of Abhaya Razamuni Buddha Image.

# Traders from Maubin Township supply large volume of Aemahta rice to Yangon market

MAUBIN January 18

"Local merchants from Maubin Township of Ayeyawady Region sent 65,000 bags of Aemahta rice to Yangon market within one month," said Daw Than Swe, the owner of rice and paddy trading depot in Maubin Township.

From Maubin Township, up to 65,000 bags of Aemahta (24-basket bags) were exported and sold to the Yangon market. This rice type is classified under the non-premier rice group.

"In the past month, we exported and sold a large volume of Aemahta paddy bags to the Yangon market. Maubin Township exports most of its farm produce to the Yangon market. There are ongoing purchase arrangements from Yangon traders to buy large quantities of Aemahta rice this month as well. Both in the past month and at present, Aemahta rice has seen increased trading activity. We mainly transport the rice bags to market by road," said Daw Than Swe.

The Aemahta 24-basket rice exported from Maubin Township to the Yangon market is priced at up to Ks-85,500 per bag.

As trading of this paddy type has improved, farmers, traders, cargo workers, and truck operators are gaining employment opportunities. **SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နှစ်ခြမ်းကွဲနေတဲ့ဥရောပနဲ့ လက်တွေ့မဖြစ်လာနိုင်သေးတဲ့အိပ်မက်



ဒီနေ့ခေတ် ကမ္ဘာ့ဇာတ်ခုံပေါ်မှာ ဥရောပလို့ ပြောလိုက်ရင် ကျွန်တော်တို့အနေနဲ့ပြေးမြင်မိတာက စည်းလုံးညီညွတ်မှုရှိတဲ့ ဥရောပသမဂ္ဂ (EU) ဆိုတဲ့ အင်အားစုကြီးပါ။ ဒါပေမဲ့ ကန့်လန့်ကာနောက်ကွယ်ကအရှိတရားကို သေချာစေ့စေ့ကြည့်လိုက်ရင်တော့ ဥရောပဟာ "တစ်အိမ်ထောင်တည်းမှာ နှစ်စိတ်ကွဲနေတဲ့ မိသားစု" တစ်ခုလို ဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။ အထူးသဖြင့် တရုတ်နဲ့ အာရှနိုင်ငံတွေအပေါ် ဆက်ဆံတဲ့နေရာမှာ ဥရောပဟာ သူ့ရဲ့မူလအိပ်မက်ဖြစ်တဲ့ "ကမ္ဘာ့တတိယအင်အားစု" အဖြစ် ရပ်တည်နိုင်ဖို့ထက် အတွင်းပိုင်းက အားပြိုင်မှုတွေကြားမှာတင် လုံးချာလိုက်နေတာက ပိုပြီး သိသာလာပါတယ်။

လက်ရှိနောက်ဆုံးဖြစ်ပေါ်နေတဲ့ ကိစ္စတွေထဲကမှ အထင်ရှားဆုံးတစ်ခုကိုပြန်ကြည့်ရင် ဂရင်းလန်းကျွန်းကို အမေရိကန်ကလိုချင်နေတဲ့ကိစ္စပါ။ ဂရင်းလန်းကျွန်းကို ဒိန်းမတ်နိုင်ငံက ပိုင်ဆိုင်ပါတယ်။ ဂရင်းလန်းကျွန်းရဲ့အရွယ်အစားနဲ့ ဒိန်းမတ်နိုင်ငံရဲ့အရွယ်အစားကိုနှိုင်းယှဉ်ကြည့်ရင် ဆင်နဲ့ဆိတ်လောက်ကွာနေတာပါ။ ဒီအခြေအနေကို အကြောင်းပြပြီး အမေရိကန်နိုင်ငံက ဂရင်းလန်းကျွန်းကို အမျိုးသားလုံခြုံရေးဆိုတဲ့ခေါင်းစဉ်အောက်ကနေ တရားဝင်သည်ဖြစ်စေ တရားမဝင်သည်ဖြစ်စေ သိမ်းပိုက်နိုင်ဖို့ကြိုးပမ်းလာနေတာဖြစ်ပါတယ်။ ဒီကြိုးပမ်းမှုဟာ ဥရောပသမဂ္ဂရဲ့စည်းလုံးညီညွတ်မှုကို ဖြိုခွဲတော့မယ့်အက်ကြောင်းကြီးဖြစ်လာတာကိုတွေ့ရပါတယ်။ ဒီအက်ကြောင်းကြီးက သူ့အလိုလိုဖြစ်ပေါ်လာတာလား။ ဒါမှမဟုတ် ဖြစ်လာရတဲ့အကြောင်းရင်းရှိနေလားဆိုတာ ဆက်ပြီးဖတ်ကြည့်ရအောင်ပါ။

## တစ်မိုးအောက်က လမ်းခွဲနှစ်ခု

ဥရောပဟာ ကမ္ဘာကြီးနဲ့ထိတွေ့ဆက်ဆံတဲ့အခါ အဖွဲ့အစည်းဆိုင်ရာ မူဘောင်တစ်ခုတည်းမှ စကားပြောနေတယ်လို့ထင်ရပေမယ့် တကယ်တမ်းတော့ လုံးဝခြားနားတဲ့ ဥရောပနှစ်ခုအဖြစ် လည်ပတ်နေတာကိုတွေ့ရမှာပါ။ ဒါကို ကျွန်တော်တို့က "မဟာဗျူဟာမြောက်မှီခိုနေရတဲ့ ဥရောပ" (Strategic Dependence) နဲ့ "စံနှုန်းတွေကို အခိုင်အမာ ပြောဆိုနေတဲ့ ဥရောပ" (Normative Assertion) လို့ ခွဲခြားပြီးမြင်နိုင်ပါတယ်။ ဒီနှစ်ခုကြားက ပဋိပက္ခဟာ တရုတ်နိုင်ငံအပါအဝင် အာရှဒေသရှိမိတ်ဖက်နိုင်ငံများအတွက် နားလည်ရခက်တဲ့ပဟေဠိတစ်ခုလိုဖြစ်နေရုံတင်မက လက်တွေ့ကျတဲ့ ပထဝီနိုင်ငံရေးအကျပ်အတည်းကိုပါ ဖြစ်ပေါ်စေပါတယ်။

ပထမဥရောပကတော့ "နေတိုးဥရောပ" (NATO Europe)ပါ။ သူကတော့ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ရှင်သန်မှုနဲ့လုံခြုံရေးအတွက် အမေရိကန်ရဲ့စစ်ရေးအင်အားအပေါ်ကိုပဲ ကျောက်ချအားကိုးနေတာပါ။ ဆယ်စုနှစ်ပေါင်းများစွာကြာ အမေရိကန်နဲ့ပေါင်းစပ်ထားတဲ့ ကာကွယ်ရေးစနစ်တွေ၊ ထောက်လှမ်းရေးသတင်းအချက်အလက်မျှဝေမှုတွေနဲ့ စစ်လက်နက်ပစ္စည်းဝယ်ယူမှုတွေက ဥရောပရဲ့ လုံခြုံရေးအချုပ်အခြာအာဏာဟာ အမေရိကန်လက်ထဲမှာ ရှိနေသကဲ့သို့ ဖြစ်နေပါတယ်။ ဒီတော့ နည်းပညာပြိုင်ဆိုင်မှု၊ အခွန်ကိစ္စ ဒါမှမဟုတ် တရုတ်(တိုင်ပေ)အရေးအစရှိတဲ့ ကိစ္စကြီးတွေပေါ်လာတိုင်းမှာ ဥရောပရဲ့ရပ်တည်ချက်ဟာ အမေရိကန်ရဲ့ ရည်မှန်းချက်တွေနဲ့ ကြိုတင်ညှိနှိုင်းပြီးသား လက်အောက်ခံအနေအထားမျိုး အမြဲတမ်းရောက်နေတတ်ပါတယ်။

ဒုတိယဥရောပကတော့ "လူမှုနိုင်ငံရေးဥရောပ" ပါ။ သူကတော့ ကိုယ့်ကိုယ်ကိုယ် စစ်ဝါဒီအလွန် စံနှုန်းတွေ၊ တန်ဖိုးထားမှုတွေနဲ့ ကမ္ဘာကြီးကို လွှမ်းမိုးမယ့် အင်အားစုကြီးအဖြစ် မြင်ပါတယ်။ "လူ့အခွင့်အရေး"၊ "ဒီမိုကရေစီ" နဲ့ "စည်းမျဉ်းအခြေပြုနိုင်ငံတကာစနစ်" ဆိုတာတွေကို အမြဲတမ်းပင်ရှေ့တန်းတင်တတ်ပြီး အမေရိကန်ရဲ့ တစ်ဦးတည်းသဘောထားနဲ့အကောင်အထည်ဖော်လုပ်ဆောင်မှုတွေအပေါ်မှာတောင်မှ ကိုယ်ကျင့်တရားအရ ဝေဖန်လေ့ရှိပါတယ်။ ဒီနှစ်ခုရဲ့ ဆန့်ကျင်ဘက် အားပြိုင်မှုတွေကပဲ ဥရောပကို ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမှာ ပိတ်မိနေစေတာပါ။

## အများမြင်တဲ့ ဥရောပ

ဥရောပအနေနဲ့ဒီလိုနှစ်ခြမ်းကွဲနေမှုက တရုတ်နဲ့ အာရှနိုင်ငံတွေအတွက်တော့ ယုံကြည်မှုပိုင်းဆိုင်ရာ အားနည်းချက်ကို ဖြစ်စေပါတယ်။ ဥပမာ- ဥရောပက "စည်းမျဉ်းအခြေပြု နိုင်ငံတကာစနစ်" အကြောင်းတွေ ဟောပြောနေပေမယ့် လက်တွေ့မှာတော့ သူ့ရဲ့အဆုံးစွန်သောလုံခြုံရေးကို အမေရိကန်ဆီ ယုံကြည်ပုံအပ်ထားတာဖြစ်ပါတယ်။ အမေရိကန်က တရုတ်ကို "ရန်သူ" ဒါမှမဟုတ် "ပြိုင်ဘက်" လို့ပြတ်ပြတ်သားသားသတ်မှတ်ထားချိန်မှာ ဥရောပက တရုတ်နဲ့ "မဟာဗျူဟာမြောက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" (Strategic Autonomy) အကြောင်းပြောနေတာဟာ အာရှနိုင်ငံတွေအတွက်တော့ ဟန်ပြသက်သက်လို့ထင်စရာဖြစ်နေပါတယ်။

တစ်နည်းပြောရမယ်ဆိုရင် ဥရောပဟာ တန်ဖိုးထားမှုတွေအကြောင်း ကမ္ဘာကြီးကို ဆုံးမဩဝါဒပေးနေပေမယ့် ကိုယ့်အိမ်တံခါးကို စောင့်ဖို့ကျတော့ တခြားသူဆီ အငှားချထားတဲ့ ပုံစံမျိုးဖြစ်နေပါတယ်။ ဒါဟာ လွတ်လပ်တဲ့ အင်အားစုကြီးတစ်ခုအဖြစ် ရပ်တည်မယ့် အိပ်မက်ကိုယိုယွင်းစေတဲ့အဓိကအချက်ပါပဲ။ အာရှနိုင်ငံတွေက ဥရောပရဲ့စံနှုန်းတွေကို အလေးမထားတာမဟုတ်ပေမယ့် လုံခြုံရေးအရ ကိုယ့်ခြေထောက်ပေါ်ကိုယ်မရပ်နိုင်တဲ့ နိုင်ငံရေးအပြောအဆိုတွေကိုတော့ အလေးအနက်မထားတော့တာ အမှန်တရားပါပဲ။

## ဥရောပရဲ့မှေးမှိန်လာတဲ့ အခန်းကဏ္ဍ

ဥရောပနဲ့ တရုတ်ဆက်ဆံရေးဟာ လမ်းကြောင်းနှစ်ခုကြားမှာ ပြင်းပြင်းထန်ထန်ဆွဲငင်ခံနေရပါတယ်။ တစ်ဖက်က ကြည့်မယ်ဆိုရင်တော့ စီးပွားရေးအရ အပြန်အလှန် မှီခိုနေရတာကြောင့် လက်တွဲချင်ကြတယ်။ အထူးသဖြင့် ဂျာမနီနိုင်ငံရဲ့ ကားလုပ်ငန်းများ၊ ပြင်သစ်နိုင်ငံရဲ့ ဇိမ်ခံပစ္စည်းလုပ်ငန်းများက တရုတ်ဈေးကွက်မရှိဘဲ မရပ်တည်နိုင်ပါဘူး။ ဒါပေမဲ့ "နေတိုးဥရောပ" ရဲ့ လုံခြုံရေးဆိုင်ရာ ယုတ္တိကတော့ တရုတ်နိုင်ငံကို သံသယမျက်လုံးနဲ့ကြည့်ဖို့၊ တားဆီးဖို့ ဖိအားပေးနေပါတယ်။

ရလဒ်ကတော့ မူဝါဒတွေက အပိုင်းပိုင်းပြတ်နေတာပါပဲ။ အစိမ်းရောင်နည်းပညာတွေမှာ ပူးပေါင်းဆောင်ရွက်ချင်ပေမယ့် "အန္တရာယ်လျှော့ချရေး" (De-risking) ဆိုတဲ့ ခေါင်းစဉ်အောက်မှာ နည်းပညာပိတ်ဆို့မှုတွေ လုပ်လာပြန်ပါတယ်။ တရုတ်အတွက်တော့ "ငါတို့ ဆက်ဆံနေရတာက ကိုယ့်အကျိုးစီးပွားကို ကိုယ်ဖော်ဆောင်နေတဲ့ အချုပ်အခြာအာဏာပိုင် ဥရောပလား၊ ဒါမှမဟုတ် အမေရိကန်ရေးပေးလိုက်တဲ့ ဇာတ်ညွှန်းကို ကပြနေတဲ့ သရုပ်ဆောင်လား" ဆိုတာ မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။ ဒီလိုမျိုး မတည်ငြိမ်တဲ့ မူဝါဒတွေက ဥရောပရဲ့ စီးပွားရေးအင်အားကို သာမက နိုင်ငံရေးဂုဏ်သိက္ခာကိုပါ တစ်ပြိုင်နက်တည်း ထိုးနှက်နေပါတယ်။

## လက်တွေ့မဖြစ်နိုင်သေးတဲ့ အိပ်မက်

အာရှနိုင်ငံတွေနဲ့ ကမ္ဘာ့တောင်ဘက်ခြမ်း (Global South) နိုင်ငံတွေအတွက်တော့ ဥရောပရဲ့ အဖြစ်အပျက်ဟာ သင်ခန်းစာကြီးတစ်ခုပါပဲ။ ပြင်ပလုံခြုံရေးအာမခံချက်ပေးသူ (အမေရိကန်) အပေါ် အလွန်အမင်းမှီခိုခြင်းက ကိုယ့်ရဲ့ မူဝါဒရေးရာလွတ်လပ်မှုကို ဘယ်လောက်အထိ ဖျက်ဆီးပစ်နိုင်သလဲဆိုတာကို ပြနေပါတယ်။ အာရှနိုင်ငံအများစုဖြစ်တဲ့ အာဆီယံနိုင်ငံတွေ၊ အိန္ဒိယတို့ဟာ အင်အားကြီးနိုင်ငံတွေကြားမှာဘက်မလိုက်ဘဲ ကိုယ့်လမ်းကိုယ်လျှောက်ဖို့ ကြိုးစားနေကြပေမယ့် ဥရောပကတော့ အဲဒီလိုမလုပ်နိုင်တော့ဘဲ အမေရိကန်နိုင်ငံရဲ့ မဟာဗျူဟာမြောက် ထောင်ချောက်ထဲမှာ ပိတ်မိနေသလို ဖြစ်နေပါတယ်။

နောက်တစ်ခုကတော့ ဥရောပဟာ အမေရိကန်ရဲ့ တောင်းဆိုချက်အရ ကာကွယ်ရေးအသုံးစရိတ်တွေ တိုးမြှင့်နေရတာကြောင့် အာရှမှာ ရင်းနှီးမြှုပ်နှံဖို့နဲ့ "အင်ဒို-ပစိဖိတ် မဟာဗျူဟာ" ကို အကောင်အထည်ဖော်ဖို့ ငွေအင်အား၊ လူအင်အား မလုံလောက်တော့တဲ့ အခြေအနေဆီကို ဦးတည်နေပါတယ်။ ဥရောပဟာ စစ်ရေးအရ အင်အားပြချင်နေပေမယ့် လက်တွေ့မှာ အာရှအတွက် စီးပွားရေးအရ အရေးပါမှုလျော့နည်းသွားမယ့် အန္တရာယ်ရှိနေပါတယ်။ အာရှနိုင်ငံတွေက ဥရောပဆီကနေ လက်နက်ထက် ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်ရေးကို ပိုပြီးမျှော်လင့်တာ ဖြစ်ပါတယ်။

ဥရောပက သူ့ကိုယ်သူ အမေရိကန်နဲ့ တရုတ်နိုင်ငံကြားက "တတိယအင်အားစု"လို့ မြင်ချင်ပေမယ့် တကယ်တမ်းကျတော့ ဒါကစိတ်ကူးယဉ်မှုသက်သက်သာ ဖြစ်နေပါသေးတယ်။ လုံခြုံရေးအရ အမေရိကန်ရဲ့ အကာအကွယ်အောက်မှာရှိနေသရွေ့ ဥရောပရဲ့စံနှုန်းဆိုင်ရာ ဩဇာလွှမ်းမိုးမှုတွေဟာ အလေးချိန်စီးမှာ မဟုတ်ပါဘူး။ အာရှဒေသမိတ်ဖက်တွေက ဥရောပနဲ့ ဆက်ဆံတဲ့အခါ ကိစ္စရပ်အလိုက် ခွဲခြားပြီး လက်တွေ့ကျကျ ဆက်ဆံလာကြတာဟာ ဒီအချက်ကြောင့်ပါပဲ။ ရာသီဥတုပြောင်းလဲမှုလို ကိစ္စမျိုးတွေမှာ ပူးပေါင်းဆောင်ရွက်ကြပေမယ့် အမေရိကန်ရဲ့ မဟာဗျူဟာမြောက်အကျိုးစီးပွားနဲ့ သက်ဆိုင်တဲ့ ကာကွယ်ရေးနဲ့ နည်းပညာကိစ္စတွေမှာတော့ ဥရောပဟာ အမေရိကန်ဘက်ကိုပဲ ပါသွားမယ်ဆိုတာ အာရှဒေသကကြိုတင်တွက်ဆထားပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရရင် ဥရောပရဲ့အနာဂတ်ဟာ သူ့ရဲ့ "နှစ်ခြမ်းကွဲနေတဲ့ ပုံရိပ်နှစ်ခု" ကို ဘယ်လိုမျိုး ပြန်လည်စေ့စပ်ညှိနှိုင်းမလဲဆိုတဲ့အပေါ်မှာသာမူတည်နေပါတယ်။ မဟာဗျူဟာမြောက် မှီခိုနေရသူအဖြစ်ပဲ ဆက်နေပြီး ကိုယ့်အသံကိုအနှစ်သာရကင်းမဲ့အောင်ထားမလား၊ ဒါမှမဟုတ် ခက်ခဲတဲ့ခရီးလမ်းကိုလျှောက်လှမ်းပြီး စစ်မှန်တဲ့မဟာဗျူဟာမြောက် ကိုယ်ပိုင်အချုပ်အခြာအာဏာကို ရှာဖွေမလားဆိုတာရွေးချယ်ရပါလိမ့်မယ်။

သေချာတာတစ်ခုက ဥရောပအနေနဲ့လက်ရှိအကျပ်အတည်းကို မဖြေရှင်းနိုင်သရွေ့တော့ အာရှမိတ်ဖက်နိုင်ငံတွေက ဥရောပကို တစ်သားတည်းရှိတဲ့ အင်အားစုကြီးအဖြစ်မမြင်ဘဲ ရှေ့နောက်မညီညွတ်တဲ့ ပေါင်းစပ်အင်အားစုတစ်ခုအဖြစ်သာ ဆက်ဆံနေဦးမှာဖြစ်သလို"တတိယအင်အားစု" ဖြစ်ချင်နေတဲ့ဥရောပရဲ့ အိပ်မက်ဟာလည်း အိပ်မက်အဆင့်မှာတင် ဆက်ရှိနေပါလိမ့်မယ်။

**Ref: SCMP**

**ထက်မြတ်**

## အီရန်ဆန္ဒပြမှုများ၌ လုံခြုံရေးဝန်ထမ်း ၅၀၀ အပါအဝင် လူ ၅၀၀၀ ခန့်သေဆုံး

တီဟီရန်၊ ပြည်တွင်းရေး

အီရန်နိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ဆန္ဒပြမှုများ၌ လုံခြုံရေးဝန်ထမ်း ၅၀၀ အပါအဝင် အနည်းဆုံးလူပေါင်း ၅၀၀၀ ခန့် သေဆုံးကြောင်း အီရန်အစိုးရတာဝန်ရှိသူ တစ်ဦးက ဇန်နဝါရီလ ၁၈ ရက်တွင်ပြောသည်။ ယခုကဲ့သို့လူအများအပြားသေဆုံးရခြင်းသည် အကြမ်းဖက်သမားများနှင့် လက်နက်ကိုင်ဆူပူအုံကြွသူများက အပြစ်မဲ့ ပြည်သူများကို သတ်ဖြတ်ခြင်းကြောင့် ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

အီရန်နိုင်ငံ၌ စီးပွားရေးကျပ်တည်းမှုကို အကြောင်းပြုကာ ပြီးခဲ့သည့်ဒီဇင်ဘာလ ၂၈ ရက်မှစ၍ ဆန္ဒပြမှုများဖြစ်ပွားလာခြင်း ဖြစ်သည်။ ထိုဆန္ဒပြမှုများသည် ၁၉၇၉ ခုနှစ် အစ္စလာမ်မစ်တော်လှန်ရေးပြီးနောက် လူသေဆုံးမှုအများဆုံးသော ဆူပူအုံကြွမှု ဖြစ်လာသည်။

ဆန္ဒပြမှုများအတွင်း ဆန္ဒပြသူများစွာသည် လမ်းမများပေါ်တွင်ဖြစ်စေ၊ စီရင်ချက်ကြောင့်ဖြစ်စေ အသက်ခံနေရပါက ကြားဝင်စွက်ဖက်မှုများလုပ်ဆောင်သွားမည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ခြိမ်းခြောက်ထားကြောင်းသိရသည်။ Ref: SCMP

## တောင်ကိုရီးယားက အဖျက်စွမ်းအားပြင်း အမြင့်ပျံဒုံးကျည်ကို ရှေ့တန်းစခန်းများ၌ စတင်ဖြန့်ကြက်



ဆိုး၊ စစ်ရေး

တောင်ကိုရီးယားနိုင်ငံက အဖျက်စွမ်းအားပြင်း သမားရိုးကျအမြင့်ပျံဒုံးကျည်ဖြစ်သည့် Hyunmoo-5 ဒုံးကျည်ကို ရှေ့တန်းစခန်းများ၌ စတင်ဖြန့်ကြက်လိုက်ပြီဖြစ်ကြောင်း စစ်ဘက်တာဝန်ရှိသူများက ဇန်နဝါရီလ ၁၈ ရက်တွင်ပြောသည်။ အဆိုပါ ဒုံးကျည်ကို ၎င်းသယ်ဆောင်နိုင်သည့် ထိပ်ဖူးအပေါ်မူတည်၍ ဧရာမဒုံးကျည်ဟုလည်းခေါ်သည်။

အလေးချိန်ရှစ်တန်အထိရှိသည့် ထိပ်ဖူးကိုသယ်ဆောင်နိုင်စွမ်းရှိသော မြေပြင်မှ မြေပြင်ပစ် အဆိုပါဒုံးကျည်သည် ယမန်နှစ်နှောင်းပိုင်းကတည်းက ရှေ့တန်းစခန်းများ၌ဖြန့်ကြက်ထားခြင်းဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်အရောက်တွင် စစ်ဆင်ရေးအတွက်အပြည့်အဝဖြန့်ကြက်နိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

Hyunmoo-5 ဒုံးကျည်သည် မြေပြင်အောက်တွင်ရှိသည့် ကွပ်ကဲမှုဌာနကြီးများအပါအဝင် မြေအောက်စခန်းများအားလုံးကို ပစ်မှတ်ထားတိုက်ခိုက်နိုင်စွမ်းရှိသည့် ဒုံးကျည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင်ကျင်းပသည့် တပ်မတော်နေ့အခမ်းအနားများ၌ တရားဝင်ထုတ်ဖော်ပြသခဲ့သောဒုံးကျည်ဖြစ်သည်။

အဆိုပါဒုံးကျည်သည် ပေါက်ကွဲအားအလွန်ပြင်းထန်သည့် ထိပ်ဖူးကိုသယ်နိုင်စွမ်းရှိကြောင်း၊ သယ်ဆောင်နိုင်သည့်ဝန်အားကိုလျှော့ချလိုက်ပါက မိုင်ပေါင်း ၁၈၆၄ မိုင်အထိရောက်ရှိနိုင်ကြောင်း၊ ထိုအကွာအဝေးသည် တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားနှင့်ပင်နှိုင်းယှဉ်နိုင်ကြောင်း၊ ယင်းအတွက်ကြောင့် ထိုဒုံးကျည်သည် တောင်ကိုရီးယား၏ စွမ်းအားအပြင်းဆုံးဒုံးကျည်ဖြစ်ကြောင်းသိရသည်။ Ref: SCMP

## ချီလီနိုင်ငံ၌ တောမီးလောင်မှု သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေ ကြေညာထားရ

ဆန်တီယာဂို၊ သဘာဝဘေး

ချီလီနိုင်ငံ၌ တောမီးလောင်မှုဖြစ်ပွားခြင်းကြောင့် လူနေအိမ်ထောင်ပေါင်းများစွာ ဘေးကင်းရာသို့ရွှေ့ပြောင်းရပြီးနောက် သမ္မတက သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေကြေညာလိုက်ကြောင်း သိရသည်။

အထူးသဖြင့် နူဘယ်နှင့် ဘိုင်အိုဘိုင်အိုပြည်နယ်တို့၌ တောမီးလောင်မှုဖြစ်ပွားနေခြင်းဖြစ်ပြီး မီးလောင်သည့်နေရာ ၁၉ နေရာရှိသည်။ ထို့ပြင် ယင်းဒေသနှစ်ခုမှဒေသခံပြည်သူ ၁၀၀၀၀ ကျော်ကိုလည်း ဘေးကင်းရာသို့ရွှေ့ပြောင်းပေးထားရကြောင်း ချီလီအမျိုးသားသဘာဝဘေးကာကွယ်ရေးနှင့် တုံ့ပြန်ရေးဌာနက ဇန်နဝါရီလ ၁၈ ရက်တွင် ထုတ်ပြန်ထားသည်။

လက်ရှိတွင် ပြည်သူများဘေးကင်းရေးနှင့် လောင်ကျွမ်းနေသည့်တောမီးကိုထိန်းချုပ်နိုင်ရေးဦးစားပေးလုပ်ဆောင်နေသည့်အတွက် တောမီးလောင်သည့်ဧရိယာမည်မျှရှိသည်ကိုမသိရသေးကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ Ref: BB

## ပါကစ္စတန်တောင်ပိုင်းရှိ ကုန်တိုက်ကြီးတစ်ခု၌ မီးလောင်မှုဖြစ်ပွား လူခြောက်ဦးသေဆုံး

အစ္စလာမ်မာဘတ်၊ မတော်တဆမှု

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့ရှိ ကုန်တိုက်ကြီးတစ်ခု၌ ဇန်နဝါရီလ ၁၇ ရက်ညပိုင်းတွင် မီးလောင်မှုကြီးတစ်ခုဖြစ်ပွားရာ အနည်းဆုံးလူခြောက်ဦးသေဆုံးပြီး အယောက် ၂၀ ကျော်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ဇန်နဝါရီလ ၁၈ ရက်တွင်ထုတ်ပြန်သည်။

မီးလောင်မှုသည် ဂူးပလာဇာ၌ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ အထပ်များစွာပါဝင်သည့် အဆိုပါကုန်တိုက်ကြီး၌ ဆိုင်ခန်းပေါင်း ၁၂၀၀ ကျော်ဖွင့်လှစ်ထားကြောင်း ဆင်ပြည်နယ်မှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

မီးသတ်တပ်ဖွဲ့သည် အဆိုပါမီးလောင်မှုကို အဆင့် ၃ အဖြစ်သတ်မှတ်ပြီး မီးငြိမ်းသတ်မှုများလုပ်ဆောင်ရာ ဇန်နဝါရီလ ၁၈ ရက်နံနက်ပိုင်းတွင် မီးလောင်ကျွမ်းမှု၏ ၄၀ ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ ယင်းနေရာ၌ပိတ်မိနေသူများရှိနေဆဲဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောထားသည်။ Ref: Xinhua

## ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့ဝင်တစ်နေရာကို ဒေါ်လာတစ်ဘီလီယံဖြင့် ထရမ့်ရောင်းချနေဟုဆို



ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့ဝင်တစ်နေရာကို အမေရိကန်ဒေါ်လာတစ်ဘီလီယံဖြင့် ရောင်းချနေကြောင်း သတင်းဌာနများက ဖော်ပြထားသည်။

ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့တွင်ပါဝင်သည့်နိုင်ငံများအနေဖြင့် သုံးနှစ်အထိအခမဲ့ပါဝင်ခွင့်ရရှိပြီး သုံးနှစ်နောက်ပိုင်းတွင်မူ ဘုတ်အဖွဲ့ဝင်နေရာအတွက် ဒေါ်လာတစ်ဘီလီယံပေးရမည်ဖြစ်ကြောင်း ဘုတ်အဖွဲ့၏ပဋိညာဉ်၌ဖော်ပြထားသည်ကိုတွေ့ရသည်ဟု သတင်းဌာနများကဖော်ပြထားသည်။

အမေရိကန်အစိုးရသည် ဂါဇာငြိမ်းချမ်းရေးအတွက်လုပ်ငန်းအပိုင်း(၂)ကို ပြီးခဲ့သည့်သီတင်းပတ်တွင် တရားဝင်စတင်ကြောင်းကြေညာပြီး ငြိမ်းချမ်းရေးဘုတ်အဖွဲ့ကိုဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။ ယင်းဘုတ်အဖွဲ့အနေဖြင့် ဂါဇာဒေသအတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ရမည်ဖြစ်သည်။

သတင်းဌာနများကရရှိသော ဘုတ်အဖွဲ့၏ပဋိညာဉ်၌ ဘုတ်အဖွဲ့၏ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်ဖြစ်ခွင့်သတ်မှတ်ချက်များကိုရေးသားထားကြောင်းတွေ့ရပြီး ယင်းပဋိညာဉ်နှင့်အတူ ဘုတ်အဖွဲ့တွင်ပါဝင်ရန်ဖိတ်စာများကို တူကီယဲ၊ ကနေဒါ၊ ဘရာဇီး၊ အာဂျင်တီးနားတို့အပါအဝင် ကမ္ဘာ့ခေါင်းဆောင်များထံသို့ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သတင်းဌာနများ၏ဖော်ပြချက်တွင်တွေ့ရသည်။ Ref: RT

## ဂရင်းလန်းကျွန်းအရေးနှင့်ပတ်သက်၍ ဥရောပရှစ်နိုင်ငံက တညီတညွတ်တည်းရှိဟုထုတ်ပြန်

အော်စလို၊ နိုင်ငံရေး

အမေရိကန်နိုင်ငံက ဂရင်းလန်းကျွန်းကို ပိုင်ဆိုင်နိုင်ရေးကြိုးပမ်းမှုနှင့်ပတ်သက်၍ ဥရောပရှစ်နိုင်ငံက ဂရင်းလန်းကျွန်းပိုင်ရှင် ဒိန်းမတ်နိုင်ငံနှင့်တညီတညွတ်တည်းရှိကြောင်းထုတ်ပြန်ချက်ကို ဇန်နဝါရီလ ၁၈ ရက်တွင်ထုတ်ပြန်လိုက်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဂရင်းလန်းကျွန်းအရေးတွင် အမေရိကန်နိုင်ငံကိုဆန့်ကျင်သူများသည် သွင်းကုန်အခွန်တိုးမြှင့်ကောက်ခံမှုနှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြီးနောက် ထိုရှစ်နိုင်ငံက ယခုကဲ့သို့ထုတ်ပြန်လာခြင်းဖြစ်သည်။

အဆိုပါနိုင်ငံများမှာ ဒိန်းမတ်၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်၊ နော်ဝေ၊ ဆွီဒင်နှင့် ဗြိတိန်နိုင်ငံတို့ဖြစ်သည်။ အမေရိကန်နိုင်ငံကလည်း ယင်းနိုင်ငံများအပေါ် သွင်းကုန်အခွန်တိုးမြှင့်ကောက်ခံသွားရန် ပစ်မှတ်ထားနေသည်။

သို့သော် ၎င်းတို့အနေဖြင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ဆက်လက်စွဲကိုင်၍ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးမူဝါဒများအပေါ်အခြေခံသည့် ဆွေးနွေးမှုအတွက်အသင့်ရှိကြောင်း ထိုရှစ်နိုင်ငံ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ အလားတူ ထိုရှစ်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ သွင်းကုန်အခွန်တိုးမြှင့်မှုကို ရှုတ်ချကာ ယင်းသို့လုပ်ဆောင်ခြင်းသည် အတ္တလန္တိတ်ဖြတ်ကျော်ဆက်ဆံရေးခိုင်မြဲမှုကိုလျော့ပါးစေမည်ဟု သတိပေးထားကြောင်းသိရသည်။ Ref: Xinhua



# အိပ်ရေးဝဝအိပ်စက်ခြင်းနှင့် အိပ်စက်သင့်သည့်အချိန်များ

**"အိပ်ရာဝင်ချိန်မတိုင်မီ ဦးနှောက်ကိုအသုံးပြု၍ အားစိုက်ရသောလုပ်ငန်းများကို ရှောင်ကြဉ်ပါ။ အစာအိမ်အူလမ်းကြောင်းတစ်လျှောက် ဝမ်းဗိုက်တင်းအောင် စားသောက်ခြင်းများကို ရှောင်ကြဉ်သင့်သည်။ စိတ်လှုပ်ရှားတက်ကြွစေသော ကစားနည်းများနှင့် သွေးအားတက်စေမည့် ပဋိဇီဝဆေးများကိုရှောင်ကြဉ်သင့်သည်။ အိပ်ပျော်ရန်ဆေးများကိုလည်း ဆရာဝန်ညွှန်ကြားချက်အတိုင်းသာ သောက်သုံးသင့်သည် . . ."**

လူတစ်ယောက်၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် နေ့စဉ်နှစ်ခြိုက်ခြိုက် အိပ်ရေးဝဝအိပ်စက်မှသာ နောက်တစ်နေ့တွင် လန်းဆန်းတက်ကြွစွာ နိုးထနိုင်မည်ဖြစ်သည်။ အိပ်ရေးဝဝအိပ်စက်ခြင်းသည် ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားကာ အသက်ရှူလမ်းကြောင်း၊ နှလုံးခုန်နှုန်း၊ သွေးဖိအား၊ ဟော်မုန်းထုတ်လုပ်မှုပမာဏ စသည်တို့ကို ပုံမှန်ဖြစ်စေသကဲ့သို့ ကြွက်သားများနှင့်ဆဲလ်များ ကောင်းစွာတည်ဆောက်၍ အသက်ရှည်စေနိုင်သည်။ ထို့ပြင် အမြင်အာရုံနှင့်အကြားအာရုံများကို ပံ့ပိုးပေးရုံသာမက အာရုံစူးစိုက်မှုနှင့် မှတ်ဉာဏ်စွမ်းအားကိုလည်း တိုးတက်စေနိုင်မည်ဖြစ်သည်။

တစ်ရက်လျှင် လေးနာရီခွဲခန့်သာ အိပ်စက်သောသူသည် ရက်သတ္တပတ်ခန့်အကြာတွင် သိသိသာသာစိတ်ဖိစီးမှုများလာခြင်း၊ ဒေါသထွက်ခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ စိတ်ထိခိုက်လွယ်ခြင်း၊ တက်ကြွမှုမရှိခြင်း၊ အိပ်ချိန်ကစဉ့်ကလျားကြောင့် ကျောက်ကပ်ရောဂါ ပိုမိုဆိုးရွားစေနိုင်ခြင်း၊ ညသန်းခေါင်ယံအထိ မအိပ်သေးသူများတွင် ခန္ဓာကိုယ်၏ဇီဝပြောင်းလဲမှုဖြစ်စဉ်များ ကမောက်ကမဖြစ်ကာ ခန္ဓာကိုယ်တွင်း အရည်လောင်ကျွမ်းမှု အဆိပ်အတောက်ဖြစ်ပေါ်စေခြင်း၊ ညဘက်အလုပ်လုပ်သူများတွင် ကျန်းမာရေးဆိုးကျိုးများခြင်း၊ အထူးသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အိပ်ရေးပျက်သောဒဏ်ကို ခံနိုင်ရည်မရှိခြင်း၊ ညဘက်အလုပ်လုပ်သော အမျိုးသမီးများတွင် ဓမ္မတာမမှန်ခြင်း၊ အရိုးပွရောဂါဖြစ်ခြင်း၊ ရင်သားကင်ဆာဖြစ်ခြင်း၊ ကိုယ်ဝန်မရနိုင်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း စသည့်ရောဂါများ ဖြစ်နိုင်ခြေပိုများလာကြောင်းနှင့် အိပ်ရေးမဝမှုကြောင့် ကျန်းမာရေးနှင့်လူမှုရေးဆိုင်ရာ အဆင်မပြေမှုများ တွေ့ကြုံနေရကြောင်း ကျန်းမာရေးသုတေသီများက သတိပေးထားသည်။

**အသက်အရွယ်အလိုက်**
**အိပ်စက်သင့်သောအချိန်များ**

- မွေးကင်းစ ကလေးငယ်လေးများသည် တစ်ရက်လျှင် ညဘက်အိပ်ချိန် ကိုးနာရီမှ ၁၀ နာရီရှိရန်လိုအပ်ပြီး နေ့ဘက်တွင် သုံးနာရီကျော် အိပ်စက်ရန်လိုအပ်သည်။ အချိန်တစ်ဆက်တည်း သုံးနာရီကြာ အိပ်ရမည်ဟုဆိုလိုခြင်းမဟုတ်ဘဲ နေ့ဘက်အိပ်ချိန်များ စုပေါင်းလိုက်လျှင် သုံးနာရီကျော်ရှိရမည်ဖြစ်သည်။
- လေးဖက်သွားအရွယ်၊ လမ်းလျှောက်စအရွယ်နှင့် မူကြိုအရွယ်ကလေးငယ်များသည် ညဘက်အိပ်ချိန် ကိုးနာရီမှ ၁၀ နာရီရှိရန်လိုအပ်ပြီး နေ့ဘက်တွင် အိပ်ချိန်နှစ်နာရီမှ သုံးနာရီခန့်လိုအပ်သည်။
- အသက်ခြောက်နှစ်မှ ၁၀ နှစ်အရွယ် ကလေးငယ်များသည် ညဘက်အိပ်ချိန် ကိုးနာရီမှ ၁၁ နာရီရှိရန်လိုအပ်သည်။
- အသက် ၁၁ နှစ်မှ ၁၇ နှစ်အရွယ် ဆယ်ကျော်သက်များသည် ညဘက်အိပ်ချိန် ရှစ်နာရီမှ ကိုးနာရီခန့်ရှိရန် လိုအပ်သည်။
- အသက် ၁၈ နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူများသည် ညဘက်အိပ်ချိန် ခုနစ်နာရီမှ ရှစ်နာရီအထိရှိရန် လိုအပ်သည်။
- ကိုယ်ဝန်ဆောင် မိခင်လောင်းများသည် ကိုယ်ဝန်ပထမသုံးလတွင် ခန္ဓာကိုယ်အတွင်း ပြောင်းလဲမှုများကြောင့် အိပ်ချိန်ပိုမိုလိုအပ်သည်။
- သက်ကြီးရွယ်အိုများသည် အများအားဖြင့် လူလတ်ပိုင်းများနှင့် အိပ်ချိန်ပမာဏတူညီစွာလိုအပ်သည်။ သို့သော် အသက်ကြီးလာသောအခါ အိပ်စက်သည့်ပုံစံပြောင်းလဲသွားကာ မကြာခဏနိုးလေ့ရှိသောကြောင့် လူလတ်ပိုင်းများထက် အိပ်ချိန်လျော့နည်းသွားသည်။ ထို့ပြင် အိပ်ရာဝင်ဝင်ချင်း ချက်ချင်းအိပ်ပျော်လေ့မရှိသောကြောင့် စောစီးစွာအိပ်ရာဝင်ရန် လိုအပ်သည်။ သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်ပိုင်းအချိန်များတွင် တစ်ရေးအိပ်သင့်သည်။

**ခန္ဓာကိုယ်၏**
**သဘာဝဇီဝနာရီဖြစ်စဉ်များ**

- နံနက် ၁ နာရီမှ ၃ နာရီသည် အသည်း၏ အလုပ်လုပ်ချိန်ဖြစ်သောကြောင့် အိပ်ချိန်နောက်ကျခြင်းကို ရှောင်ကြဉ်သင့်သည်။
- နံနက် ၃ နာရီမှ ၅ နာရီသည် အဆုတ်မှ အလုပ်လုပ်၍ အသက်ရှူစနစ်အတွက် ထိန်းညှိချိန်ဖြစ်သောကြောင့် နံနက် ၅ နာရီအထိ နှစ်နှစ်ခြိုက်ခြိုက်အိပ်စက်သင့်သည်။
- နံနက် ၄ နာရီသည် ခန္ဓာကိုယ်၏ သွေးခုန်နှုန်းအားအပျော့ဆုံး၊ နှလုံးခုန်နှုန်းအနှေးကွေးဆုံး အချိန်များဖြစ်သည်။ ထိုအချိန်တွင် ရင်ကျပ်ခြင်း၊ လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောရောဂါ၊ နှလုံးနှင့် သွေးတိုးရောဂါတို့ ဖောက်ပြန်တတ်သောအချိန်ဖြစ်၍ ကောင်းစွာအိပ်စက်သင့်သည်။
- နံနက် ၅ နာရီ မှ ၇ နာရီတွင် အူမကြီး အလုပ်လုပ်ချိန်ဖြစ်သောကြောင့် ထိုအချိန်အတွင်း အိပ်ရာထကာ ရေတစ်ခွက်အဝသောက်ပြီး ဝမ်းမှန်မှန်သွားသင့်သည်။ အမျှင်ဓာတ်ပါသော အစားအစာများ စားသင့်သည်။
- နံနက် ၇ နာရီမှ ၉ နာရီအတွင်း အစာအိမ်အလုပ်လုပ်ချိန်ဖြစ်သောကြောင့် ထိုအချိန်တွင် နံနက်စာအဝစားသင့်သည်။
- နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီ အတွင်း နှလုံးအလုပ်လုပ်ချိန်ဖြစ်သောကြောင့် ထမင်းစားပြီး ခဏတာအနားယူသင့်သည်။
- မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီ အတွင်း အူသိမ်အလုပ်လုပ်ချိန်ဖြစ်ကာ အလေးအပင်များ သယ်မခြင်းကို ဆင်ခြင်ရန် အထူးလိုအပ်သည်။
- ညနေ ၃ နာရီမှ ၅ နာရီအတွင်း ဆီးအိမ်မှ ခန္ဓာကိုယ်တွင်း အဆိပ်အတောက်များကို စွန့်ပစ်ချိန်ဖြစ်သောကြောင့် ရေများများ သောက်ရန်လိုအပ်သည်။
- ညနေ ၅ နာရီမှ ည ၇ နာရီသည် ကျောက်ကပ် အလုပ်လုပ်ချိန်ဖြစ်သောကြောင့် ထိုအချိန်တွင် ရေချိုးနေစဉ် ဆီးသွားခြင်းသည် ကျောက်ကပ်ပျက်စီးလွယ်သောကြောင့် ရှောင်ကြဉ်သင့်သည်။
- ည ၇ နာရီမှ ည ၉ နာရီသည် နှလုံးနှင့် ဦးနှောက်အာရုံကြောစနစ်၏ အလှုပ်ရှားဆုံးအချိန်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ စာကျက်မှတ်ရန် အကောင်းဆုံးအချိန်ဖြစ်သကဲ့သို့ သက်လတ်ပိုင်းများနှင့် သက်ကြီးပိုင်းများအနေဖြင့် စိတ်အပန်းပြေစေမည့် ရယ်မောဖွယ်ဟာသရုပ်ရှင်များ ကြည့်ရှုခံစားသင့်သည်။
- ည ၉ နာရီမှ ၁၁ နာရီသည် ခန္ဓာကိုယ်၏ အပိုင်းကြီးသုံးပိုင်း (ဦးခေါင်းပိုင်း၊ ကိုယ်ပိုင်း၊ ခြေထောက်ပိုင်းများ)ကို နှီးနှောဖလှယ်ချိန်ဖြစ်၍ ရောဂါခုခံကာကွယ်စနစ် ပြုပြင်တည်ဆောက်ချိန်ဖြစ်သည်။ ထို့ကြောင့် ကလေးသူငယ်များတွင် ရောဂါခုခံကာကွယ်စနစ်တည်ဆောက်မှု မပြည့်စုံသေးသဖြင့် ည ၉ နာရီတွင် အိပ်ရာဝင်သင့်သည်။
- ည ၁၁ နာရီမှ နံနက် ၁ နာရီသည် သည်းခြေစတင်အလုပ်လုပ်ပြီး တစ်ပြိုင်နက်တည်းမှာပင် ရိုးတွင်းခြင်ဆီမှ သွေးနီဥတည်ဆောက်ချိန်ဖြစ်၍ ကောင်းစွာအိပ်စက်သင့်သည်။

**ဖုန်းနှင့် အိပ်စက်ခြင်းအန္တရာယ်**

ညဘက်အိပ်ပျော်နေစဉ် ဖုန်းမှထုတ်လွှတ်သော ရေဒီယိုသတ္တိကြွဓာတ်များ အန္တရာယ်မှလျော့ကျစေရန် ဖုန်းကို ခေါင်းအုံးအနီးထား၍မအိပ်သင့်ပေ။ ဖုန်းမှ ရေဒီယိုသတ္တိကြွဓာတ်များက အချိန်ပြည့် ထုတ်လွှတ်နေသဖြင့် ဦးနှောက်ကိုထိခိုက်စေကာ ဦးနှောက်အကျိတ်၊ ကင်ဆာဖြစ်စေတတ်သည်။ ဖုန်းကို မိမိနှင့်လက်တစ်ကမ်းအကွာတွင် ထားသင့်သည်။ (ဦးခေါင်းနေရာမဟုတ်ဘဲ ခါးနေရာတွင် ထားပါ) ဖုန်းကို နားနှင့်ကပ်၍ မပြောဘဲ Speaker ကိုသာ ဖွင့်ပြောသင့်သည်။

**အိပ်ရေးပျက်ခြင်း၏**
**နောက်ဆက်တွဲဆိုးကျိုးများ**

အိပ်ရေးပျက်ခြင်းသည် ဦးနှောက်နှင့် အာရုံကြောများကို ထိခိုက်စေနိုင်သည်။ အကြောင်းအမျိုးမျိုးကြောင့် တစ်ညတာ အိပ်ရေးပျက်ခြင်းကြောင့် ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်းနှင့် အစာစားချင်စိတ်မရှိဘဲ ခံတွင်းပျက်ခြင်းများခံစားရနိုင်သည်။ နေ့စဉ်အိပ်ရေးပျက်ခြင်းဖြစ်ပေါ်လာပါက စိတ်ဓာတ်ကျဆင်းခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ သွေးလည်ပတ်မှုမမှန်ကန်ခြင်း၊ ခန္ဓာကိုယ်၏ အပူချိန်ပြောင်းလဲလာခြင်းနှင့် အားအင်ကုန်ခန်းခြင်းများဖြစ်လာပြီး စိတ်နှင့်ခန္ဓာကိုယ်၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

**အိပ်မပျော်ခြင်းကြောင့်**
**ဖြစ်တတ်သောရောဂါများ**

အိပ်မပျော်ခြင်းကြောင့် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းရောဂါ၊ အဆုတ်ရောဂါ၊ သွေးအားနည်းရောဂါ၊ ဦးနှောက်အာရုံကြောပိုင်းဆိုင်ရာရောဂါနှင့် အစာမကြေရောဂါများ ဖြစ်နိုင်သည်။ ထို့ကြောင့် နာတာရှည် အိပ်မပျော်ခြင်းသည် ကျန်းမာရေးကိုများစွာ ထိခိုက်နိုင်သဖြင့် ဂရုစိုက်သင့်သည်။

**အိပ်ပျော်စေရန်**
**အထောက်အပံ့ကောင်းများ**

အိပ်ရာဝင်ချိန်မတိုင်မီ ဦးနှောက်ကို အသုံးပြု၍ အားစိုက်ရသော လုပ်ငန်းများကိုရှောင်ကြဉ်ပါ။ အစာအိမ်အူလမ်းကြောင်းတစ်လျှောက် ဝမ်းဗိုက်တင်းအောင် စားသောက်ခြင်းများကို ရှောင်ကြဉ်သင့်သည်။ စိတ်လှုပ်ရှားတက်ကြွစေသော ကစားနည်းများနှင့် သွေးအားတက်စေမည့် ပဋိဇီဝဆေးများကိုရှောင်ကြဉ်သင့်သည်။ အိပ်ပျော်ရန် ဆေးများကိုလည်း ဆရာဝန် ညွှန်ကြားချက်အတိုင်းသာ သောက်သုံးသင့်သည်။ အာရုံကိုထိခိုက်လွယ်သော သို့မဟုတ် စိတ်ထိခိုက်စေသော စာပေဖတ်ခြင်း သို့မဟုတ် ရုပ်ရှင်ကြည့်ခြင်း၊ လူမှုကွန်ရက်များအသုံးပြုခြင်းတို့ကို ရှောင်ကြဉ်သင့်သည်။ သာယာငြိမ့်ညောင်းသော တေးဂီတသံများကို မတိုးမကျယ် မိနစ် ၃၀ ခန့် နားထောင်ပြီး အိပ်စက်သင့်သည်။ မိသားစုအတွင်း သော်လည်းကောင်း၊ မိတ်ဆွေအချင်းချင်း သော်လည်းကောင်း စကားအချေအတင် ပြောဆိုခြင်းနှင့် ငြင်းခုံခြင်းများကို ရှောင်ကြဉ်သင့်သည်။ အိပ်ရေးဝဝအိပ်စက်ခြင်းက ဘက်စုံကျန်းမာရေးကို မလွဲမသွေ ရရှိစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ပေါက်ပေါက်**

---

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၈၀၀၀ နီးပါးတင်ပို့နိုင်

ရန်ကုန် ဇန်နဝါရီ ၁၈

ပြည်တွင်းမှထွက်ရှိသော ရေထွက်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း ပုစွန်မက်ထရစ်တန် ၈၀၀၀ နီးပါး တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

"၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်ကနေ ဒီဇင်ဘာလ ၃၁ ရက်အထိ ကိုးလတာကာလအတွင်း ပြည်ပကို ပုစွန်မက်ထရစ်တန် ၇၉၅၉ ဒသမ ၂၂၂ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၆၅၈ သန်းရရှိခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါကိုးလတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၇၂၅၁ ဒသမ ၉၄၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇၉၂ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၇၀၇ ဒသမ ၂၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၆၆ သန်း ရရှိသည့်အတွက် ပြည်ပသို့ စုစုပေါင်းပုစွန်မက်ထရစ်တန် ၇၉၅၉ ဒသမ ၂၂၂ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၆၅၈ သန်း ရရှိခဲ့သည်။

ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် ယခင်ဘဏ္ဍာနှစ်ကာလတူက မက်ထရစ်တန် ၆၂၅၃ ဒသမ ၀၂၄ တန်တင်ပို့ခဲ့သည့်အတွက် ယခုနှစ်တွင် ပုစွန်မက်ထရစ်တန် ၁၇၀၆ ဒသမ ၁၉၈ တန် ပိုမိုတင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့်ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့တင်ပို့ပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။ **စောယု**

# ပင်လောင်းမြို့နယ်၊ ဝါးလီကျေးရွာနှင့် ဘုတလင်မြို့နယ်တို့ရှိ သံဃာတော်များနှင့်သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်



အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင်သီလရှင်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများ အရောက်သွားရောက်၍ လူမျိုး၊ ဘာသာ မရွေးဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ ဝါးလီကျေးရွာ၊ ဝါးလီဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ဒေသခံပြည်သူ ၄၀၅ ဦးအား သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နှလုံးရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ဆေးဝါးကုသခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဝါးလီဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်နှင့် မြသိန်းတန်စာသင်တိုက်ရှိ ကျောင်းထိုင်ဆရာတော်တို့အား နဝကမ္မအလှူငွေများနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

အလားတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်ရှိ သံဃာတော် ၂ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၆၉ ဦးအား အဆိုပါမြို့ရှိစုပေါင်းရုံး၌ အခြေပြု၍ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဖျားနာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ သားဖွား မီးယပ်ရောဂါ၊ အရေပြားရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဆေးဝါးကုသခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောလူနာများအား မုံရွာမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယမန်နေ့ နံနက်ပိုင်းက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် သတ်မှတ်နေရာများတွင် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည်မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာ၊ လွယ်ကူလွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေး၊ မဲရုံများအား နေရာများခွဲ၍ မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး နှိုးဆော်ခြင်းများနှင့် မဲဆန္ဒရှင်ပြည်သူများ သွားလာရေးလွယ်ကူစေရန် မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်နိုင်ရေးအတွက် မြောက်ဥက္ကလာပမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဦးအောင်စောဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများက အဆင့်ဆင့်အလေးထား ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် မြောက်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် မဲပေးစက်များ Installaion ပြုလုပ် နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ခန်းမနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း၊ ယုဇနခန်းမတို့၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေး တင်ပြကြရာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ခွဲထက်ကို(ပြန်/ဆက်)

# (၇၉) နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့်ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ စားရိပ်သာ၊ အိပ်ဆောင်နှင့် ကြိုဆိုနှုတ်ဆက်ပွဲကျင်းပမည့်ခန်းမနေရာများ လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များကြိုဆို နေရာချထားရေးနှင့်ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည်အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင်ပြည်ထောင်စုနယ်မြေနေပြည်တော်စည်ပင်ဧည့်ရိပ်သာအတွင်းရှိ ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုအဖွဲ့များ ဧည့်ခံကျွေးမွေးမည့် စားရိပ်သာ၊ အိပ်ဆောင်နှင့် ကြိုဆိုနှုတ်ဆက်ပွဲကျင်းပမည့်နေရာပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေးကိစ္စရပ်များနှင့် နေထိုင်စားသောက်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် ဧည့်ခံကျွေးမွေးမည့် ရိပ်သာပြန်လည် ပြုပြင်ဆောင်ရွက်ထားရှိမှု၊ ကျွေးမွေးမည့်နေရာနှင့် အစားအသောက်ကျွေးမွေးမည့်ပုံစံ နမူနာပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ချက်ပြုတ်ပြင်ဆင်မည့် မီးဖိုနေရာ၊ ဟင်းသီးဟင်းရွက်များနှင့် ကုန်ခြောက်များ သိုလှောင်သိမ်းဆည်းထားရှိမည့် နေရာများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနေထိုင်မည့် အိပ်ဆောင်ခင်းကျင်းထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး ကိစ္စရပ်များတွင်လစ်ဟင်းမှုများမရှိစေရေးအတွက်အထူးဂရုစိုက်ဆောင်ရွက်သွားရန်လိုကြောင်းတာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြို့တော်ခန်းမသို့ သွားရောက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည်ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီအဖွဲ့ဝင်များနှင့်အတူ အခမ်းအနားသို့ တက်ရောက်မည့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနားကျင်းပမည့် ခန်းမနေရာပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် ဆပ်ကော်မတီများအလိုက် လိုအပ်သည်များကို ပေါင်းစပ်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်းသိရသည်။ မြဝတီ

# အကြိမ်(၅၀)မြောက် ပရိယတ္တိနုဂ္ဂဟ ရှင်သာမဏေစာမေးပွဲရွှေရတုပွဲတော်ဖွင့်လှစ်



ဘိုကလေး ဇန်နဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့၌ ဖျာပုံခရိုင် လေးမြို့နယ်လုံးဆိုင်ရာ အကြိမ်(၅၀) မြောက် ရွှေရတုပရိယတ္တိနုဂ္ဂဟရှင်သာမဏေ စာမေးပွဲတော်ကြီးအား ဖေဖော်ဝါရီလ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီလ ၁၈ ရက်နံနက်ပိုင်းတွင် ရွှေရတုပွဲတော် ဖွင့်ပွဲ အခမ်းအနားကို အောင်တော်မူဘုရားတန်ဆောင်းမုခ်ဦးဝ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး တေးသံရှင်များ၏ ဖျော်ဖြေသီဆိုမှုများနှင့်အတူ သာသနာ့အလံနှင့်ရွှေရတုအလံအား စာမေးပွဲကျင်းပရေးကော်မတီကလွှင့်တင်သည်။ ထို့နောက် ရွှေရတုပွဲတော်မုခ်ဦးအား ဧရာဝတီတိုင်းဒေသကြီးသံဃနာယကဥက္ကဋ္ဌ ရွှေမစိုးရိမ်ဆရာတော်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဖျာပုံခရိုင် လေးမြို့နယ်မှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများက မုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဆရာတော်ကြီးများက ရွှေရတုစာမေးပွဲတော်ကြီး၏ဂုဏ်ဒြပ်များအားဖော်ကျူးရေးသားထားသည့် ဂါထာတော်များကိုဖတ်ကြားပြီး တေးသံရှင်များက စာမေးပွဲတော်ကြီးအား ဂုဏ်ပြုသီချင်းဖြင့် သီဆိုပူဇော်ကြသည်။ ထို့နောက်တေးသံရှင်များနှင့် ရွှေရတုမော်ကွန်းစာအုပ်တွင် ပါဝင်ရေးသားကြသည့်ကလောင်ရှင်များအား ဆရာတော်ကြီးများနှင့် ပရိယတ္တိနုဂ္ဂဟရှင်သာမဏေစာမေးပွဲကျင်းပရေးကော်မတီဝင်များကဂုဏ်ပြုဆုများပေးအပ်ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

---

## ဇာတိပုည ဂုဏ်မာန

❀ ကိုယ့်ရေမြေ ကိုယ့်ပိုင်နက်
ရပ်တည်ချက် ကောင်းမွန်ရန်။
စည်းရိုးလုံ အသိုက်မပျက်ပါဘု
ရှေ့ဆက်မှန်မှန်။
တာထွက်နှုန်း အောင်ပန်းပန်
ဇာတိမာန် ဇာတိသွေး။
ကမ္ဘာ့အလယ် ဂုဏ်ထင်ရှားအောင်ပ
ကြိုးစားစို့လေး။

❀ မြန်မာပြည် အတိတ်ခေတ်
ပြန်တွေးလှစ် ကြည့်မြင်ယောင်။
အနော်ရထာ ကျန်စစ်သား
ထင်ရှားဂုဏ်ရောင်။
အလောင်းဘုရားနှင့် ဘုရင့်နောင်
သတ္တိပြောင် ဗန္ဓုလ။
စွမ်းဆောင်ရည် ပြည့်လျှံတိုးတယ်
ပြည်ကျိုးဆောင်ကြ။

❀ သမိုင်းဂုဏ် ထွန်းလင်းခဲ့
ချန်ထားခဲ့ သည်ရေမြေ။
ယနေ့တိုင် အထင်ရှား
ဘိုးဘွားအမွေ။
တိုင်းရင်းသား သွေးချင်းတစ်တွေ
မြဲမသွေ စည်းလုံးဖို့။
အားလုံးမှာ တာဝန်ရှိတယ်
သတိဆောင်စို့။ ။

စျာန်လေး(ပညာရေး)

---

## MWD Variety Channel

၁၉-၁-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၁၁:၅၀ | သောတဆင်စရာတေးမြန်မာ |
| ၂။ | ၁၂:၃၀ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၃။ | ၁၅:၂၀ | ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ (သမိုင်းဘာသာရပ်) |
| ၄။ | ၁၇:၃၀ | ပရိသတ်အတွက် သီချင်းလက်ဆောင် |
| ၅။ | ၂၁:၂၀ | Knowledge Note |

# နှစ်ဦးအလှူ ဗုဒ္ဓါဘိသေက အနေကဇာတင် ပရိတ်တရားတော်နာနှင့် ပစ္စည်းလေးပါးလှူဒါန်းပွဲကျင်းပ



ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ နှစ်ဦးအလှူဗုဒ္ဓါဘိသေက အနေကဇာတင် ပရိတ်တရားတော်နာနှင့် ပစ္စည်းလေးပါးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် မင်းရဲကျော်စွာလမ်း UMFCCI (၈)လွှာရှိ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းရုံးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ကြီး၏ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ သ. စ. အ ဓမ္မာစရိယ ပထမကျော် ဒေါက်တာစန္ဒိမာဘိဝံသနှင့် ဆရာတော်ကြီးများက ဗုဒ္ဓဆင်းတုတော်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာကျင်းပသည်။

ဆက်လက်၍ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ကြီး၏ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ သ. စ. အ ဓမ္မာစရိယ ပထမကျော် ဒေါက်တာစန္ဒိမာဘိဝံသထံမှ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ဝန်ထမ်းများနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးမောင်မောင်ဇော်က မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ လုပ်ငန်းစဉ်များနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်နေမှုတို့အား လျှောက်ထားတော်မူပြီး ဆရာတော်ကြီးအား ဆေးပဒေသာပင် နဝကမ္မလှူဖွယ်ဝတ္ထုငွေကျပ် ၁၀၈ သိန်းနှင့် လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဆန်စိမ်းတော်များအား ဆက်ကပ်ခြင်း၊ ပင့်သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုနှင့် လှူဖွယ်ပစ္စည်း၊ ဆွမ်းဆန်စိမ်းတော်များအား မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ဆရာတော်ဒေါက်တာစန္ဒိမာဘိဝံသထံမှ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနှင့် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ တရားတော်များနာယူကြကြောင်း သိရသည်။

ကျော်ဆန်းမြင့်

# နိုင်ငံ့အကျိုးပြု ဆိုလာနှင့် အသေးစားလေအားလျှပ်စစ် သုတေသနလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနရှိ ပြန်ပြည့်မြဲစွမ်းအင်နှင့် အီလက်ထရောနစ်နည်းပညာသုတေသနဗဟိုဌာနရှိ ဆိုလာနှင့်အသေးစားလေအားလျှပ်စစ်သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ရလဒ်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ရှိ ပေါကြွယ်ဝသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ်များကို “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” အမျိုးသားရေးဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်သာယာပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုး-မွေးမြူရေးကုန်ကြမ်းအခြေပြု Agro-based Industries နှင့် MSME များတွင် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရန်အတွက် တီထွင်ဆန်းသစ်နည်းပညာသုတေသနလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန်၊ သုတေသနရလဒ်များကို ဆက်စပ်ဌာနများ၊ MSME များတွင် အမှန်တကယ်အကျိုးရှိစွာသုံးစွဲနိုင်ရေးဆက်လက်ဖြန့်ဝေလွှဲပြောင်းသွားရန်တိုက်တွန်းမှာကြားသည်။




ယင်းနောက် ဒုတိယဝန်ကြီးသည် Wind Tunnel မှ ရရှိသော လေအားအရင်းအမြစ်ဖြင့် ဒေါင်လိုက်ဝင်ရိုး (Vertical Axis) ကြောင်လိမ်လှေကားပုံစံ (Helical Design) တာဘိုင်အပါအဝင် အသေးစားလေအားလျှပ်စစ်သုတေသနလုပ်ငန်းများ စမ်းသပ်ဆောင်ရွက်နေမှုနှင့် ရလဒ်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း-(၂၀၂၂)ဖြင့် ပူးပေါင်းဆောင်ရွက်ထားသော နေရောင်ခြည်စွမ်းအင်ပြခန်းစင်တာသို့ရောက်ရှိ၍ စင်တာအတွင်းပြသထားသော ဆိုလာပြားနှင့် ဆိုလာစနစ်အမျိုးမျိုး၊ ဆိုလာ EV Charging Station၊ Smart City စနစ်အပါအဝင် ပြကွက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နည်းပညာဆိုင်ရာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စင်တာအပြင်ဘက်၌ ဆိုလာရေတင်စနစ်၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်နှင့်သုတေသနပူးပေါင်းဆောင်ရွက်နေသော MSME ဖွံ့ဖြိုးရေး တစ်တပ်တစ်အား အထောက်အကူပြုနိုင်ရေး သီးနှံများကို ဆိုလာစွမ်းအင်ဖြင့် တစ်ပိုင်တစ်နိုင်အခြောက်လှန်းနိုင်သော တန်ဖိုးနည်း Portable Solar Dryer သုတေသနလုပ်ငန်းရလဒ်များကို ကြည့်ရှုစစ်ဆေးကာ နည်းပညာဆိုင်ရာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားခဲ့ကြောင်းသိရသည်။ **မြဝတီ**

## မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၁.၃°C |
| လွိုင်လင် | ၃.၅°C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၄.၄°C |
| သီပေါ | ၄.၅°C |
| ဟဲဟိုး | ၄.၅°C |
| လားရှိုး | ၅.၂°C |
| တီးတိန် | ၅.၃°C |
| ပင်လောင်း | ၅.၅°C |
| ပြင်ဦးလွင် | ၆.၈°C |
| ပူတာအို | ၇.၄°C |
| တောင်ကြီး | ၇.၈°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၉ | ၂၆ |
| ရှမ်း(မြောက်) | ၅ | ၂၇ |
| ရှမ်း(အရှေ့) | ၁၀ | ၂၇ |
| ရှမ်း(တောင်) | ၆ | ၂၄ |
| ချင်း | ၃ | ၂၁ |
| စစ်ကိုင်း(အထက်) | ၁၁ | ၂၈ |
| စစ်ကိုင်း(အောက်) | ၁၄ | ၃၁ |
| နေပြည်တော် | ၁၄ | ၃၁ |
| မန္တလေး | ၁၄ | ၃၁ |
| မကွေး | ၁၄ | ၃၁ |
| ရခိုင် | ၁၃ | ၂၉ |
| ပဲခူး | ၁၄ | ၃၂ |
| ရန်ကုန် | ၁၆ | ၃၂ |
| ဧရာဝတီ | ၁၆ | ၃၂ |
| ကယား | ၉ | ၂၇ |
| ကရင် | ၁၆ | ၃၄ |
| မွန် | ၁၈ | ၃၃ |
| တနင်္သာရီ | ၂၀ | ၃၃ |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၁၈-၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ၁၉၈၀-၁၉၈၁ ဘောလုံးရာသီနောက်ပိုင်း အိမ်ကွင်း၌ တန်းတက်အသင်းများအား အနိုင်မရရှိသည့်မှတ်တမ်းဆိုးတစ်ရပ်ကို လီဗာပူးအသင်းပြန်လည်ရရှိ



လန်ဒန် ဇန်နဝါရီ ၁၈

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၂) အဖြစ် ကစားသည့် လီဗာပူးအသင်းနှင့် ဘန်လေအသင်းတို့ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ပြီးနောက် လီဗာပူးအသင်းသည် ၁၉၈၀-၁၉၈၁ ဘောလုံးရာသီနောက်ပိုင်း အိမ်ကွင်း အန်ဖီးလ်အားကစားကွင်း၌ တန်းတက်အသင်းများအား အနိုင်မရရှိသည့်မှတ်တမ်းဆိုးတစ်ရပ်ကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းက အိမ်ကွင်း၌ ဘန်လေအသင်းကို ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၃၂ မိနစ်တွင် ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာ ဆိုဘော့ဆလိုင် ဂိုးဝင်အောင်ကန်သွင်းနိုင်ခြင်းမရှိသည့်အတွက် နှစ်နာခဲ့ရသည်။ ပွဲချိန် ၄၂ မိနစ်တွင် ဖလိုရီယန်ဝက်ဇ်က လီဗာပူးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ပွဲချိန် ၆၅ မိနစ်တွင် မားကပ်အက်ဝက်က ဘန်လေအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ယခုဘောလုံးရာသီ အိမ်ကွင်း၌ တန်းတက်အသင်းများဖြစ်သည့် ဆန်းဒါးလန်းအသင်းနှင့်ကစားသည့်ပွဲစဉ်တွင် တစ်ဂိုးစီသရေ၊ လိဒ်ယူနိုက်တက်အသင်းနှင့်ကစားသည့်ပွဲစဉ်တွင် ဂိုးမရှိသရေ၊ ယခု ဘန်လေအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး အသင်းသမိုင်းတစ်လျှောက် နှစ်ပေါင်း ၄၅ နှစ်အတွင်း တန်းတက်အသင်းများအား အိမ်ကွင်း၌ အနိုင်မရရှိသည့်မှတ်တမ်းဆိုးတစ်ရပ်ကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် လီဗာပူးအသင်းသည် ယခုဘောလုံးရာသီတွင် အီဆက်၊ အီကီတီကီ၊ ဖလိုရီယန်ဝက်ဇ် စသည့် ထိပ်တန်းကစားသမားများကို မြင့်မားသည့်ပြောင်းရွှေ့ကြေးများဖြင့် ခေါ်ယူခဲ့သော်လည်း အသင်းအနေဖြင့် ရလဒ်များမတည်မငြိမ်ဖြစ်နေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၂၂ ပွဲကစားပြီးချိန်တွင် ရမှတ် ၃၆ မှတ်ဖြင့် အဆင့်(၄)နေရာ၌ရပ်တည်နေသော်လည်း အဆင့်(၅)နေရာမှ မန်ယူအသင်းက တစ်မှတ်အကွာ၊ အဆင့်(၆)နေရာမှ ချယ်လ်ဆီးအသင်းက နှစ်မှတ်အကွာဖြင့် ဖိအားပေးခြင်းခံနေရကြောင်း သိရသည်။

Ref;Livescore

# ၂၀၂၅ အာဖရိကဖလားပြိုင်ပွဲတွင် အီဂျစ်အသင်းကိုအနိုင်ရရှိပြီး နိုင်ဂျီးရီးယားအသင်း တတိယဆုဆွတ်ခူး

ရာဘတ် ဇန်နဝါရီ ၁၈

မော်ရိုကိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော ၂၀၂၅ အာဖရိကဖလားပြိုင်ပွဲ တတိယလုပွဲအဖြစ်ကစားသည့် အီဂျစ်အသင်းနှင့်နိုင်ဂျီးရီးယားအသင်းတို့ပွဲစဉ်တွင် နိုင်ဂျီးရီးယားအသင်းက ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး တတိယဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

နိုင်ဂျီးရီးယားအသင်းသည် ၂၀၂၅ အာဖရိကဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် မော်ရိုကိုအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်သည့်အတွက် ဗိုလ်လုပွဲနှင့်လွဲချော်ခဲ့ပြီး တတိယလုပွဲသာကစားရခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားအသင်းနှင့် အီဂျစ်အသင်းတို့ပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဖွင့်ကစားမှုများဖြင့် ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ပွဲချိန် မိနစ် ၉၀ နှင့် အချိန်ပို မိနစ် ၃၀ တို့တွင် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပယ်နယ်တီအဆုံးအဖြတ်ကန်သွင်းရာ အီဂျစ်အသင်းက နှစ်ကြိမ်လွဲချော်ခဲ့သောကြောင့် နိုင်ဂျီးရီးယားအသင်းက ၄ ဂိုး - ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲအဖြစ် ဇန်နဝါရီလ ၁၉ ရက်တွင် အိမ်ရှင်မော်ရိုကို အသင်းနှင့်ဆီနီဂေါ အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref;Fotmob

# ၂၀၂၅ ခုနှစ်အတွက် 433 Awards ဆုကို ဘာစီလိုနာအသင်းတိုက်စစ်ကစားသမား ရာဖင်ဟာ ဆွတ်ခူးရရှိ

ဘာစီလိုနာ ဇန်နဝါရီ ၁၈

ကမ္ဘာ့ထိပ်တန်းအားကစားသတင်းဝက်ဘ်ဆိုက်ဖြစ်သည့် 433 Football မှ စိစစ်ရွေးချယ်ပေးအပ်သော ၂၀၂၅ ခုနှစ်အတွက် 433 Awards ဆုကို အမ်ဘာပီအားကျော်ဖြတ်ပြီး ဘာစီလိုနာအသင်းတိုက်စစ်ကစားသမား ရာဖင်ဟာ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

433 Football က 433 Awards ဆုကို ဆန်ခါတင်ကစားသမားရွေးချယ်ပြီး ပြိုင်ပွဲတစ်ခုသဖွယ်ဖြင့် ၁၆ ဦးအဆင့်မှစတင်ကာ ပရိသတ်များထံမှ ဆန္ဒမဲကောက်ခံ၍ စိစစ်ရွေးချယ်ပေးအပ်ခြင်းဖြစ်သည်။

ရာဖင်ဟာသည် ၁၆ ဦးအဆင့်တွင် ပီအက်စ်ဂျီအသင်းမှ ဗီတင်ဟာကိုလည်းကောင်း၊ ကွာတားဖိုင်နယ်အဆင့်တွင် မန်စီးတီးအသင်းမှ ဟာလန်းကိုလည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့်တွင် အသင်းဖော် ပက်ဒရီကိုလည်းကောင်း အသီးသီးကျော်ဖြတ်ပြီး ဗိုလ်လုပွဲအဆင့်တွင်လည်း ရီးယဲလ်မက်ဒရစ်အသင်းမှ အမ်ဘာပီကို ကျော်ဖြတ်ကာ ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ရာဖင်ဟာသည် ၂၀၂၅ ခုနှစ်အတွင်း ဘာစီလိုနာအသင်းနှင့်အတူ ထိပ်တန်းအဆင့်ခြေစွမ်းပြနိုင်ခဲ့သော်လည်း Ballon d'Or ဆု၊ ဖီဖာတစ်နှစ်တာအကောင်းဆုံးကစားသမားဆု၊ ဥရောပတစ်နှစ်တာအကောင်းဆုံးအမျိုးသားကစားသမားဆု၊ Globe Soccer Award ဆုတို့နှင့်လွဲချော်ခဲ့ပြီး 433 Awards ဆုသာ ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

အလားတူ 433 Awards အမျိုးသမီးအကောင်းဆုံးကစားသမားဆုကို ဘာစီလိုနာအသင်းမှ ပူတဲလက်စ်အားကျော်ဖြတ်ပြီး လိုင်ယွန်အသင်းမှ ဒူမိုနေက ဆွတ်ခူးရရှိကြောင်း သိရသည်။

Ref;433Football.com



# နယ်သာလန်အသင်းလက်ထောက်နည်းပြအဖြစ် နည်းပြ ဗန်နစ္စတယ်ရွိုင်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ တာဝန်ယူမည်

အမ်စတာဒမ် ဇန်နဝါရီ ၁၈

နယ်သာလန်အသင်းနှင့် မန်ယူအသင်းကစားသမားဟောင်း နည်းပြဗန်နစ္စတယ်ရွိုင်းသည် နယ်သာလန်အသင်း၌ နည်းပြ ကိုးလ်မန်း၏လက်အောက်တွင် လက်ထောက်နည်းပြအဖြစ် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

အသက် ၄၉ နှစ်အရွယ် နည်းပြ ဗန်နစ္စတယ်ရွိုင်းသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် မန်ယူအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းတို့၌ ကာလရှည်ကစားခဲ့ပြီး ဆုဖလားများစွာဆွတ်ခူးရရှိကာ မန်ယူအသင်း၏ ဂန္ထဝင်ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

နည်းပြ ဗန်နစ္စတယ်ရွိုင်းသည် ၂၀၁၂ ခုနှစ်က စပိန်ကလပ် မာလာဂါအသင်း၌ နောက်ဆုံးကစားခဲ့ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူပြီးနောက် ၂၀၁၈ ခုနှစ်က ပီအက်စ်ဗီလူငယ်အသင်းနှင့်အတူ နည်းပြဘဝကို စတင်ခဲ့သူဖြစ်သည်။

နည်းပြ ဗန်နစ္စတယ်ရွိုင်းသည် ပီအက်စ်ဗီလူငယ်အသင်းကို ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ တာဝန်ယူခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်က ပီအက်စ်ဗီအသင်းကြီး ကို တာဝန်ယူကိုင်တွယ်ခဲ့သော်လည်း တစ်ရာသီသာ တာဝန်ယူကိုင်တွယ်ပြီး လမ်းခွဲကာ ၂၀၂၄ ခုနှစ်က မန်ယူအသင်းလက်ထောက်နည်းပြအဖြစ် ဇူလိုင်လမှ အောက်တိုဘာလအထိတာဝန်ယူခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် လက်စတာအသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရသည်။

သို့သော် နည်းပြဗန်နစ္စတယ်ရွိုင်းသည် လက်စတာအသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိသည့်အတွက် ၂၀၂၅ ခုနှစ် ဇွန်လက ရာထူးမှ ထုတ်ပယ်ခံရပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ယခုအခါ နယ်သာလန်အသင်း၌ လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

Ref;One Football

# တရားမဝင်သစ်မျိုးစုံ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၁၀ ရက်**တွင် လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၅ ဒသမ ၂၀၂)တန်၊ အခြားသစ် (၈ ဒသမ ၉၉၈)တန်၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၅၂၉၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၁၀ ရက်**တွင် မြိတ်မြို့နယ် အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁) စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၁၀ ရက်နှင့် ၁၁ ရက်**တို့တွင် ကျောက်တံခါးမြို့နယ်နှင့် တောင်ငူမြို့နယ် တို့အတွင်း၌ တရားမဝင် သစ်မာ (၁ ဒသမ ၆၉၃)တန်၊ အခြားသစ်(၁ ဒသမ ၄၁၈)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၉၆၆၀၃၂)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေ နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ သည်။

အလားတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၁၂ ရက်**တွင် ချောင်းဆုံမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၇ ရက်နှင့် ၈ ရက်**တို့တွင် လှိုင်မြို့နယ်နှင့် သာကေတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၇ ရက်နှင့် ၁၁ ရက်**တို့တွင် ငပုတော မြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် (၁ ဒသမ ၄၁၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၂၄၈)ကို သစ်တောဥပဒေအရလည်း ကောင်း၊ မြောင်းမြမြို့နယ်နှင့်မအူပင်မြို့နယ် တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀) ကိုပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၁၇၄၀၂၄၈)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိ သည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ ရာ **ဇန်နဝါရီလ ၁၂ ရက်**တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော် ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Harrier (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်(၁)ဦး၏ ဝန်စည် အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီးအကောက် ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲ ဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ်၊ **ဇန်နဝါရီလ ၇ ရက်၊ ၈ ရက်၊ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၅၈၁၅၇၆)** ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ လ ၁၂ ရက်တွင် တပ်ကုန်းမြို့နယ်နှင့် ဥတ္တရ သီရိမြို့နယ်တို့အတွင်း၌ တရားမဝင်အခြား သစ်(၂ ဒသမ ၅၁၂)တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၉၈၂၄)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီလ ၁၃ ရက်တွင် စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ် နှင့် မုံရွာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၄)စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီလ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် တောင်ငူမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ(သုည ဒသမ ၄၅၀)တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၂၁၉၂)ကို သစ်တောဥပဒေ အရလည်းကောင်း၊ သာယာဝတီမြို့နယ် နှင့် လက်ပံတန်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂)စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၀၀၀၀၀)ကို ပို့ကုန်သွင်း ကုန်ဥပဒေအရလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၂၁၉၂) ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိ သည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန ၏စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက် ခဲ့ရာ ဇန်နဝါရီလ ၁၃ ရက်တွင်အေးရှားဝေါလ် ဆိပ်ကမ်း၌ ကုန်သေတ္တာ(၃)လုံးအတွင်း မှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၂၅၆၀၀၀) ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၁)ဦး၏ဝန်စည်အတွင်းမှ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၁၀၀၀၀၀၀)ကိုလည်း ကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၂၅၆၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက် ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှု တွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၁၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၇၇၈၀၁၆)ကို ဖမ်းဆီးရမိခဲ့သည်။ ထို ကဲ့သို့ တရားမဝင်တင်သွင်းလာမှုများ ကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည် လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင် နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက် နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော် အတွက် ရသင့်ရထိုက်သည့်အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်း မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင် ကော်မတီမှ သတင်းရရှိသည်။ **မြဝတီ**



နေပြည်တော်ကောင်စီနယ်မြေ၌ ဖမ်းဆီးရမိမှု။



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၉၀ | ၂၄၀၅ | ၂၃၇၀ | ၂၃၀၅ | ၂၄၁၀ | ၂၄၂၅ | ၂၄၄၀ | ၂၃၆၀ | ၄၅၀၅ | ၂၆၅၅ | ၂၃၈၀ | ၂၅၇၅ | ၂၄၅၀ | ၂၄၁၅ | ၂၄၃၅ | ၂၆၉၅ |
| 95 Ron | ၂၃၃၅ | ၂၅၅၀ | ၂၅၁၅ | ၂၃၅၀ | ၂၅၅၅ | ၂၅၇၀ | ၂၅၈၅ | ၂၅၀၅ | ၄၅၆၀ | ၂၇၀၀ | ၂၄၂၀ | ၂၆၁၀ | ၂၅၉၅ | ၂၄၆၀ | ၂၅၈၀ | ၂၇၃၅ |
| HSD (500 ppm) | ၂၁၆၅ | ၂၂၈၀ | ၂၂၄၅ | ၂၁၈၀ | ၂၂၈၅ | ၂၃၀၀ | ၂၃၁၅ | ၂၂၃၅ | - | ၂၅၃၀ | ၂၂၅၅ | ၂၇၈၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၁၀ | ၂၅၇၀ |
| HSD (50 ppm) | ၂၅၁၀ | ၂၆၂၅ | ၂၅၉၀ | ၂၅၂၅ | ၂၆၃၀ | ၂၆၄၅ | ၂၆၆၀ | ၂၅၈၀ | ၄၈၃၀ | ၂၈၇၅ | ၂၆၀၀ | ၂၇၉၀ | ၂၆၇၀ | ၂၆၃၅ | ၂၆၅၅ | ၂၉၁၅ |
| HSD (10 ppm) | ၂၅၁၀ | ၂၆၂၅ | ၂၅၉၀ | ၂၅၂၅ | ၂၆၃၀ | ၂၆၄၅ | ၂၆၆၀ | ၂၅၈၀ | - | ၂၈၇၅ | ၂၆၀၀ | ၂၇၉၀ | ၂၆၇၀ | ၂၆၃၅ | ၂၆၅၅ | ၂၉၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၁ | ၂၂၁၇ |
| 95 Ron | ၂၁၈၃ | ၂၂၆၀ |
| HSD (500 ppm) | ၂၀၂၃ | ၂၀၉၃ |
| HSD (50 ppm) | ၂၃၅၃ | ၂၄၃၀ |
| HSD (10 ppm) | ၂၃၅၃ | ၂၄၃၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE




OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar




ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ MSME လုပ်ငန်းများ၏ရည်ရွယ်ချက်မှာ ပြည်ပသွင်းကုန်အစားထိုးရန်၊ နိုင်ငံ့စီးပွားရေးကိုအားပေးရန်၊ အရည်အသွေးပြည့်မီသည့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ပြည်ပကိုတင်ပို့က နိုင်ငံခြားငွေရှာဖွေနိုင်ရန်ဖြစ် . . .

(ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅)တွင် ပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၇ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ( ခ )နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ်/ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဦးရားဝမ်ဂျူ | ၁/ပတအ(နိုင်)၀၁၇၃၅၄ | မချမ်းဘောမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

**စာမျက်နှာ ၃ ကော်လံ ၁ ❍**

## ဒဂုံပေါ့အသင်းနှင့် မဟာယူနိုက်တက်အသင်း တစ်ဖက်လေးဂိုးစီသွင်းယူပြီး ရမှတ်တစ်မှတ်စီခွဲယူ



ရန်ကုန် ဇန်နဝါရီ ၁၈

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၃) ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ဒဂုံပေါ့အသင်းနှင့်မဟာယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ **စာမျက်နှာ ၈ ကော်လံ ၃ ❑**

## ဂမ်ဘီယာနိုင်ငံနှင့်မြန်မာနိုင်ငံတို့၏အမှုနှင့်ပတ်သက်ပြီး ကြားနာပွဲနှင့်စပ်လျဉ်း၍ အငြိမ်းစားသံအမတ်ကြီး ဦးဝင်းလွင်နှင့်မြန်မာ့သမိုင်းအဖွဲ့ဝင် ဒေါက်တာမြင့်သိန်း တို့၏ ပြောကြားချက်များ

စာ - ၉ သို့

### တနင်္ဂနွေနေ့ဘောလုံးပွဲရလဒ်များ

**အင်္ဂလန်ပရီးမီးယားလိဂ်**

| | | | | |
|---|---|---|---|---|
| ဝုလ်ဗ် | ၀ | - | ၀ | နယူးကာဆယ် |
| နော်တင်ဟမ် | ၀ | - | ၀ | အာဆင်နယ် |
| ဗီလာ | ၀ | - | ၁ | အဲဗာတန် |

## မြန်မာနိုင်ငံက တီမောလက်စ်တေ၏ အာဆီယံပဋိညာဉ်နှင့် ဆန့်ကျင်သည့်လုပ်ရပ်အား ကန့်ကွက်ရှုတ်ချ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနသည် တီမောလက်စ်တေသမ္မတ မစ္စတာ ဟိုဆေး ရာမို့စ် ဟော်တာက ချင်းလူ့အခွင့်အရေးအဖွဲ့ (Chin Human Rights Organization) အား ၁၄-၁-၂၀၂၆ ရက်တွင် လက်ခံတွေ့ဆုံ၍ ဒေသတွင်းတရားမျှတမှုနှင့် တာဝန်ခံမှုရှိရေးဆွေးနွေးခဲ့သည့် သတင်းအား တီမောလက်စ်တေသမ္မတရုံး၏ website တွင် တရားဝင်ထုတ်ပြန်ထားခြင်းကို စိတ်မကောင်းဖွယ်တွေ့ရှိခဲ့သည်။

တီမောလက်စ်တေအနေဖြင့် ဒီလီမြို့တွင် ၁-၇-၂၀၂၃ ရက်၌ ကျင်းပခဲ့သော အစိုးရအဖွဲ့ကျမ်းသစ္စာကျိန်ဆိုသည့်အခမ်းအနားသို့ မြန်မာအစိုးရက မတရားအသင်းကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်း "NUG" မှ ဇင်မာအောင်နှင့်အဖွဲ့အား ဖိတ်ကြားခဲ့ပြီး သမ္မတ မစ္စတာ ဟိုဆေး ရာမို့စ် ဟော်တာ က လက်ခံတွေ့ဆုံခဲ့သည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ ◆**

## Myanmar Fight မျိုးဆက်သစ် လက်ဝှေ့ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG) တို့ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်က အဓိကပံ့ပိုးကူညီကာ Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများကို ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားရုံ၌ ကျင်းပသည်။



**စာမျက်နှာ ၈ ကော်လံ ၁ ➢**